စိန်စိန်ဦးစာအုပ်တိုက်

ကံချွန်

# ကြားဖူးနားဝ ဟာသပုံပြင်များ

၁



## ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| **ပြည်ထောင်စုမပြိုကွဲရေး** | **. . . . .** | **ဒို့အရေး** |
| **တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး** | **. . . . .** | **ဒို့အရေး** |
| **အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး** | **. . . . .** | **ဒို့အရေး** |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား **ဆန့်ကျင်ကြ။**
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား **ဆန့်ကျင်ကြ။**
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား **ဆန့်ကျင်ကြ။**
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် **သတ်မှတ်ချေမှုန်းကြ။**

# ကံချွန်

## ကြားဖူးနားဝဟာသပုံပြင်များ (၁)

စာအုပ်စာနယ်ဇင်း
ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
**၃၇/၉၉ (၉)**
စာအုပ်စာတမ်းမျက်နှာဖုံး
ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
**၂၇/၉၆၉ (၁၁)**

❑

မျက်နှာဖုံးသရုပ်ဖော်
**ဒီဇိုင်းပန်းချီ-ကိုကိုမြင့်**

❑

**စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာမှတ်တမ်း**
၂၀၀၀ ပြည့်နှစ်၊ ဇွန်လ
အုပ်ရေ (၅၀၀)၊ ဒုတိယအကြိမ်
တန်ဖိုး- ၂၅၀ ကျပ်

❑

ထုတ်ဝေသူ
ဦးမောင်ဟန်၊ (၀၈၇၆)ကမ္ဘာလုံးစာပေ
၂၅၉ နဝဒေးလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံ၊ ရန်ကုန်။

❑

အတွင်းပုံနှိပ်သူ
ဒေါ်ရွှေ၊ သုခပုံနှိပ်တိုက်(၀၂၀၇၉)
၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်မြို့။

❑

စာအုပ်ချုပ်-ကိုမြင့်
ကွန်ပျူတာစာစီ-မြ
အာတွင်းဖလင်-ဇင်ဦးနှင့်ညီများ

# မာတိကာ


| | | |
|---|---|---|
| စာရေးသူအမှာ | | |
| ၁။ အမျိုးသားမှတ်ပုံတင် | ... | ၃ |
| ၂။ ပြန်ရေကြည့်မှ သိမှာပါ | ... | ၄ |
| ၃။ လူလေးရယ် ဘ အလကား လုပ်ပါ့မလား | ... | ၉ |
| ၄။ ငါ့တူ မနာစေရပါဘူး | ... | ၁၃ |
| ၅။ နားငြီးလွန်းလို့ | ... | ၁၄ |
| ၆။ အကြွေးဆိုင် ထင်လို့ပါ | ... | ၁၈ |
| ၇။ သည်းမခံနိုင်သူ | ... | ၂၃ |
| ၈။ တူလိုက်ပုံက | ... | ၂၇ |
| ၉။ အသက်ရှည်လိုသော် | ... | ၃၁ |
| ၁၀။ ပြက္ခဒိန် | ... | ၃၂ |
| ၁၁။ မြှောက်ပင့်တတ်သူ | ... | ၃၇ |
| ၁၂။ အဖြေကောင်း | ... | ၄၁ |
| ၁၃။ ကြိုတင်သတိပေးခြင်း | ... | ၄၂ |
| ၁၄။ ရော့–အင့်–ယူ | ... | ၄၇ |
| ၁၅။ ဒါဖြင့် မပူပါနဲ့ | ... | ၅၁ |
| ၁၆။ ရန်ပုံငွေ | ... | ၅၅ |
| ၁၇။ ကြောက်လွန်းလို့ | ... | ၅၆ |
| ၁၈။ တိကျသူ | ... | ၆၁ |
| ၁၉။ သက်သေခံပစ္စည်း | ... | ၆၉ |
| ၂၀။ လူ့အလိုနတ်မလိုက်နိုင် | ... | ၇၃ |
| ၂၁။ သေရဲပါတယ် ခင်ရယ် | ... | ၇၆ |
| ၂၂။ တို့အချစ်က ပိုပါတယ် | ... | ၈၁ |
| ၂၃။ တစ်ဝက်ပဲယုံ | ... | ၈၃ |
| ၂၄။ အကြံပိုင်ပါပေ့ | ... | ၈၇ |
| ၂၅။ အကောင်းဆုံး ဘောလုံးသမား | ... | ၉၁ |
| ၂၆။ နောင်ရေး တွေးမိလို့ပါ | ... | ၉၂ |
| ၂၇။ စေတနာတွေပိုတယ် | ... | ၉၇ |

၂၈။ ဖြစ်မှ ဖြစ်ရလေ ... ၉၈
၂၉။ မသိလို့ပါ ... ၁၀၃
၃၀။ ငါ ရောင်းထားတာတွေ ... ၁၀၄
၃၁။ ထန်းပင်ပဲ ကျန်တော့တယ် ... ၁၀၈
၃၂။ နှစ် တစ် ပါ ခင်ဗျား ... ၁၁၃
၃၃။ သူ့အလှည့် ကိုယ့်အလှည့် ... ၁၁၄
၃၄။ တတ်နိုင်သလောက် ကူညီပါ ... ၁၂၀
၃၅။ လက်ခံထားသူအား ကျေးဇူးတင်ပါသည် ... ၁၂၅
၃၆။ နှစ်ကြီးသမား ... ၁၂၉
၃၇။ မရယ်နိုင်သူ ... ၁၃၀
၃၈။ ကလဲ့စား ... ၁၃၅
၃၉။ အဖမ်းခံရတဲ့အစောင့် ... ၁၃၉
၄၀။ လျှို့ဝှက်ချက် ... ၁၄၃
၄၁။ လက်တစ်ဆုပ် ... ၁၄၄
၄၂။ ငိုခ တစ်ဆယ် ... ၁၄၆
၄၃။ မေ့တတ်သူ ... ၁၅၁
၄၄။ ခုတော့ ဘာမှ မဖြစ်သေးပါဘူး ... ၁၅၂
၄၅။ ထင်ချင်စရာ ... ၁၅၇
၄၆။ ရေနစ်တဲ့ဖျံ ... ၁၅၈
၄၇။ ဘဲ...ဟဲ...အဲ ... ၁၆၇
၄၈။ ဒါကြောင့် တစ် ... ၁၆၈
၄၉။ သူတို့ ခိုးတာက ... ၁၇၂
၅၀။ အတုမို့ပါ ... ၁၇၇
၅၁။ ခြောက်လအာမခံ ... ၁၈၁
၅၂။ အရင်နဲ့မတူဘဲကိုး ... ၁၈၂
၅၃။ ပိန်တော့ ပိန်သွားတယ် ... ၁၈၇
၅၄။ ဘာတွေများ သုံးပါလိမ့် ... ၁၉၁
၅၅။ အိပ်ဆေး ... ၁၉၂
၅၆။ သား သိသွားပြီ ... ၁၉၇
၅၇။ တကယ်ပျောက်ဆေး ... ၁၉၈




## စာရေးသူအမှာ

ယခု ကျွန်တော် ပြန်လည်ရေးသားလိုက်သော 'ကြားဖူးနားဝ' ဟာသပုံပြင်များမှာ–

၁။ စာပေဟောပြောပွဲများတွင် စာရေးဆရာကြီးများ အလျဉ်းသင့်သလိုဟောပြောရင်းပြောခဲ့သောပုံပြင်များ

၂။ မိတ်ဆွေ အပေါင်းအသင်းများ ပြောပြသော ဟာသ ပုံပြင်များ

၃။ မိတ်ဆွေအချို့၏ တကယ့် ဟာသဖြစ်ရပ်ကို ပုံပြင် ကဲ့သို့ ပြန်လည်ရေးသားထားခြင်းများ

၄။ ကျွန်တော်ဖတ်ဖူးသော နိုင်ငံခြားပုံပြင်အတိုလေးများကို (စာနှစ်ကြောင်း သုံးကြောင့်သာ ရှိသည်) ပုံပြင်တစ်ပုဒ်အဖြစ် ပြန်လည်ရေးသားထားခြင်းမျိုး ပါဝင်ပါသည်။

ဤပုံပြင်များထဲမှ အချို့သည် 'ဟိုး ရှေးရှေးတုန်းက' 'တစ်ခါ' 'ဟိုတုန်းက' စသစည့် ပုံပြင်အစ အစကားကို ဖြုတ်လိုက်ပါက ဝတ္ထုတိုတစ်ပုဒ်ကဲ့သို့ ခံစား၍ရနိုင်သော ပုံပြင်များလည်း ပါပါသည်။ ဟာသပုံပြင်များဟု ဆိုထားသော်လည်း အချို့ပုံပြင်များမှာ ရယ်စရာ၊ အချို့မှာပြုံးစရာ၊ အချို့မှာသဘောကျစရာအမျိုးအစားကွဲပြားနေပါလိမ့်မည်။

ကလေးပဲ ဖတ်ဖတ်၊ လူကြီးပဲ ဖတ်ဖတ်၊ ခံစားရရှိနိုင်ရန် ကြိုးစား ရေးသားထားပါသည်။

'ဟာသ'မှာ ဖတ်ကောင်းရန် အဖွဲ့အနွဲ့ကို အားပြု၍ လိုအပ်သည်ထက် ပိုရေးဖွဲ့ပါက မရယ်ရဘဲ ဖြစ်သွားနိုင်သောကြောင့် ပုံပြင်တို့မှာ လိုရင်းကိုသာ ရေးသည်ထက် 'တို' သွားသည်များ ပါပါသည်။

ပုံပြင်တိုတိုများ ပါသည့်အတွက် အပိုဒ်ရေအတွက် များများဖတ်ရသောကြောင့် စာဖတ်သူတို့အတွက် ပို၍ ကျေနပ်မှု ရှိလိမ့်မည်ဟု မျှော်လင့်ပါသည်။

ယခု ပုံပြင်များကို မည်သူတွေက မည်သည့်ပုံပြင် ပြောခဲ့သည်ဟု မဖော်ပြနိုင်သည်ကို တောင်းပန်ပါသည်။ နားထောင်ခဲ့စဉ်က တစ်ချိန်မှာ ယခုကဲ့သို့ ပြန်လည်ရေးသားဖြစ်လိမ့်မည်ဟု မထင်မှတ်ခဲ့သောကြောင့် ဖြစ်ပါသည်။

ပုံပြင်ပြောခဲ့သူများ<br>
စာဖတ်သူများ<br>
ထုတ်ဝေသူများ အားလုံးကို<br>
ကျေးဇူးတင်ပါသည်။

**ကံချွန်**

**၁၉-၁၁-၁၉၉၂**

# ကြားဖူးနားဝ ဟာသပုံပြင်များ


အမျိုးသား
မှတ်ပုံတင်

# အမျိုးသားမှတ်ပုံတင်

တစ်ခါတုန်းက အလုပ်သမား လျှောက်လာ မှတ်ပုံတင်တဲ့ ဌာနတစ်ခုမှာ မပူတူးဆိုတဲ့ အမျိုးသမီး တစ်ယောက် သုံးနှစ်အရွယ် သမီးနှင့်အတူ အလုပ်လုပ်ရန် မှတ်ပုံတင်ဖို့ ရုံးကို ရောက်လာခဲ့တယ်၊ မှတ်ပုံတင် လက်ခံတဲ့ စာရေးလေး စားပွဲမှာ လူများနေတော့ မပူတူးက မလှမ်းမကမ်းမှာ ရှိတဲ့ထိုင်ခုံမှာ သမီးနှင့်အတူ ထိုင်စောင့် နေတယ်၊ စာရေးလေး စားပွဲမှာ လူရှင်းတော့ မပူတူးက စာရေးလေး စားပွဲထံ ထလာခဲ့တယ်၊ စာရေးလေးက နာမည်ပြောလို့ မေးတော့ မပူတူးက မပူတူးပါလို့ ဖြေလိုက်တယ်၊ ပြီးတော့ စာရေးလေးက အမျိုးသားမှတ်ပုံတင် ပါလားလို့ မေးတော့ မပူတူးက ဟော့တော့ သူက မနေ့တုန်းကမှ ခရီးထွက်သွားတော့ ယူမထားလိုက်ရဘူးလို့ ဖြေပါတယ်။ ဒါနဲ့ စာရေးလေးက ထပ်မေးတယ်၊ မပူတူးရဲ့ အမျိုးသား မှတ်ပုံတင်ကို ပေးပါလို့ ပြောတယ်၊ မပူတူးကလည်း ဘာပြန်ပြောလဲ ဆိုတော့ စောစောက ပြောတဲ့ သူဆိုတာ ကျွန်မ

ယောက်ျားပါ၊ တကယ်ခရီး ထွက်သွားလို့ အိမ်စောင့်မရှိလို့ တောင်မှ သူနဲ့ရတဲ့ သမီးလေးကို ခေါ်လာခဲ့ရတယ်၊ ဟိုခုံမှာ ထိုင်နေတဲ့ကလေးမလေးပဲ၊ ဒီအချိန်မှာ စာရေးလေးက စိတ်ပျက်သော အမူအယာဖြင့် ကုလားထိုင် နောက်မှီကို မှီပြီး ခေါင်းကုတ်နေမိတယ်၊ ခဏနေတော့ ကုလားထိုင် နောက်မှီမှ ခွာပြီး ခါးကို ရှေ့စားပွဲသို့ ကုန်းခါမပူတူးကို ပြောလိုက်ပုံက 'ဒီမှာ မပူတူး ကျွန်တော် တောင်းနေတာက မပူတူး နာမည်ပါတဲ့ မှတ်ပုံတင်ကို ပြောတာ' ဒီတော့မှ မပူတူး ဖြေလိုက်ပုံက 'အော်ဒါလား ဆိုပြီး သူမ၏ ပိုက်ဆံအိတ်ထဲမှ သူမ၏ မှတ်ပုံတင်ကို ထုတ်ပေးလိုက်သတဲ့။

## ပြန်ရေ ကြည့်မှ သိမှာပါ

ဟိုရှေးရှေးတုန်းက ရွာတစ်ရွာမှာ ကိုပေတလူနှင့် ကိုမာ တောက်ဆိုတဲ့ သူငယ်ချင်း နှစ်ယောက် ရှိသတဲ့၊ သူတို့နှစ်ယောက် စလုံးဟာ အရက်ကို အလွန်ကြိုက်ကြတယ် ဆိုပဲ၊ အလုပ်ကလဲ အတူလုပ်ကြတာဆိုတော့ အမြဲတွဲ နေကြတာပေါ့၊ သွားအတူ၊ လာအတူ၊ စားအတူ သောက်အတူနေကြတယ်၊ သူတို့အလုပ်က အငြိမ့် လူရွှင်တော်တွေ ဖြစ်တယ်။

တစ်ရက်မှာတော့ သူတို့အငြိမ့် အဖွဲ့မှာ ကသာမြို့ကို သွား ကြတယ်၊ အငြိမ့်ကပြီး ပြန်ကြမယ့် ရက်ရောက်တော့ ပွဲငှားက သူတို့ကို အရက်ကြိုက်တတ်မှန်း သိတဲ့အတွက် အရက်ပုလင်းတွေ လက်ဆောင်ပေးလိုက်သတဲ့။


ပြန်ရေကြည်မှ
သိမှာပါ

သူတို့နှစ်ယောက်ဟာ အငြိမ့်ပစ္စည်းတွေ မော်တော်ပေါ်တင်ဖို့ စောင့်နေရင်း လက်ဆောင်ပေးလိုက်တဲ့ အရက်ပုလင်းကို ဖွင့်လို့ သောက်ကြသတဲ့။

တစ်ပုလင်းကုန် တစ်ပုလင်း ဖွင့်သောက်ရင်း အမူးလွန်လာတော့ စကားများပြီး ရန်ဖြစ်လိုက်ကြတာ၊ ခေါင်းပေါက် ထိပ်ကွဲတွေ ဖြစ်ကုန်တယ်ဆိုပဲ။

ပုလင်းတွေနဲ့ ကောက်ရိုက်ကြတာကိုး။

ဒီလိုနဲ့ သူတို့နှစ်ယောက်စလုံး ပတ်တီးစီး ဆေးထည့်လုပ်ပြီး ရဲစခန်း ရောက်ကုန်ကြရတယ်။ ရဲစခန်း ရောက်တော့ စာရေးကြီးက

'ကဲဖြစ်ပျက်ပုံကို ပြောပြစမ်းပါအုံး'

'ဒီလိုပါ သူနဲ့ကျွန်တော်နဲ့က သူငယ်ချင်းတွေပါ၊ အလုပ်အတူ လုပ်ပါတယ်၊ ကျွန်တော်တို့က အငြိမ့်လူရွှင်တော်တွေပါ'

'အဲဒါတွေ သိပြီးသားပါ၊ အမှုဖြစ်ပုံ အဓိက ပြောပြပါ'

'အမှုဖြစ်ပုံက ကျွန်တော်တို့ အငြိမ့်ကပြီးတော့ သောက်ဖို့ရာ အရက်သုံးပုလင်း လက်ဆောင်ရပါတယ်၊ တစ်ယောက် တစ်ပုလင်းစီ ခွဲယူပြီး၊ ပိုတဲ့ တစ်ပုလင်းကိုတော့ နှစ်ယောက်အတူ သောက်ကြပါတယ်၊ အဲဒီပုလင်း ကုန်တော့ ကျွန်တော်က တော်ပြီဆိုပြောတာကို သူကမဝသေးဘူး၊ သူ့ပုလင်း ဆက်ဖွင့်မယ် ဆိုပြီး ဖွင့်ပါတယ်၊ အဲဒီနောက် ပုလင်းကို သောက်ရင်းစားဖို့ရာ ကြာဇံကြော်မှာလိုက်တာ ကြာဇံကြော်တွေက ပိုနေတာနဲ့ ကျွန်တော့် ပုလင်းကို ဆက်ဖွင့်ပါတယ်၊ အဲဒါကုန်သွားတော့ လမ်းမှာသောက်ရအောင် နှစ်ပုလင်းဝယ်ကြပါတယ်။

'ကျွန်တော်တို့ နှစ်ပုလင်းဝယ်ပေမယ့် ရောင်းတဲ့လူက တစ်ပုလင်း လက်ဆောင်ပေးလို့ သူက လက်ဆောင်ပေးတဲ့ ပုလင်းကို ခုသောက်မယ် ဆိုပြီး သောက်ကြပါတယ်။ လက်ဆောင်ပုလင်း ကုန်တဲ့အထိ သူမမဝသေးဘူး ဆိုတာနဲ့ ကျွန်တော် ပုလင်းကို ဆက်ဖွင့်ဖို့ ပြောပါတယ်၊ ကျွန်တော်က သိပ်များနေပြီဆို ပြော တာနဲ့ သူ့ပုလင်းကို ဖွင့်ပါတယ်။ နောက်တော့ ညီမျှသွားအောင်ဆို ပြီး ကျွန်တော့်ပုလင်းကို ဆက်ဖွင့်ပါတယ်။ လမ်းမှာသောက်ရ အောင်တော့ ထပ်ဝယ်မယ်ဆိုပြီး ဝယ်ကြပါတယ်။ ဝယ်ထားတဲ့ ပုလင်းထဲက တစ်ပုလင်းကိုတော့ မော်တော်စောင့်ရင်း ဖွင့်လိုက် ပါတယ်။ အဲဒါကုန်တော့'

ရဲစာရေးကြီးမှာ စိတ်မရှည်တော့ဘဲ

'နေပါဦး ခင်ဗျားတို့ အရက်သောက် နေတာက မပြီးတော့ ဘူးလား'

'မပြီးသေးပါဘူး'

'ရန်က ဘယ်အချိန်မှာ ဖြစ်တာလဲ'

'အချိန်တော့ မမှတ်မိဘူး'

'ကဲ ဒါဖြင့် ပုလင်းဘယ်နှစ်လုံး ကုန်တော့ ဖြစ်တာလဲ၊

ကိုပေတလူနှင့် ကိုမာတောက်သည် စဉ်းစားလိုက်ပြီး ကိုမာ တောက်က–

'စာရေးကြီးခင်ဗျား အဲဒါကတော့ ကျွန်တော်တို့ ပုလင်းခွံ တွေရေကြည့်ရင် သိနိုင်ပါတယ်'

ဟု ဖြေလိုက်လေသတည်း။



# လူလေးရယ် ဘ အလကားလုပ်ပါ့မလား

တစ်ခါက ညှော့သည်နှစ်ယောက်ဟာ ကမ်းခြေ တည်းခိုခန်း တစ်ခုကို တည်းခိုဖို့ ရောက်လာကြတယ်၊ သူတို့ကို နေရာချထား ပေးတဲ့ အစောင့်အဘိုးကြီးက

'လူကလေးတို့ လိုအပ်တာရှိရင် ဘကိုပြောနော်၊ ဘာမှအား မနာနဲ့'

လို့ လာမှာသတဲ့၊ ညှော့သည်နှစ်ယောက်လဲ ဟုတ်ကဲ့ဆိုပြီး ရေချိုး၊ အနားယူ၊ တစ်ရေးတစ်မော အိပ်နဲ့ ညနေရောက်သွားပါ လေရော၊ ညနေရောက်တော့ သူတို့နှစ်ယောက်က အရက် သောက်ချင်လာတယ်၊ ညှော့သည်တွေ ဆိုတော့ ဘယ်သွားဝယ်လို့ ဝယ်ရမှန်း မသိဘူးပေါ့၊ ဒီတော့ တစ်ယောက်က

'အို အဘိုးကြီးကတော့ လိုအပ်တာရှိရင် ပြောပါလို့ မှာထားတယ်၊ သူ့ကို ပြောရအောင်လား'

လို့ တိုင်ပင်ပြီး အဘိုးကြီးကို ခေါ်ပြောသတဲ့

'ဘ ဘကို ပြောရမှာ အားတော့နာပါရဲ့'

'အားမနာပါနဲ့ မောင်ရယ်၊ ပြောမယ့်သာပြောပါ'

'ပြောရမယ် ဆိုရင်တော့ ကျွန်တော်တို့အရက်သောက်ချင်လို့ အဲဒါ ဘယ်မှာ ဝယ်ရင် ရမလဲ'

လို့ မေးသတဲ့ အဲဒီအခါ အဘိုးကြီးက–

'သောက်ချင်သပဆို ဝယ်လို့ရပ့ါ၊ အိမ် သိပ်မဝေးပေမယ့် မင်းတို့သွားတတ်မှာ မဟုတ်ဘူး၊ လမ်းကြိုလမ်းကြား အကွေ့ အကောက်က များတယ်ကွယ့်'

'ဒါဖြင့် ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲ'

'ကဲကဲ မင်းတို့ သိပ်သောက်ချင်နေရင်တော့ ဘ ဝယ်ပေးပ့ါ မယ်'

ဆိုပြီး အဘိုးကြီးက ဝယ်ပေးသတဲ့၊ အဘိုးကြီး ဝယ်ပေးတဲ့ အရက်တစ်လုံးကို သောက်လိုက်တာ ကုန်သွားရော သိပ်မမူးသေး တာနဲ့ ညွှ့်သည်နှစ်ယောက်က

'ဘ လာပါအုံး'

'ဘာများလဲကွယ့်'

'အားတော့နာပါရဲ့၊ ကျွန်တော်တို့ နည်းနည်းလိုနေသေးလို့ တစ်လုံးလောက် ဝယ်ပေးပါအုံး'

'ရပါတယ်၊ ရပါတယ်'

ဆိုပြီး အဘိုးကြီးက ဝယ်ပေးပြန်သတဲ့၊ အဲဒီအရက်လဲ တစ်လုံးသာ ကုန်ရော မူးမလာဘဲ ဖြစ်နေတာနဲ့ နောက်ထပ် တစ် လုံးထပ်ဝယ် ခိုင်းလိုက်ပြီးတော့

'သူငယ်ချင်း တို့မူးသင့်ရက်နဲ့ မမူးလာပါလား'

'ဟုတ်ပ့ါ၊ အရက်က စစ်မှစစ်ရဲ့လား မသိဘူး'

'အင်း ငါတော ရေရောတာတွေနဲ့ မိနေပြီ ထင်တာပဲ၊ အနံ့ အရသာ မပျက်ဘဲနဲ့ မမူးတာဆိုတော့ စဉ်းစားစမ်း တို့အဝယ် ခိုင်းနေတဲ့ အဘိုးကြီးများ ရေရော ရောလာသလား မဆိုနိုင်ဘူး'

'ဖြစ်နိုင်တယ်ကွ ဒီတစ်ခါ အဘိုးကြီးပြန်လာရင် တို့မေးကြည့်ရအောင်'

လို့ပြောပြီး အဘိုးကြီး ပြန်လာတဲ့အခါ မေးကြသတဲ့။

'ဘ အရက်တွေကို ရေများရောလာသလား၊ ကျွန်တော်တို့ သောက်နေတာ သုံးလုံးကုန်လို့ လေးလုံးရောက်ပြီ ခုထိမမူးသေးဘူး'

လို့မေးလိုက်တယ်၊ အဲဒီတော့ အဘိုးကြီးက

'လူလေးရယ်၊ ဘ အလကား အဲသလို လုပ်ပါ့မလားလို့'

ပြန်ဖြေရင်းကနေ မူးလဲသွားသတဲ့။

အဘိုးကြီးကသောက်သောက်ပြီးရေပြန်ရောရော လာတာကိုး။


ငါ့တူ
မနာစေရပါဘူး

## ငါ့တူ မနာစေရပါဘူး

တစ်ခါက မြို့တစ်မြို့မှာ ဆိုက်ကားဆရာ ကိုပေတေး ဆိုတဲ့ လူတစ်ယောက် ရှိသတဲ့၊ တစ်ရက်မှာတော့ ကိုပေတေးဟာ မြို့လယ်လမ်းထောင့်မှာ ခရီးသည် စောင့်နေတုန်း လူကြီးတစ်ယောက် သူ့အနား ရောက်လာသတဲ့၊ သူ့အနားရောက်တော့မှ

'ငါ့တူ၊ ဆိုက်ကားအားသလား'

'ဟုတ်ကဲ့ အားပါတယ်'

'အားရင် နင်းကွာတည့်တည့်'

လူကြီးက ဆိုက်ကားပေါ် တက်ထိုင်ပြီး နင်းစရာ ခိုင်းသတဲ့၊ ကိုပေတေးလဲ ဆိုက်ကားကို နင်းရင်း

'ဦးလေးက ဘယ်သွားမှာလဲ'

'မြောက်ပြင်ကို နင်းသာနင်းစမ်းပါ ငါ့တူရာ၊ မင်းမနာ စေရပါဘူး'

ကိုပေတေးလဲ ဆိုက်ကားခ မပြောတော့ဘဲ နင်းပို့သတဲ့၊ မြောက်ပင်ကို ရောက်တော့

'အဲဒီရှေ့လမ်းထိပ်မှာ ရပ် ငါ့တူ'

'ဟုတ်ကဲ့ ဟုတ်ကဲ့'

ကိုပေတေးက ရပ်ပေးလိုက်တယ်။

လူကြီးက ဆိုက်ကားပေါ်ကဆင်းပြီး

'ကျေးဇူးပဲဟေ့ သွားတော့မယ်'

လို့ နှုတ်ဆက် ထွက်သွားတယ်၊ ဆိုက်ကားခပေးမသွားဘူးတဲ့၊ ဒီတော့ ကိုပေတေးက လူကြီးတော့ ဆိုက်ကားခ ပေးဖို့ မေ့သွား ပြီထင်တယ်၊

'ဒီမှာ ဦးလေး ဦးလေး နေပါအုံး'

လူကြီးက ရပ်လိုက်ပြီး

'ဘာလဲကွ'

'ကျွန်တော့် ဆိုက်ကားခ ပေးဖို့'

'ဘာဆိုက်ကားခလဲ ဘာလို့ ပေးရမှာလဲ'

'ဆိုက်ကားစီးပြီး ဆိုက်ကားခ မပေးချင်လို့ ဖြစ်ပါ့မလား ဦးလေးရ'

'မင်းကို ဆိုက်ကားခ ပေးမယ်လို့ ငါကပြောခဲ့လို့လား'

'ဦးလေးကဲ ငါ့တူမနာစေရပါဘူးဆို'

'အေးလေ မင်း ငါဆိုက်ကားခ ပေးမယ်လို့မှ မပြောဘဲ၊ မနာရစေရပါဘူးလို့ ပြောခဲ့တာပဲ၊ အဲမင်းက အတင်းအဓမ္မဆိုက်ကားခ တောင်းရင်တော့ မင်းနာလိမ့်မယ်၊ ခုချိန်ထိ ငါမင်းကိုမနာစေရပါဘူး လို့ ပြောခဲ့လို့ ဘာမှမလုပ်သေးတာကွ၊ ကဲငါသွားမယ်, ဆိုပြီး ထွက်သွားသတဲ့။

## နားငြီးလွန်းလို့

တစ်ခါက အရက်မူးပြီး ကားလမ်းကို မျဉ်းကျားက မကူးဘဲ လမ်းလယ်က ဖြတ်ကူးလို့ အဖမ်းခံရတဲ့ လူတစ်ယောက် တရားရုံးကို ရောက်လာတယ်၊ တရားရုံး ရောက်တော့ တရားသူကြီးက တရားခံကို မေးတယ်၊



'မောင်မင်း၊ လမ်းဖြတ်ကူးရာမှာ ဘာလို့ မျဉ်းကျားက မကူး ရတာလဲ'

'ကျွန်တော်မျိုး မျဉ်းကျားကို ရှာမတွေ့လို့ပါ'

'မျဉ်းကျားတွေ ထင်းနေအောင် ရေးထားတာပဲ'

'မှန်ပါတယ်၊ မျဉ်းကျားက တောင်ဘက်မှာ၊ ကျွန်တော်က မြောက်ဘက်ကို လိုက်ရှာမိလို့ပါ'

'ရှာမတွေ့ ရတာနဲ့ ကူးရောလား'

'မကူးသေးပါဘူး၊ ကူးမလို့ ဟန်ပြင် နေတုန်းပါ၊ အရက်က နည်းနည်းမူးနေတော့ ရှေ့ကိုယိုင်သွားတဲ့ ဆီမှာ မလဲအောင်လို့ ကျွန်တော်မျိုး ထိန်းရင်း နှစ်လမ်း၊သုံးလမ်း လှမ်းမိတာပါ၊ကျွန်တော်မျိုး အမူးလွန်နေတယ် ဆိုတာ အရက်ရောင်းတဲ့ ကိုခွေး သိပါတယ်၊ ကိုခွေးဆိုတာ မစိန်ကြည်ရဲ့ ယောကျ်ားပါ၊ မစိန်ကြည်ရဲ့သမီးမင်္ဂလာ ဆောင်တုန်းက ကျွန်တော်မျိုး သွားပါသေးတယ်၊ သူတို့က'

'ဒီမှာ မေးတာကိုပဲ ဖြေပါ၊ မျဉ်းကျား မရှိတဲ့ နေရာက လမ်းဖြတ်ကူးတယ်လို့ မောင်မင်းကို စွဲဆိုထားတယ် မဟုတ်ဘူးလား ဒါပဲ ဖြေပါ'

'ကျွန်တော်မျိုး မကူးပါဘူး၊ မကူးတဲ့ အကြောင်းကို သက်သေ ပြနေတာပါ၊ ကိုခွေးဆိုင်မှာ သောက်တုန်းက ကိုအုန်းမောင်ပါ ပါတယ်၊ ကျွန်တော်မျိုး မူးရင် ရှေ့ကို လေးငါးလှမ်း ယိုင်တတ်တယ် ဆိုတာ သူသိပါတယ်၊ ကျွန်တော်မျိုးနဲ့ ကိုအုန်းမောင်နဲ့ ငါးမျှား

တုန်းက အဲသလို ယိုင်ဖူးပါတယ်၊ တောင်သမန်သွား ငါးမျှားတာပါ၊ ဆရာတော် ဦးပညာကျောင်းမှာတောင် ငှက်ပျောသီး တောင်း စားပါသေးတယ်၊ ဆရာတော်က စာလဲရေးပါတယ်၊ သူကျောင်း ဘေးက သီးပင်ကြီးဆိုရင် အလွန်ချိုပါတယ်'

တရားသူကြီးမှာ စိတ်မရှည်တော့

'ဒီမှာမောင်မင်း၊ ဝန်ခံလိုက်ရင် ဒဏ်ငွေ ငါးဆယ်ပဲ ရိုက်မှာ ဘယ်လောက်မှ အပြစ်ကြီးတာလဲ မဟုတ်ဘူး၊ ကြောက်စရာလဲ မလိုဘူး'

'ကျွန်တော်မျိုး မကြောက်ပါဘူးဘုရား၊ ဆင်ဖြူကန်သင်္ချိုင်းမှာ တောင် တစ်ယောက်တည်း အိပ်လာခဲ့သေးတာပဲ၊ လူရွှင်တော် ကိုဒီပါသိပါတယ်၊ သူက ကိုရွှေဆီက အမဲအူပြုတ် ယူလာတာကို သင်္ချိုင်းထဲမှာ သွားစားရဲရင် အကြီးတစ်လုံး ပေးမယ်ဆိုတာနဲ့ သွားစားတာပါ၊ တော်ရုံတန်ရုံနဲ့ဆို သွားစားရဲဖို့ မလွယ်ပါဘူး၊ ကျွန်တော်မျိုး သူငယ်ချင်း တက်တူဆို ညမှောင်တာနဲ့ အိမ်ပြင် တောင် မထွက်ရဲပါဘူး။ ဒါနဲ့ အရှင်က ဘယ်အရပ်ကလဲ၊ တက်တူ တို့ အိမ်နဲ့များ နီးမလားလို့'

တရားသူကြီးက စိတ်ပျက်စွာဖြင့်

'မောင်မင်းစကားတွေ အများကြီး မပြောပါနဲ့

'အရှင်ဘုရားမေးလို့ ပြောတာပါဘုရား'

မေးတာကို မေးတာပဲ ဖြေပါ၊ မောင်မင်းလမ်းဖြတ်ကူးသလား'

'ကူးပါဘူးဘုရား၊ အဲဒီနား လမ်းထိပ်က ရေခဲရေသည် မေးကြည့်ပါဘုရား၊ သူ ကျွန်တော်မျိုးကို ကောင်းကောင်းကြီးသိပါတယ်၊ ကျွန်တော်မျိုး နေ့တိုင်း သူ့ဆီက ရေခဲရေ သောက်နေကျပါ၊ သူ့ယောက္ခ ဆိုက်ကားနင်းပါတယ်၊ ကလေးသုံးယောက်နဲ့၊ သူ့နှမက မိုက်တယ်ဘုရား၊ ထမင်းအိုးကြီးကို ပေါင်စားပစ်တယ်၊ ခုတော့ မြေအိုးနဲ့ ချက်နေရတယ်။

တရားသူကြီးသည် သက်ပြင်းချလိုက်ပြီး အိတ်ထဲမှ ပိုက်ဆံကို နှိုက်ကာ ငွေငါးဆယ်ကို စိုက်၍ ဒဏ်ဆောင်လိုက်သည်။ ပြီးတော့မှ တရားခံကို ထွက်သွားရန် ပြောလိုက်လေတော့သတည်း။

## အကြွေးဆိုင် ထင်လို့ပါ

တစ်ခါက စိုက်ပျိုးရေး လုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းတဲ့ သပွတ်တော် နယ်လေးမှာ မိုးအကြီးအကျယ် ခေါင်လို့ စိုက်ပျိုးရေး လုပ်ငန်းတွေ စမရဘဲ ဖြစ်နေသတဲ့၊ မိုးခေါင်လို့ ရေရှားတဲ့အတွက် သောက်ဖို့ သုံးဖို့ ရေကိုတောင်မှ ငါးမိုင်လောက် ဝေးတဲ့နေမှာ သွားခပ်ရတာဆိုပဲ၊ အဲဒီ ငါးမိုင်လောက် ဝေးတဲ့နေရာမှာတော့ ဇလွန်ဆိုတဲ့ ဆိပ်ကမ်းမြို့လေး ရှိတာကိုး။

သပွတ်တော်က ရွာသူရွာသားတွေဟာ စည်တွေ ပုံးတွေ အိုးတွေ တင်ပြီး ဇလွန်ကမ်းကို ရေခပ်ဖို့ လှည်းနဲ့သွားလေ့ရှိတယ်၊ အဲသလို ရေခပ်ရင်း လိုအပ်တဲ့ ဆန်၊ဆီ၊ဆား၊ဆေး လူသုံးကုန်ပစ္စည်း


အကြွေးဆိုင်
ထင်လို့ပါ

တွေကို ဇလွန်ကုန်စုံဆိုင်က ဝယ်ကြရတယ်၊ မိုးခေါင်ရေရှားနဲ့ အလုပ်မဖြစ်၊ ဝင်ငွေမရှိကြတဲ့ အခါမှာတော့ ဇလွန်ကုန်စုံဆိုင်ကလဲ အကြွေးမရောင်းတော့ သပွတ်တော်က ရွာသားတွေဟာ အခက်တွေ့ကြရတာပေါ့။

အဲဒီအချိန်မှာပဲ ကုန်သည်တစ်ဦးဟာ ဇလွန်မြို့ကို ရောက်လာပြီး ကုန်စုံဆိုင်ကြီး တစ်ဆိုင်ဖွင့်လိုက်တယ်၊ အဲဒီကုန်သည်က သူ့ဆိုင်မှာဝယ်မယ့် ဖောက်သည်တွေ လိုချင်တဲ့အတွက် ဆိုင်ရှေ့မှာ အကြွေးရောင်းပါသည်ဆိုတဲ့ ဆိုင်းဘုတ်ကို ချိတ်ထားလိုက်သတဲ့။

ဒီတော့ ဝင်ငွေမရှိလို့ အခက်အခဲတွေ့နေတဲ့ သပွတ်တောရွာသားတွေဟာ နောက်ဖွင့်လိုက်တဲ့ ကုန်စုံဆိုင်ကို ရောက်ကုန်ကြတော့တာပေါ့။ ကုန်သည်ကြီးကတော့ သဘောတွေကျနေတယ်၊ အကြွေးပေးပြီး လူစုထားလိုက်တဲ့အတွက် သူတို့ ငွေဝင်လာတဲ့အခါ အကြွေးတွေ ပြန်ဆပ်မယ်၊ ပြီးတော့ အကြွေးရောင်းထားခဲ့တဲ့ ကျေးဇူးကြောင့် သူ့ဆိုင်မှာပဲ လက်ငင်းဆက်ဝယ်ကြမယ်လို့ တွက်ထားတာကိုး။

ဒီလိုနဲ့ ရက်လတွေ ပြောင်းပြီး ရာသီဥတု ကောင်းလာလို့ စိုက်နိုင် ပျိုးနိုင် ဖြစ်လာတယ်၊ သပွတ်တော ရွာသူရွာသားတွေဟာလဲ အသီးအနှံတွေ ဖြစ်ထွန်းလို့ ငွေရွှင်လာတယ်၊ ကုန်သည်ကြီးက သူ့ဆိုင်ကို လာပြီး အကြွေးတွေ ဆပ်ကြတော့မှာပဲဆို မျှော်နေတာပေါ့၊ အကြွေးတွေ မဆပ်ကြသေးတောင်မှ ငွေဝင်နေကြပြီဆိုတော့ လက်ငင်းတော့ လာဝယ်မှာပဲ ဆိုပြီး၊ ဒါပေမယ့် သပွတ်တော် ရွာသားတွေဟာ တစ်ယောက်မှ ကုန်သည်ကြီးရဲ့ ကုန်စုံဆိုင်ကို ရောက်မလာကြဘူးတဲ့၊ သူတို့ဟာ ဇလွန်ကုန်စုံဆိုင်ကိုပဲ သွား

ဝယ်နေကြတာကိုး။

တစ်ဦးလဲမဟုတ်၊ နှစ်ဦးလဲမဟုတ်၊ အားလုံးက အဲသလိုလုပ်နေတော့ ကုန်သည်ကြီးက သပွတ်တော်ကို လိုက်သွားပြီးမေးသတဲ့။

'ခင်ဗျားတို့ကို ကျွန်တော် အကြွေးရောင်းထားတယ် ဆိုတာ သတိရကြသေးရဲ့လား'

'ရတာပေါ့ ခင်ဗျား၊ ကျေးဇူးလဲ ခုထိတင်တုန်းပါ'

'ကျေးဇူးလဲတင်တယ်၊ သတိလဲရတယ် ဆိုပြီး ဘာလို့ ကျွန်တော့်ဆိုင်ကိုတော့ လာမဝယ်ကြတော့လဲ ခင်ဗျားတို့ ငွေဝင်နေပြီ မဟုတ်လား'

'ဟုတ်ပါတယ်၊ ငွေဝင်နေပါပြီ၊ အဲဒါကြောင့် လာမဝယ်တော့တာပါ၊ လူကြီးမင်းဆိုင်က 'အကြွေးရောင်းပါသည်' ဆိုပြီး ဆိုင်းဘုတ်ချိတ်ထားတော့ လက်ငင်း မရောင်းဘူးမှတ်လို့ပါ' လို့ ဖြေလိုက်သတဲ့။



# သည်းမခံနိုင်သူ

တစ်ခါက တရားရုံးကို အမှုတစ်မှု ရောက်လာသတဲ့၊ အဲဒီအမှုကတော့ ကားလက်မှတ်ရောင်းက ခရီးသည် အမျိုးသမီးကြီး တစ်ဦးကို ကားမောင်းနေတုန်း တွန်းချတဲ့ အမှုဖြစ်တယ်၊ တရားသူကြီးက တရားခံကို မေးသတဲ့။

'မောင်မင်းကို ဒီတရားလို အမျိုးသမီးကြီးက ပြောနေတယ်၊ သူ့ကို ကားမောင်းနေတုန်း ရပ်မပေးဘဲ တွန်းချတယ်လို့၊ ဟုတ်သလား'

'ဟုတ်ပါတယ်'

'ဘာလို့တွန်းချရတာလဲ'

'ကျွန်တော်မျိုး ဖြစ်ပျက်ပုံ အစအဆုံး ပြောပြပါရစေ၊ ဒီအမျိုးသမီးကြီးဟာ ကားပေါ်ကို တက်လာပါတယ်၊ သူတက်လာတော့ လက်ပွေ့အိတ်ကြီး တစ်လုံး ကိုင်တက်လာပါတယ်၊ ကျွန်တော်မျိုး ကားလက်မှတ် ဖြတ်မလို့ သူ့နားကို သွားတော့ လက်ပွေ့အိတ်ကြီးကို ဖွင့်ပါတယ်၊ လက်ပွေ့အိတ်ကြီးထဲက လက်ကိုင်အိတ်ကို ထုတ်ပါတယ်၊ ပြီးတော့ လက်ကိုင်အိတ်ကြီးကို ပိတ်ပါတယ်၊ လက်ကိုင်အိတ်ကို ဖွင့်ပါတယ်၊ လက်ကိုင်အိတ်ထဲက ကတ္တီပါအိတ်ကလေးကို ထုတ်ပါတယ်၊ လက်ကိုင်အိတ်ကို ပိတ်ပါတယ်၊ ပြီးတော့ လက်ပွေ့ အိတ်ကို ဖွင့်ပါတယ်၊ လက်ကိုင်အိတ်ကို ထည့်ပါတယ်၊ လက်ပွေ့အိတ်ကို ပိတ်ပါတယ်၊

ကတ္တီပါအိတ်ကို ဖွင့်ပါတယ်၊ အဲသလိုလုပ်နေတုန်း ရှေ့ခုံက ခရီးသည်က ကားခပေးလို့ သွားယူပါတယ်၊ ကျွန်တော် သွားယူနေတုန်း လက်ပွေ့အိတ်ကို ဖွင့်ပါတယ်၊ လက်ကိုင်အိတ်ကို ထုတ်ပါတယ်၊ လက်ပွေ့အိတ်ကို ပိတ်ပါတယ်၊ လက်ကိုင်အိတ်ကို ဖွင့်ပါတယ်၊ ကတ္တီပါအိတ်ကို ထည့်ပါတယ်၊ လက်ကိုင်အိတ်ကို ပိတ်ပါတယ်၊ လက်ပွေ့အိတ်ကို ဖွင့်ပါတယ်၊ လက်ကိုင်အိတ်ကို ထည့်ပါတယ်၊ လက်ပွေ့အိတ်ကို ပိတ်ပါတယ်။ ကျွန်တော်က ပိုက်ဆံထုတ်ပြီးပြီ မှတ်လို့ သူ့နားကို လာတော့ မင်းမယူသေးဘူး မှတ်လို့ဆိုပြီး လက်ပွေ့အိတ်ကြီးကို ဖွင့်ပါတယ်၊ လက်ကိုင်အိတ်ကို ထုတ်ပါတယ်၊ လက်ပွေ့အိတ်ကို ပိတ်ပတယ်၊ လက်ကိုင်အိတ်ကို ဖွင့်ပါတယ်၊ ကတ္တီပါအိတ်ကို ထုတ်ပါတယ် လက်ကိုင်အိတ်ကို ပိတ်ပတယ်၊ လက်ပွေ့အိတ်ကို ဖွင့်ပါတယ်၊ လက်ကိုင်အိတ်ကို ထည့်ပါတယ်၊ လက်ပွေ့အိတ်ကို ပိတ်ပါတယ်၊ ကတ္တီပါအိတ်ကို ဖွင့်ပါတယ်၊ အဲဒီအချိန်မှာ နောက်ကလာတက်တဲ့ ခရီးသည်တစ်ဦးက ကားခပေးလို့ သွားယူပါတယ်။

အဲဒီအချိန်မှာ လက်ပွေ့အိတ်ကြီးကို ဖွင့်ပါတယ်၊ လက်ကိုင်အိတ်ကို ထုတ်ပါတယ်၊ လက်ပွေ့အိတ်ကို ပိတ်ပါတယ်၊ လက်ကိုင်အိတ်ကို ဖွင့်ပါတယ်၊ ကတ္တီပါအိတ်ကို တည့်ပါတယ်၊ လက်ကိုင်အိတ်ကို ပိတ်ပါတယ်၊ လက်ပွေ့အိတ်ကို ဖွင့်ပါတယ်၊ လက်ကိုင်အိတ်ကို ထည့်ပါတယ်၊ လက်ပွေ့အိတ်ကို ပိတ်ပါတယ်၊ ကျွန်တော်မျိုး သူ့အနားရောက်တော့ မင်းမယူသေးဘူးမှတ်လို့ ဆိုပြီး လက်ပွေ့အိတ်ကို ဖွင့်ပါတယ်၊ လက်ကိုင်အိတ်ကို ထုတ်ပါတယ်၊ လက်ပွေ့အိတ်ကို ပိတ်ပါတယ်၊ လက်ကိုင်အိတ်ကို

ဖွင့်ပါတယ်။

‘တော် တော် တော်လောက်ပြီ’

တရားသူကြီးက လက်ကာ တားလိုက်ပြီး–

‘အဲသလို ဘယ်နှစ်ခါ လုပ်သလဲ’

‘လေးခါ လုပ်ပါတယ်’

‘မင်းမို့ လေးခါထိ သည်းခံနေတာ ငါသာဆို နှစ်ခါလောက် လုပ်ကတည်းက ကန်ချတယ်‘

ဟု ပြောလိုက်လေသတည်း။



# တူလိုက်ပုံက

တစ်ခါက ဟိုတယ်တစ်ခု၏ အောက်ထပ် စားသောက်ခန်းတွင် အသက် ငါးဆယ်ခန့် လူကြီးတစ်ယောက်နှင့် အသက်နှစ်ဆယ်ကျော် လူငယ်တစ်ယောက်တို့ စားပွဲတစ်လုံးတည်းမှာ အတူထိုင်၍ အရက်သောက် နေကြသည်။ နှစ်ယောက်လုံးလည်း အတော်မူးနေကြသည်။ အမူးသမားတို့ ထုံးစံအတိုင်း ပြောစရာ စကားမရှိ စကားရှာကာ တစ်ဦးနှင့် တစ်ဦး မိတ်ဖွဲ့ကြတော့သည်။

'ဒါနဲ့ ငါ့တူက ဘယ်ကလဲ၊ ဦးလေးမင်းကို တစ်နေရာရာမှာ မြင်ဖူးသလိုလိုပါပဲ'

'ကျွန်တော်လဲ ဦးလေးကို တွေ့ဖူးသလိုလိုပဲ၊ ကျွန်တော်က မန္တလေးကပါ'

'ဟုတ်လား၊ ဒါကြောင့်နေမှာ ဦးလေးလဲ မန္တလေးကပဲ နေတော့ကော ဘယ်အရပ်ထဲမှာလဲ ပြောစမ်းပါဦး'

'မြို့သစ်မှာပါ'

'ဟာ ငါလဲ မြို့သစ်မှာနေတာပဲ၊ ဒါကြောင့် တွေ့ဖူးသလိုလို၊ မြင်ဖူးသလိုလို ဖြစ်နေတာကိုး၊ ဟေးဟေး ရော့သောက်ကွာ'

'ဟုတ်ကဲ့ ဒါနဲ့ ဦးလေးက မြို့သစ် ဘယ်အရပ်ထဲမှာလဲ၊

'ဓ ကွဲ ထဲမှာ'

'ဟာ ကျွန်တော်လဲ ဓ ကွဲ ထဲမှာပဲ'

'ဟန်ကျလိုက်တာကွာ တစ်မြို့တည်းသား တစ်ရပ်တည်းသားတွေ လာဆုံရတာ၊ အမြည်းမှာကွာ ငါက အရက်မှာလိုက်မယ်'

'ရပါတယ် ဦးလေးရာ မိတ်ဖြစ်ဆွေဖြစ် နှစ်မျိုးလုံးကျွန်တော်ပဲမှာပါမယ်၊ ဟေ့ ကြက်ခြောက်ကြော် တစ်ပွဲ ရမ်လေးပက်၊ ဒါနဲ့ ဦးလေးနေတော့'

'ခြောက်ဆယ့်တစ် ကျောကပ်လမ်းမှာ'

'တူလိုက်တာ ကျွန်တော်လဲ ခြောက်ဆယ့်တစ်ကျောကပ်လမ်းမှာပဲ၊ ကျွန်တော်က အိမ်နံပါတ်–၄၄'

'ဟေ၊ လေးဆယ့်လေး'

'ဟုတ်ပါတယ်'

'ဟာ ငါလဲ လေးဆယ်လေးပဲ၊ အံ့ရောဟေ့၊ တူတာမှအကုန်တူတာ၊ ဒါနဲ့ မင်းဒီမှာ တည်းတော့ ဘယ်အခန်းမှာလဲ'

'ဝမ်းအိုဝမ်းမှာ'

'ဟေဟေ ဝမ်းအိုဝမ်းမှာ၊ နှစ်ခန်းများ ရှိသလား မသိဘူး၊ ငါလဲ ဝမ်းအိုဝမ်း ပဲဟာ၊ ကဲ ချလိုက်ကြဦးစို့'

သို့ဖြင့် နှစ်ယောက်သား အမူးလွန်ကာ မှောက်သွားကြသည်။ ထုအခါ အခြားဘရက်ဝိုင်းမှ လူတစ်ယောက်က ကောင်တာမှာ

ထိုင်နေသူအား

'ဟို နှစ်ယောက် တူလိုက်ပုံက အတော်ဆန်းကြယ်တယ်နော် နေတဲ့မြို့ရော လမ်းရော၊ အိမ်ရော

ထိုအခါ ကောင်တာမှာ ထိုင်နေသူက

'တူမှာပေါ့ဗျ၊ သူတို့က သားအဖတော်တယ်၊ အတူလာပြီး အတူတည်းကြတာပဲ၊ အမူးလွန်နေလို့ တစ်ယောက်ကို တစ်ယောက် မမှတ်မိတာ'

ဟု ပြောလိုက်လေသတည်း။


အာသက်
ရှည်ဆိုသော်

# အသက်ရှည်လိုသော်

တစ်ခါက အသက်ကိုးဆယ်ကျော် အဘိုးကြီးတစ်ယောက်ကို ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင် နေတာ တွေ့ရတာနဲ့ ဆရာဝန် တစ်ယောက်ဟာ စိတ်ဝင်စားသွားတယ်၊ ဒါလောက်ကျန်းမာရေး ကောင်းရတာဟာ ဘာဆေးတွေများ စားလို့လဲပေါ့၊ ပျော်ရွှင်နေတဲ့ အဘိုးကြီး တစ်ယောက်ကို ကြည့်ရတာ မြင်ရတာကိုက စိတ်ချမ်းသာစရာ ကောင်းနေတယ်။

ဆရာဝန် အဘိုးကြီးကို ခေါ်ပြီး မေးသတဲ့။

'ဘ အသက်ဘယ်လောက် ရှိပြီလဲ၊

'ကိုးဆယ်'

'ဟာ ခြောက်ဆယ်လောက်ပဲ ထင်ရတယ်'

'ဘကြည့်ရတာ သိပ်နုပျိုတာပဲ၊ ဘာဆေးတွေ စားသလဲဟင်'

'ဘာဆေးမှ မစားပါဘူး'

'စားရင်စားတယ် ပြောပါဘရယ်၊ ကျွန်တော်က ဆရာဝန်ပါ၊ အဲဒီဆေးကို အခြားလူတွေ ပေးရအောင်လို့'

'တကယ် ပြောတာပါကွဲ့'

'ဒါဖြင့် ဘာလို့ ခုလို နုပျို ကျန်းမာနေရသလဲ၊ နည်းများရှိရင် ပေးစမ်းပါ ဘရယ်၊ ကျွန်တော်လဲ ကျင့်သုံးချင်လို့၊ သူများကိုလဲ ကိုသိုလ်ဖြစ် ပေးချင်လို့'

'ဘလဲ ဘာလို့ ခုလိုနုပျို နေရတယ် ဆိုတာတော့ သေသေချာချာ မသိဘူး၊ ဘရဲ့ အဖြစ်ကိုတော့ ပြောပြမယ်၊

ဘအသက် နှစ်ဆယ့်ငါးသားမှာ အိမ်ထောင်ပြုခဲ့တယ်ကွဲ့၊ အဲဒီ အိမ်ထောင်ပြုတဲ့ နေ့ကစပြီး ဘရဲ့မိန်းမနဲ့ နှစ်ဦးသဘောတူ ဆုံးဖြတ်ထားကြတယ်၊ နှစ်ယောက်လုံး စိတ်မဆင်းရဲရအောင်လို့ ဆိုပါစို့'

'ဘယ်လိုများ ဆုံးဖြတ်ထားတာလဲ'

'ဘ စိတ်ဆိုးရင် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ သူက ဘာမှ ပြန်မပြောရဘူး၊ ငြိမ်နေရတယ်၊ အဲ သူက စိတ်တိုင်းမကျရင် ဆူဆူပူပူလုပ်ရင် ဘက ဘာမှ ပြန်မပြောရဘူး၊ မရိုက်ရဘူ၊ အိမ်ပြင်ထွက်နေရမယ်၊ ရှောင်နေရမယ်၊ အဲသလို ဆုံးဖြတ်ထားကြ၊ သဘောတူ ထားကြတယ်ကွဲ့၊ ရကတည်းက ဒီနေ့ထိ အဲသလိုပဲ နေခဲ့ကြတယ်'

'ဘယ်သူက ဘယ်နှစ်ခါလောက် စိတ်ဆိုးပြီးပြီလဲ'

'ဟား ရကတည်းက သူချည်း စိတ်ဆိုးနေတာနဲ့ ဘမှာ အပြင်ချည်းထွက်နေရတာ ခြောက်ဆယ့်ငါးနှစ်လုံးလုံးပေါ့၊ စားကာနီးမှ တစ်ခါတစ်လေ အိမ်ပြန်လိုက်တာပဲ၊ ဟီး ဟီး'

ဟူ၍ ရှင်းပြလိုက်လေသတည်း။

## ပြက္ခဒိန်

တစ်ခါက ရွာတစ်ရွာတွင် စကားအလွန် ပေါသော ဒေါ်မယ်မ ဆိုသူ မိန်းမကြီး တစ်ယောက်ရှိလေသည်။ ဒေါ်မယ်မကို စကား ပြောလွန်းသောကြောင့် သူ့ယောက်ျား ဦးစံဗျောကပင် ဒဏ်မခံနိုင် ဒေါ်မယ်မ စကားပြောကို လန့်နေရသည်။



'ကိုစံဖျော'

'ဘာလဲ'

'တော် သိပြီးပြီလား'

မင်းက ဘာပြောလို့ ငါက ဘာသိရမှာလဲဟု မေးလျှင် ဒေါ်မယ်မ စကားပြောတော့မည်၊ ဤသည်မှာ စကားပြောရန် အတွက် နိဒါန်းပျိုးခြင်းပင်။ ဦးစံဖျောသည် ထိုဒဏ်ကို မခံလို၍–

'အေး သိပြီးပြီ'

ကိုစံဖျော အဖြေကြောင့် ဒေါ်မယ်မ မျက်စောင်းထိုးသည်။

'ကျုပ် မပြောရသေးဘဲ တော်က ဘယ်လိုလုပ် သိသလဲ'

ဦးစံဖျော ဘာပြန်ပြောရမည် မသိ၊ မျက်လုံးပေကလပ် ပေကလပ်နှင့် ပြန်ကြည့်ကာ–

'မင်းစကားပြောရင် လေကြောရှည်လွန်းလို့ တော်တော်နဲ့ မပြီးတော့ဘူး၊ ဟိုနေ့က ရွာတောင်ပိုင်းက ကိုသာအေး အကြောင်း ပြောမှာကို မြတ်စွာဘုရား ဆဒ္ဒန်ဆင်မင်းဘဝက စပြောတယ်၊

'ပြောရမှာပေါ့တော့၊ ကိုသာအေး သမီး လင်နောက်လိုက် တုန်းက ရွာဦးဘုရားပွဲမှာ မြို့ကျက်သရေဝင်းဆောင် ဇာတ်က ဆဒ္ဒန်ဆင်မင်း ကနေတဲ့ည၊ အဲဒီဇာတ်ထဲမှာပါတဲ့ ဆရာကိုတက်တူ က ကျုပ်ကို ဖျာလက်မှတ်ပေးတာလေ၊ တော်က မုန့်ဖိုးတစ်ဆယ်ပဲ ပေးတာ၊ အဲဒီတစ်ဆယ်လဲ ကြက်ဖကြီး ရွှေနီရောင်းလိုက်တာလေ၊ ရွှေနီက သာရဝေါက လက်ဆောင်ပေးလိုက်တဲ့ ကြက်ဖ၊ ကျုပ်ကို မရွှေတုတ်က ပေးတာ မရွှေတုတ်နဲ့ ကျုပ်နဲ့က'

ဒေါ်မယ်မ စကားပြောလက်စနှင့်ရပ်သွားသည်။ သူ့အိမ်ထဲသို့ ဧည့်သည်တစ်ယောက် ဝင်လာသောကြောင့် ဖြစ်သည်။ ဦးစံဖျော

ကံကောင်းပြီး ထိုညွှ်သည်က ကံဆိုးတော့မည်မှန်း ဦးစံဖျော သိလိုက်သည်။

'ဟင် မဖွားစိန် လာ လာ ထိုင်အုံး၊ မတွေ့ရတာကို တစ်နှစ်လောက်ရှိရော့မယ်၊ ကျုပ်က ရတ်တရက်ဆို မမှတ်မိဘူး၊ တော်က မြို့ကြီးသူလို ဖြစ်နေတာ၊ ဒါနဲ့ မရွှေထူးနဲ့ တွေ့သေးလား၊ ကျုပ်နဲ့ တွေ့တယ်၊ မရွှေထူး ဆိုတာလေ'

ဒေါ်မယ်မသည် စကားကို အမျှင်မပြတ် ပြောနေသောကြောင့် ဝင်၍ နှုတ်ဆက်လိုက်သော မဖွားစိန်မှာ အထရခက်နေသည်။ ဒေါ်မယ်မကလည်း စကား ပြောမရပ်၊ သို့ဖြင့် အတော်ကို ကြာသွားသောအခါ မဖွားစိန်မှာ မနေသာတော့ဘဲ၊

'စကားကတော့ ပြောလို့ ကောင်းပါရဲ့၊ ကျွန်မ သွား လိုက်ပါဦးမယ်၊ ဟိုဘက်အိမ်တွေ နှုတ်ဆက်လိုက်ချင်သေးလို့

ဒေါ်ဖွားစိန်က စကားကို ဖြတ်ကာ ထရပ်သည်၊ ထိုအခါမှ ဒေါ်မယ်မက

ဟုတ်ပါ့တော် ကျုပ်ကလဲ စကားကောင်းနေတာနဲ့ အကြာကြီး ပြောမိသွားတယ်၊ နာရီက မရှိတော့ ဘယ်လောက်ကြာသွား မှန်းတောင် သတိမထားလိုက်မိဘူး'

လို့ပြောသတဲ့၊ အဲဒီတော့ အိမ်ဦးခန်းမှာ တစ်ချိန်လုံး ထိုင် နားထောင်နေသော ဦးစံဖျောသည် သူ့ဇနီးကို အမြင်ကပ်ကပ်နှင့်

'မင်း ဘယ်လောက်ကြာတယ်ဆိုတာ နာရီမရှိပေမယ့်ပြက္ခဒိန် ရှိပါတယ်ကွာ၊ လှမ်းကြည့်လိုက်ရောပေါ့'

လို့ပြောလိုက်သတဲ့။



မြှောက်ပင့်
တတ်သူ

# မြှောက်ပင့်တတ်သူ

တစ်ခါတုန်းက လူကြည့် မြှောက်ပင့်ပြောတတ်တဲ့ ရှေ့နေ တစ်ယောက် ရှိသတဲ့၊ ပန်းနာချောင်းဆိုး ဖြစ်နေတဲ့ ရောဂါသည် ကိုတောင် 'ဟောဒီ ချောင်းက ချည်ပေါင်ရွက် စားပြီး ဆိုးတဲ့ချောင်း မဟုတ်ဘူး၊ ထောပတ်စား ဆိုးတဲ့ ချောင်းဆိုတာ ကျုပ်သိတယ်'လို့ ပြောတတ်တဲ့ လူစားမျိုးပေါ့။

ဟုတ်တာကို ပြောဖို့ ဝန်မလေးတာ မဆန်းပေမယ့် သူက မဟုတ်တာကိုပါ ပြောဖို့ ဝန်မလေးတဲ့ လူစားမျိုး ဖြစ်တယ်၊ ဒါကြောင့်လဲ သူ့သေအံ့မူးမူး ဖြစ်နေတဲ့ အချိန်မှာ ငရဲပြည်က ကြိုသိနှင့်နေသတဲ့၊ ဒီလူသေရင်တော့ တို့ငရဲပြည် ရောက်လာမှာ ပဲဆိုပြီးတော့ပေါ့၊ အဲသလို သိနှင့်ကြတဲ့ အတွက်လဲ ငရဲမှာ ရောက်နှင့်သူတွေက စိတ်ညစ်တဲ့သူ စိတ်ညစ်၊ စိုးရိမ်တဲ့သူ စိုးရိမ် ဖြစ်နေကြသတဲ့၊ ဒါကြောင့် တချို့ကတော့ ယမမင်းကို ကြိုပြီး သတိပေးသတဲ့။

'အရှင်မင်းကြီး သတိနဲ့ နေတော်မူပါ၊ လူ့ပြည်က မြှောက် ပင့်ပြောတတ်တဲ့ လူတစ်ယောက် ရောက်စရာ လမ်းရှိပါတယ်၊ အလွန်ကြောက်စရာ ကောင်းပါတယ်။

'လာစမ်းပါစေ၊ မင်းတို့ စောင့်ကြည့်နေ ငါကောင်းကောင်းကြီး တွယ်ပြလိုက်ပါမယ်'

လို့ ယမမင်းကလဲ ပြောသတဲ့၊ ဒီလိုနဲ့ လူ့ပြည်က ငနဲဟာ ငရဲပြည်ကို ရောက်လာပါရော၊ ရောက်လာတယ် ဆိုရင်ပဲ။

'အလိုလေး လှလိုက်တဲ့ မြို့ကြီးပါလား သာယာလိုက်တဲ့ တိုင်းပြည်ကြီးပါလား၊ ငါကံကောင်းလို့ ဒီကို ရောက်လာတာပဲ'

လို့ ပြောသတဲ့၊ ယမမင်းကြီးကလဲ ကြိုသိထားတာဆိုတော့

'မောင်မင်း စကားသိပ်များ မနေနဲ့၊ မောင်မင်းကို စစ်မေးရမယ်'

လို့ အော်ငေါက်လိုက်တော့ မျက်လုံး အပြူးသားနဲ့ ပြန်ကြည့်နေသတဲ့ ယမမင်းရဲ့ ဘေးက မိဖုရားတွေ သားတော်သမီးတော်တွေကလဲ စောင့်ကြည့်နေကြတယ်။

'နေပါဦး အရှင်မင်းကြီးက ဘယ်သူလဲ'

'ငါ ယမမင်း'

'အို ခွင့်လွှတ်ပါ၊ ကျွန်တော်မျိုး ယမမင်းဆိုတာ ကြောက်စရာ လန့်စရာ အရုပ်ဆိုးဆိုးကြီး မှတ်နေခဲ့ပါတယ်၊ ခု အရှင်မင်းကြီးကို တွေ့မြင်လိုက်ရတော့ ခန့်ခန့်ငြားငြားနဲ့ ချစ်စရာ၊ ခင်မင်စရာကြီး ဖြစ်လို့ ယမမင်းကြီးရယ်လို့ မသိတဲ့အတွက် အရိုအသေ မပေးမိတာ ခွင့်လွှတ်ပါ'

လို့ လျှောက်ထားသတဲ့၊ ဘေးကတော့ သတိပေးကြတာပေါ့။

'အရှင်မင်းကြီး သတိထားပါ၊ မြှောက်နေပြီ၊ မြှောက်နေပြီ၊ သတိထားပါ'

အဲသလို သတိပေးတော့ ယမမင်းကြီးက သူ့ကိုယ်ရံတော်ကို

'မင်း အသာနေစမ်းပါ၊ သူလဲ ဟုတ်တာပြောချင်တဲ့အခါ ပြောမှာပေါ့'

လို့ ငေါက်သတဲ့၊ မြှောက်တတ်တဲ့လူက မိဖုရားနဲ့ သားတော် သမီးတော်တွေပါ ဆက်ပြီး မြှောက်ပင့် ပြောပြန်တယ်၊ ဘေးက ကိုယ်ရံတော်က–

'အရှင်မင်းကြီး သတိထားပါ မြှောက်နေပြီလို့ ပြောပြန် တယ်၊ ဒီတော့ ယမမင်းကြီးက

'မင်း တယ်လျှာရှည်ပါလား၊ ကဲ ခုချိန်ကစပြီး မင်းကိုအလုပ် ဖြုတ်လိုက်ပြီ'

အဲသလို အလုပ်ဖြုတ်ပြီး မြှောက်ပင့်ပြောတတ်တဲ့ သူကို အလုပ်ခန့်လိုက်သတဲ့။



# အဖြေကောင်း

တစ်ခါက တောရွာလေး တစ်ရွာမှာ မူလတန်းကျောင်းကလေး ဖွင့်တယ်၊ ကျောင်းဖွင့်ပြီး သိပ်မကြာခင်မှာပဲ ပညာရေး အရာရှိ တစ်ယောက် ကျောင်းကို ကြည့်ရှုစစ်ဆေးဖို့ ရောက်လာတယ်ဆိုပဲ၊ ကျောင်းရဲ့ အခြေအနေကို ကြည့်ပြီးတော့ ကလေးတွေရဲ့ ပညာရေး အခြေအနေကို သိချင်တာနဲ့ ကျောင်းသားလေး တစ်ယောက်ကို မေးသတဲ့၊

'ဟိတ် ကလေး ထစမ်း၊ မန္တလေးနန်းတော်ကြီးကို ဘယ်သူ ဖျက်ဆီးတာလဲ'

ကျောင်းသားကလေးလည်း လက်ပိုက် ရပ်နေရင်းကနေ မျက်လုံးအပြူးသားနဲ့–

'ကျ ကျ ကျွန်တော် မဖျက်ဘူး'

လို့ ဖြေလိုက်သတဲ့၊ အရာရှိဟာ စိတ်ပျက်သွားပြီး အတန်းပိုင်ဆရာကို ကျောင်းသားလေးက အဲသလိုဖြေတဲ့အကြောင်း ပြောပြတယ်၊ အဲဒီအခါမှာ အတန်းပိုင် ဆရာက ကျောင်းသားလေး ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး၊

'ဟုတ်ပါတယ်ခင်ဗျာ ဒီကလေး အလွန်ရိုးသားပါတယ်၊ လိမ်မပြောတတ်ပါဘူး၊ နောက်ပြီး ကျွန်တော့် မျက်စိအောက်တင် ကြီးလာတာပါ သူ မန္တလေးလဲ မရောက်ဖူးပါဘူး'

လို့ပြောလိုက်သတဲ့ အရာရှိဟာ ပိုပြီး စိတ်ပျက်သွားတယ်၊ အဲဒါကြောင့် ဒီအဖြစ်အပျက် ပြောပုံဆိုပုံတွေကို ကျောင်းအုပ်ကြီး

အသိပေးမှပဲ ဆိုပြီး ကျောင်းအုပ်ကြီးကို သွားပြောပြသတဲ့၊ အဲဒီအခါ ကျောင်းအုပ်ကြီးက ပြာပြာသလဲ–

'လူကြီးမင်းခင်ဗျား သူတို့ပြောတာကိုတော့ သံသယ မရှိစေချင်ပါဘူး အဲဒီဆရာရော၊ ကျောင်းသားရော ဒီအရပ်သားတွေပါ ဒီအရပ်သား အတော်များများဟာ မန္တလေးကို မရောက်ဖူးကြပါဘူး၊ နန်းတော်ကြီးကို ဖျက်တာ ဒီကလေးတော့ လုံးဝမဖြစ်နိုင်ပါဘူး၊ ယုံကြည်လက်ခံ စေချင်ပါတယ်။

လို့ပြောသတဲ့၊ ပညာရေး အရာရှိလဲ စိတ်ပျက်လက်ပျက်နဲ့ ဒီအကြောင်းကို အထက်အရာရှိဆီ အစီရင်ခံဖို့ ဆုံးဖြတ်လိုက်တယ်။

မြို့ကိုရောက်တဲ့အခါ အထက်အရာရှိဆီ သွားပြီး အစီရင်ခံလိုက်တော့ အထက်အရာရှိ သိသွားပြီး အစီရင်ခံစာကို သေသေချာချာဖတ်ပြီး ပြန်ကြားလိုက်သတဲ့။

မန္တလေးနန်းတော်ကြီး ပျက်ပြီးတာလဲ ကြာပါပြီ၊ ဘယ် သူဖျက်တယ်ဆိုတာ ဆက်လက်စုံစမ်းမှု မလုပ်ပါနဲ့တော့၊ ပြဿနာ မရှာပါနဲ့တော့–

ဟူသတည်း။

## ကိုကိုတင်သတိပေးခြင်း

တစ်ခါက မီးသတ်ဌာနမှ အရေးပေါ် တယ်လီဖုန်းသည် မြည်လာသည်။ ထိုကြောင့် တာဝန်ကျ ရဲဘော်က ဖုန်းကို ကောက်ကိုင်လိုက်ပြီး–


သတိပေးခြင်း

'ဟုတ်ကဲ့ အမိန့်ရှိပါ'
'မီးသတ်ဌာနက ဟုတ်ပါသလား'

'ဟုတ်ပါတယ်'

'နဒီရိုးဘေးက မေတ္တာလမ်းသွယ်ကို သိပါသလား'

'ဟုတ်ကဲ့ သိပါတယ်'

'လမ်းထိပ်မှာ ညောင်ပင်ကြီး ရှိတယ်လေ'

'သိပါတယ်'

'အဲဒီလမ်းထဲ ဝင်လိုက်ရင် ညာဘက်ဘေးနားမှာ စိုက်ခင်းလေး ရှိပါတယ်၊ ကြက်ဟင်းခါးစင်ရှိတယ်၊ အဲဒီစင် အောက်မှာ တရုတ်နံနံပင် စိုက်ထားတယ်၊ ဘေးပတ်လည်မှာ ငရုတ်ပင်နဲ့ ခရမ်းချဉ်သီးပင်တွေ ရှိတယ်'

'ဦးလေး ခုဆက်နေတာ မီးသတ်ဌာနနော်၊ လယ်စိုက်ရှင်းရုံး မဟုတ်ဘူး၊ မြေဩဇာတို့ ပိုးသတ်ဆေးတို့ လိုချင်ရင် စိုက်ပျိုးရေး ရုံးကို ဖုန်းဆက်ပါ'

'ဦးလေးသိပါတယ်၊ မီးသတ်ဌာနကိုပဲ ဆက်တာပါ၊ ဦးလေးရဲ့ စိုက်ခင်း အခြေအနေကို သိစေချင်လို့ပါ၊ အပင်တွေအားလုံး အောင်အောင်မြင်မြင် ဖြစ်ထွန်းနေတယ်၊ တစ်နေ့တစ်နေ့ကို တစ်ရာနဲ့

တစ်ရာငါးဆယ်ကြား ဝင်ငွေရှိနေတယ် ဒီက ဟိုဘက်ဆိုရင် ပိုပြီး သိကြဦးမယ်'

'ဦးလေး အဲဒီအကြောင်းကို ပွဲရုံလုပ်ငန်း ဖုန်းဆက်ဖို့ သင့်ပါတယ်၊ ကျွန်တော်တို့က မီးသတ်ဌာနပါ၊ မီးလောင်ရင် ခေါ်ဖို့ တပ်ထားတဲ့ ဖုန်းပါ၊ ကျွန်တော် ဖုန်းချလိုက်ပါတော့မယ်'

'နေ နေပါဦးမောင်ရင် ဦးလေးကလဲ ဦးလေးရဲ့ ဘေးက အိမ် မီးလောင်နေတဲ့ အကြောင်း ဖုန်းဆက်မလို့ပါ၊ မင်းတို့လာရင် ဦးလေးရဲ့ စိုက်ခင်းနင်းမိမှာ စိုးလို့ကြိုပြီး ပြောတာပါ။ မြန်မြန် လာပါ၊ မီးလောင်နေပြီ'


ရော့..အင့်..ယူ
?

# ရော့ – အင့် – ယူ

မြို့ကြီးများတွင် စီးကရက် ကြော်ငြာများ အကြီးအကျယ် ကြော်ငြာလျက် ရှိပါသည်။ လမ်းဘေးတွင် ထောင်ထားသော ဧရာမပိုစတာကြီးများမှအစ လက်တစ်ဝါး စာခန့်သာရှိသည့် ကွမ်းယာဆိုင်မှ သစ်သားကြား နေရာလွတ်ကလေးများအထိ စီးကရက်မျိုးစုံ ကြော်ငြာများကို တွေ့နေရသည်။

တစ်ခါက လူတစ်ယောက်သည် ထိုကြော်ငြာများကို ရပ်ငေးရင်း သူ့ဘေးမှ သူ့ဇနီးဘက်သို့ လှည့်ကာ–

'မင်းဆီ ပိုက်ဆံငါးကျပ်လောက် မပါဘူးလား'

'ပါသားပဲ'

'ငါ့ပေးစမ်းပါ'

'ဘာလုပ်ဖို့

'စီးကရက် တစ်လိပ်သောက် ဝယ်ချင်လို့ကွ၊ ဟို တံဆိပ် ငါမသောက်ဖူးသေးဘူး'

'အိုတော်ငါးကျပ်ဆိုတာ နည်းတာမဟုတ်ဘူး၊ မပေးနိုင်ပါဘူး'

'တစ်လိပ်တည်း ပါကွာ'

'မပေးနိုင်ပါဘူးလို့ဆိုမှ'

'မင်းက ဘယ်လိုလဲကွ၊ ငါ ရှာဖွေပေးထားတဲ့ ပိုက်ဆံနဲ့ငါ ပြန်ပေးရမှာတောင် မသထာဘူးလား'

'တော်က သုံးတာမဟုတ်ဘူးတော့၊ ဖြုန်းတဲ့ဟာ'

'မင်း လျှာရှည်လှချည့်လား'

သို့ဖြင့် တစ်ယောက်တစ်ခွန်း စကားများကာ ရန်ဖြစ်တော့ မလို ဖြစ်နေချိန်မှာ သူတို့အနီးသို့ လူကြီးတစ်ယောက် ရောက်လာပြီး–

'ဟဲ ဟဲ ရန်မဖြစ်ကြပါနဲ့၊ ဘာလို့ရန်ဖြစ်ချင် ရတာလဲ'

'ဒီလိုပါ ကျွန်တော်က စီးကရက် တစ်လိပ်သောက်ချင်လို့ ပိုက်ဆံတောင်းတာကို မပေးဘူးလို့ ပြောနေတယ်'

'ဘာစီးကရက် သောက်ချင်တာလဲ'

'ဟိုစီးကရက်'

'ကဲ ရော့ရော့ ငါ့ဆီမှာ ဘူးအသစ်ပါတယ်၊ ငါတူ ယူလိုက်တော့'

'ကျေးဇူးပါပဲ ဦးလေးရာ'

'စီးကရက်ဘူးကို လှမ်းယူပြီး သူ့အိတ်ကပ်စမ်းလိုက် ဟိုကြည့် ဒီကြည့် လုပ်လိုက်နဲ့ ဖြစ်နေတော့ လူကြီးက–

'ငါ့တူ ဘာများလိုသေးလို့လဲ'

'မီးခြစ် ပါမလာလို့'

'ရော့ရော့ ငါ့မီးခြစ် ယူလိုက်'

'ဦးလေးက သိပ်သဘောကောင်းတာပဲ၊ တော်တော် ရက်ရောတယ်၊ ဒါနဲ့ ဦးလေးက ဘယ်က ပြန်လာတာလဲ'

'ဆေးရုံကပါကွယ်၊ ကျန်းမာရေး သွားစစ်ကြည့်တာ၊ အဆုပ်ရောဂါ ဖြစ်နေပြီလို့ ပြောလိုက်လို့၊ ဆေးလိပ်ဖြတ်ရမယ် တဲ့ကွယ်။


ဒါပြင်း
မယူပါနဲ့

# ဒါဖြင့် မပူပါနဲ့

တစ်ခါက မြို့တစ်မြို့မှာ ဒေါ်ဂျ,မ်းစိန် ဆိုတဲ့ အပျိုကြီးတစ်ယောက်ရှိတယ်။ ဒေါ်ဂျမ်းစိန်ဟာ ခွေးလေးတွေ၊ ကြောင်လေးတွေကို အဖော်ပြုပြီး နေရတဲ့အတွက် သူ့ခွေးလေး ကြောင်လေးတွေကို သိပ်ချစ်တယ်ဆိုပဲ။

တစ်ရက်မှာတော့ နှင်းတွေပိတ်နေအောင် ကျပြီး ဆယ်ပေလောက် ကွာသွားရင်ကိုပဲ ဘာမှမမြင်နိုင်ဘဲ ဖြစ်နေတယ်၊ အချိန်က ညခုနစ်နာရီလောက်ရှိပြီ။

ဒေါ်ဂျမ်းစိန်က ခွေးလေးတွေ ကြောင်လေးတွေနဲ့ သူတိုက်ထဲတင် မီးလှုံနေရင်း မိုက်ကယ်ဂျက်စီ ဆိုတဲ့ ခွေးလေးတစ်ကောင် လိုနေတာကို သတိထားမိသွားလို့ တိုက်အပြင်မှာ လိုက်သတဲ့၊ သူ့ဝင်းခြံထဲ ပန်းရုံတွေအောက်၊ ကားဂိုဒေါင်ဘေး နေရာအနှံ့ ရှာပေမယ့် ဘယ်လိုမှ ရှာမတွေ့လို့ စိတ်ပူပြီး၊ ရဲစခန်းကို ဖုန်းဆက်သတဲ့။

'ဟဲလို ရဲစခန်းကလား'

'ဟုတ်ပါတယ်၊ ဘာအကူအညီများ လိုအပ်ပါသလဲ'

'ကျွန်မ မြို့ပတ်လမ်း တိုက်အမှတ် ၄၄ ကပါ'

'ပြောပါ နားထောင်နေပါတယ်'

'ကျွန်မရဲ့ ခွေးလေး ပျောက်နေလို့ပါ၊ တိုက်ထဲမှာ မရှိဘူး၊ ခြံထဲမှာလဲ ရှာမတွေ့ဘူး'

'အဲဒီတော့'

'နှင်းတွေက တစ်အားကျနေတော့ ကျွန်မလမ်းပေါ်ထွက်ရှာလို့လဲ မရဘူး ဖြစ်နေတယ်၊ ရှင်တို့ ကင်းလှည့်တဲ့ ကားတွေများ တွေ့မိရင် ပို့ပေးပါ'

'ဟုတ်ကဲ့ ဟုတ်ကဲ့ စိတ်မပူပါနဲ့၊ အဲဒီလမ်း တစ်ဝိုက် လှည့်ကင်း ကားတွေတွေ့ရင် ပို့ပေးဖို့ ပြောလိုက်ပါမယ်'

'အို ရှင်က ပုံသဏ္ဌာန်တွေ ဘာတွေ မေးဦးမှပေါ့၊ ဒါမှ ကျွန်မခွေးကို သိမှာ'

ရဲအရာရှိသည် သက်ပြင်းချလိုက်ပြီး

'ဟုတ်ကဲ့ အမကြီးပဲ ပြည့်စုံအောင် ပြောပြပါ'

'သေသေချာချာ မှတ်ထားပါရှင်၊ဂျက်ကီက အဖြူ ရောင်လေးရှင့်၊ အဝါပျောက်ကလေးတွေပါတယ်၊ နားရွက်ကုပ်ကလေးနဲ့ ဝဝပုပု သိပ်လိမ်မာတဲ့ ခွေးလေးပါရှင်၊ ခင်စရာလဲ ကောင်းတယ်၊ သနားစရာလဲ ကောင်းပါတယ်၊ ခု သူ့ခမျာ နှင်းတွေထဲ အေးနေရှာ့မယ်'

‘စိတ်မပူပါနဲ့ခင်ဗျာ၊ တွေ့တွေ့ချင်း ပို့ပေးပါမယ်၊ ခွေးတွေဟာ အဓားဒဏ်ခံနိုင်ကြပါတယ်’

‘အို ပူရပေါ့ရှင်၊ ကျွန်မခွေးလေးက လူတစ်ယောက်လို လိမ္မာတာရှင့်’

ရဲအရာရှိမှာ တော်တော်စိတ်ပျက်သွားပြီး

‘ဒါဖြင့် ပူမနေပါနဲ့၊ အစ်မကြီးရယ်၊ လူတစ်ယောက်လို ဖြစ်နေမှတော့ သူတစ်နေရာရာကနေ အစ်မကြီးဆီကို ပြန်လာမှာပေါ့’ ဟု ပြောကာ ဖုန်းကိုချလိုက်လေသတည်း။



# ရုံပုံငွေ

တစ်ခါက ကိုယ်ပိုင်ကျောင်း တစ်ကျောင်းသည် သူ့ကျောင်း အတွက်၊ သူ့ကျောင်းမှာ နေဖူးသော ကျောင်းသား ကျောင်းသူ ဟောင်းများထံ(ရံပုံငွေ) တောင်းခံလွှာများကို မကြာခဏ ပို့လေ့ရှိ သည်။ ကျောင်းနေစဉ်က ပေးထားခဲ့သည့် လိပ်စာအတိုင်း စာတိုက်မှ ပေးပို့နေခြင်း ဖြစ်သည်။

'ဆရာကြီး၏ ပုံတူပန်းပုရုပ်ကြီး ပြုလုပ်ရန်'

'ကျောင်းဆောင်ရှေ့ ပန်းခြံကြီး ပြုလုပ်ရန်'

'ဆင်းရဲချို့တဲ့သော ကျောင်းသားကျောင်းသူများအတွက် စာအုပ်စာတမ်းများ ဝယ်ပေးလှူရန်'

စသည်ဖြင့် ခေါင်းစဉ်အမျိုးမျိုးနှင့် တောင်းခံလေ့ ရှိပါသည်။ ကိုတက်တူမှာ ကျောင်းက ထွက်လာပြီးနောက် နှစ်ပေါင်း သုံးဆယ်တိတိ ထိုသို့သော တောင်းခံလွှာများကို မကြာခဏ ရရှိနေကာ မကြာခဏ ပေးလှူနေရသောကြောင့် စိတ်ပျက်လာသည်။

ခေါင်းစီးအနေဖြင့် တောင်းခံလိုက်သော ရံပုံငွေကို မထည့် မလှူမချင်း ခဏခဏ တောင်းခံလွှာ ပေးပို့ကာ တောင်းခံလေ့ရှိသည်။ ထို့ကြောင့် ကိုတက်တူသည် နောက်ဆုံး ရရှိသည့် အလှူငွေ တောင်းခံလွှာကိုမူ–

'သေဆုံးသွားပါပြီ' ဟု မှတ်ချက် ရေးကာ ပြန်ပို့လိုက်လေ သည်။

ကိုတက်တူမှာ ထိုသို့ပို့ပြီးသောအခါ နောက်ထပ် အလှူခံ ငွေတောင်းလွှာ ရောက်လာတော့မှာ မဟုတ်ဟု ထင်နေသည်။

သို့ဖြင့် သိပ်မကြာခင် ကာလမှာပင် ငွေတောင်းခံလွှာ တစ်စောင် ရောက်လာပြန်လေသည်။ ထိုငွေတောင်းခံလွှာတွင်–

လူကြီးမင်းခင်ဗျား

ကျွန်တော်များကျောင်းမှ ထူးချွန်စွာ အောင်မြင်သွားခဲ့ပြီး 'တက်တူပြည်ပ ပို့ကုန် လုပ်ငန်းကုမ္ပဏီ'ပိုင်ရှင်ကြီး ဖြစ်သွားခဲ့သော ဦးတက်တူအား ဂုဏ်ပြုကျောက်တိုင် စိုက်ထူရန် ရံပုံငွေ ထည့်ဝင်လှူဒါန်းပါခင်ဗျား။

ကျောင်းသားဟောင်းများ

ဟူ၍ ဖြစ်လေသတည်း။

# ကြောက်လွန်းလို့

ရဲအုပ်ဘသာသည် ရဲစခန်းတွင်းသို့ အရေးတကြီး ဝင်လာသည်။ စခန်းတွင်းတွင် ဖမ်းမိထားသော သူခိုးများ၊မှောင်ရိပ်ခိုများ၊ ဘိန်းဖြူ တရားခံများဖြင့် အလုပ်ရှုပ်လျက်ရှိသည်။ ဝင်လာစဉ်ကတည်းက စခန်းအဝင်ဝ ခုံတန်းပေါ်တွင် အဘွားကြီး တစ်ယောက် တုန်တုန်ရီရီနှင့် ထိုင်၍နေသည်ကို သတိထားခဲ့မိသည်။



ရဲအုပ်ဘသာသည် ဖမ်းမိထားသည့် တရားခံများကို စစ်ဆေးလိုက် နောက်ထပ် ဖမ်းမိထားသည့် တရားခံများကို စစ်ဆေးလိုက်၊ နောက်ထပ်ဖမ်းရမည့် တရားခံ စာရင်းပြုစုလိုက်နှင့် အလုပ်ရှုပ်နေရင်းမှ အပေါက်ဝတွင် ထိုင်၍ ကြောက်လန့်နေသော အဘွားကြီးကို သတိထားမိ နေသည်။ အလုပ်ကိစ္စများ ပြီးပြတ်မှ ခေါ်မေးတော့မည်ဟု ဆုံးဖြတ်ကာ လုပ်စရာရှိသည်တို့ကို ဆက်လုပ်ပြီးရုံးတင်တရားစွဲရမည့် တရားခံများကို ရုံးထုတ်ရန် စီစဉ်ရပြန်သည်။ အားလုံးပြီးစီးသွားမှ စခန်းအပေါက်ဝတွင် သူ့အားထိုင်စောင့်ရင်းစာဖတ်နေသည်ဟု ယူဆရသော ကြောက်ရွံ့နေသည့် အဘွားကြီး ရှိရာသို့ လျှောက်သွားလိုက်သည်။

'အမေကြီး တစ်ခုခုကို ကြောက်လန့်နေပုံရတယ်' အဘွားကြီးက မော့ကြည့်ပြီး စာအုပ်ကို ပိတ်ကာ–

'လူသတ်သမားကို ကြောက်လာလို့ ဒီကို လာတာပါ၊ တော်တော်ရက်စက်တဲ့ လူပါပဲ မောင်ရယ်၊ ကလေးတစ်ယောက်ကို ကားနဲ့တိုက်တာ သေသွားတယ်၊ အဲဒီ သေသွားတာကို မြင်လိုက်လို့ ကားနံပါတ်ကို မှတ်တဲ့လူကို ဆက်တိုက်သတ်သွားတယ်၊ အဲဒီအချိန်မှာ သူ့ကား နောက်ကြည့်မှန်ထဲမှာ သူ့ကို ရပ်ကြည့်နေတဲ့ မိန်းမတစ်ယောက်ကို မြင်သွားတယ်၊ အဲဒီမိန်းမလဲ ကြောက်လန့်ပြီး ထွက်ပြေးသွားရော အဘွားလဲ အိမ်မှာ ဆက်မနေရဲတော့ပဲ ဒီကို ထွက်လာခဲ့တာပဲ'

'ကျွန်တော် ဘယ်လိုများ အကူအညီ ပေးရမလဲ၊ အမေကြီး ကြည့်ရတာ ခုထိ ကြောက်နေတုန်းပဲ'

'မလိုတော့ပါဘူးကွယ်၊ ကျေးဇူးတင်ပါတယ်၊ ဒီတစ်အုပ်ဆိုရင် ဒီကောင်ကို မိတော့မှာပါ၊ အိမ်မှာတင်ဆိုရင် ဒီစာအုပ်ထဲက လူသတ်သမားကြောက်နေတာနဲ့ စာအုပ်ဆုံးအောင် ဖတ်ဖို့ ခက်လာလို့ ဒီမှာလာပြဖြီး ရဲစခန်း အကာအကွယ်ယူ ဖတ်လိုက်ရတာ၊ ခုတော့ ဒီကောင်မိတော့မှာပါ'

ဟု ပြောကာ အဘွားကြီးသည် စာအုပ်ကို သဲကြီးမဲကြီး ဆက်ဖတ်နေလေတော့သတည်း။



# တိကျသူ

တစ်ခါက သူနာပြု ဆရာမလေး တစ်ယောက်ရှိသည်။ သူသည် အလုပ်လုပ်ရာတွင် အလွန်တိကျသည်။ မသေချာပဲနှင့် ဘာမျှမလုပ်၊ ဆေးပညာနှင့် ပတ်သက်နေသော အလုပ်ဖြစ်သော ကြောင့် တိကျသေချာမှုလည်း ဖြစ်သည်ကိုး။

တစ်နေ့မှာထိုဆရာမလေး အရေးပေါ်လူနာဌာန၊ လူနာလက်ခံ စားပွဲတွင် ထိုင်နေစဉ် မွန်မွန်ရည်ရည်နှင့် လူတစ်ယောက် ဝင်လာသည်။

'မင်္ဂလာပါ ဆရာမလေးခင်ဗျား'

'ဟုတ်ကဲ့ မင်္ဂလာပါ၊ ဘာကိစ္စများ ရှိပါသလဲ/ ကျွန်မ ဘာများ ကူညီရမလဲ'

'ဆရာမတို့ကို လာပြီး အလုပ်ရှုပ်အောင် အလုပ်ပေးသလို ဖြစ်ရတာကိုတော့ အားနာပါတယ်၊ ဒါပေမယ့် မပေးရင် မဖြစ်တော့ လို့ပါ'

'ပြောပါ'

'မနေ့က ကျွန်တော် ကျွန်တော့်မိတ်ဆွေ တစ်ယောက်အိမ်ကို အလည်သွားပါတယ်'

'အဲဒါ ဘာဖြစ်သလဲ'

'သူ့မှာ ခွေးမွေးစကလေး တစ်ကောင်ရှိတယ်၊ သူမွေးထား တာပါ၊ သူ့နာမည်က မိုက်ခဲတဲ့'

'အဲဒီခွေးက ရှင့်ကို ကိုက်ရောလား'

'ဟုတ်တယ်၊ ဆရာမက ဘယ်လိုလုပ်သိသလဲ'

'ခွေးကိုက်မခံရရင် ရှင်ဒီကို လာစရာ အကြောင်းမှမရှိဘဲ၊ ကဲ ခွေးကိုက်ခံရတဲ့လူနာစိုရင် ပုံစံဖြည့်ဖို့ ကျွန်မ မေးခွန်းတွေ မေးမယ်၊ ရှင်ဖြေပါ'

'ကျွန်တော် သွားစရာ ကိစ္စလေး ရှိနေလို့ပါ၊ အဲဒီပုံစံတွေ မဖြည့်ဘဲ ဆေးထိုးပေးလိုက်လို့ မရဘူးလား'

'မရဘူး၊ ရိုးရိုးအနာပျောက်ဆေးထိုးရမလား၊ ခွေးရူးရောဂါ ကာကွယ်ဆေး ထိုးရမလား ဆိုတာ ကျွန်မ ခွဲခြားနိုင်မှ ဖြစ်မယ်'

ဆရာမလေး၏ အမူအယာမှာ သိသိသာသာ ပြောင်းလဲသွား ပြီး လေသံကပါ မာသွားသည်။ အလုပ်သဘောနှင့် ပတ်သက်လာ ပြီမို့ တိတိကျကျ လုပ်ပါလေပြီ။

'ဒီမှာ ခွေးလူနာ ရှင့်နာမည်ကို ပြောပါ'

'ဦးမိုက်တူးပါ'

'ဘယ်သူက ကိုက်တာလဲ'

'မိုက်ခဲကပါ'

'နာမည်ချင်းက ဆင်နေပါလား၊ ဆွေမျိုးတော်သလား'

'ကြည့်ပြောပါ ဆရာမ၊ ကျွန်တော်က လူပါ၊ လူကြီး လူကောင်းပါ'

'ကျွန်မမြင်ပါတယ်၊ ကဲအလုပ်ကို ဆက်ပြောပါဦး ခွေးလူနာ'

'ဒီနာမည်ကြီးကို ထပ်မခေါ်ပါနဲ့၊ ကျုပ်ရဲ့အလုပ်က ကန်စွန်းဥ ပွဲရုံ လုပ်ငန်းပါ'

'ဘာဥ'

'ကန်စွန်းဥ'

'ကန်စွန်းရွက် မဟုတ်ဖူးလား'

'ဥပါ၊ ဥ- ဥ'

'ဥပွဲရုံဆိုရင် ဘဲဥတို့ ကြက်ဥတို့ ရော ရှိမှာပေါ့'

'ဘဲဥ-ကြက်ဥ မရှိပါဘူး၊ သစ်ပင်က ဥတဲ့ ဥပဲရှိပါတယ်'

'မေးနေတာ ကောင်းကောင်း ဖြေပါ'

'ဒါကောင်းကောင်း ဖြေနေတာပဲဗျ၊ ကန်စွန်းဥတို့၊ ပိန်းဥတို့ မုံလာဥတို့ ရောင်းတယ်'

'ကိုယ့်ဟာကိုယ် စိုက်တာလား၊ ဝယ်ရောင်းတာလား'

'အလကားတောင်း ရောင်းတာဗျို့'

'ရှင်ဘယ်လိုဖြေတာလဲ ခွေးလူနာ'

'ခင်ဗျားကရော ဘယ်လိုမေးတာလဲ'

'မေးချင်သလို မေးမှာပဲ'

'ဒါတွေက ပုံစံထဲမှာ ရေးဖို့ လိုလို့လား'

'ဒါ ရှင့်အလုပ် မဟုတ်ပါဘူး၊ ရှင့်အလုပ်က ကျွန်မမေးတာ ဖြေဖို့ပဲ၊ အရင်ကရော အကိုက်ခံရဖူးသလား'

'ခံရဖူးပါတယ်'

'ဘယ်အရွယ်လောက်က ကိုက်တာလဲ'

'ကုလားပဲစေ့ အရွယ်လောက်က ကိုက်တာပါ'

'ရှင်ဘာကို ဆိုလိုတာလဲ'

'ကြမ်းပိုး အကိုက်ခံရဖူးတာကို ပြောတာပါ'

'ကျွန်မမေးတာက နို့တိုက်သတ္တဝါ အကိုက်ခံခဲ့ရဖူးသလား လို့'

'နို့တိုက်သတ္တဝါ မကိုက်ဖူးပါဘူး'

'ဘာလို့ မကိုက်ကြတာလဲ'

'ကျုပ်ကိုယ်က နို့မှ မထွက်ဘဲ'

'ထားပါလေ၊ ရှင့်မှာ နှမရှိသလား'

'မရှိဘူး'

'အစ်ကို'

'မရှိ'

'ညီ'

'မရှိ'

'သူတို့ကိုရော အကိုက်ခံရဖူး သလား'

'သူတို့မှ မရှိပါဘူးဆိုမှ၊ မရှိတာကို ဘယ်သတ္တဝါက ကိုက်လို့ရမှာလဲ'

'ဒီမှာ ခွေးလူနာ၊ ရှင်သတိထားပါ၊ ကျွန်မကို ပြန်မအော်ပါနဲ့၊ ဝတ္တရားနှောင့်ယှက်မှုနဲ့ ရှင့်ကို အချုပ်ထဲ ပို့ပစ်လို့ရတယ်၊ အစောင့်တွေခေါ်ပြီး ဆွဲထုတ်ခိုင်းလိုက်လို့ ရတယ်၊ ကဲဖြေ၊ ရှင့်အဖေအမေရော အကိုက်ခံရဖူးသလား'

'ကျုပ်အဖေနဲ့ အမေကို ဘယ်သူက ကိုက်မှာလဲ'

'ဒါတော့ ကျွန်မ ဘယ်သိမလဲရှင်၊ သူတို့မိတ်ဆွေရဲ့ မိတ်ဆွေ'

'နေပါဦး၊ ခင်ဗျားရော ခွေးမိတ်ဆွေ ခွေးသူငယ်ချင်းတွေ ရှိလား'

'ရှင်က ကျွန်မကို ပြန်မေးဖို့ မလိုဘူး၊ ကျွန်မမေးတာကိုသာ ရှင်ဖြေပါ၊ ရှင့်ကို ဘယ်သူကိုက်သလဲ'

'ဖြေပြီးပြီလေ၊ မိုက်ခဲ ကိုက်တာပါလို့'

'ဘယ်ကမိုက်ခဲလဲ'

'မိတ်ဆွေတစ်ယောက် မွေးထားတဲ့ ခွေးပေါက်စနလေးလို့ ပြောပြီးပြီပဲ'

'ရုံးသုံးပုံစံထဲမှာ ခွေးပေါက်စနလေးလို့ ဖြည့်လို့ မရဘူးရှင့်'

'ခွေးတစ်ကောင်ဗျာ၊ ခွေးတစ်ကောင်ရဲ့ ကလေးဗျာ'

'စကားကို ရှုပ်အောင် မပြောပါနဲ့ ခွေးလူနာ၊ ခွေးကိုက်တယ်လို့ ရိုးရိုးပြောပါ'

'ကောင်းပါပြီ၊ ကောင်းပါပြီ၊ ကျွန်တော့်ကို ခွေးကိုက်ပါတယ်'

'အထီးလား၊ အမလား'

'ကမြင်းမလေးပါ၊ အမကလေးဖြစ်ပြီး အားကြီးကမြင်းပါတယ်'

'ရိုင်းစိုင်းတဲ့စကားတွေ မပြောပါနဲ့၊ ခွေးလူနာ၊ ကျွန်မအစောင့်ကို ခေါ်လိုက်ရမလား'

'ကျုပ်ကို ခွေးလူနာ၊ ခွေးလူနာ မခေါ်ပါနဲ့ ခင်ဗျားကမှ ခွေးလူနာပါ'

'ကျွန်မဒီမှာ အလုပ်လုပ်နေတာ ကြာပါပြီ'၊ အသက်လဲ သုံးဆယ်ရှိပြီ၊ ဘယ်တုန်းကမှ ခွေးကိုက်မခံရဖူးဘူး၊ ကဲရှင် ကျွန်မမေးတာတွေဖြေပါ၊ ခွေးမ'

'အဲလေ ခွေးက ဘယ်နေရာကို ကိုက်တာလဲ၊ ခွေးလူနာ'

လူနာမှာ မျက်ရည်များ ဝိုင်းနေပြီး မျက်နှာပေါ်မှ ကြွက်သားများ ဆတ်ကနဲဆတ်ကနဲ တုန်နေပြီး နှုတ်ခမ်းများကလည်း တရှူရှူနှင့် လှုပ်လာကာ'

'ကျုပ်၊ ကျုပ် ခင်ဗျားကို လက်တွေ့ကိုက်ပြမယ်၊ ကိုက်၊ ကိုက်'

ပြောရင်းဆိုရင်း ပါးစပ်ထဲမှ အမြှုပ်များ စီးထွက်လာသည်။ ဆရာမလေးသည် ထိုနေရာမှ ထွက်ပြေးသွားသည်။ လူနာသည် အခန်းထ တွင် ဂျွမ်းထိုးမှောက်ခုံ ဖြစ်ကာ၊ တွေ့သမျှ စာရွက်စာတမ်း ဖိုင်များကို ကုပ်ဆွဲ ကာ သောင်းကျန်းနေသည်။ ဆရာမလေးအခြား အခန်းမှာ ရှိနေ၍ ဖုန်းလှမ်း ဆက်လိုက်သည်။

'ဟဲလို၊ ဟဲလို လူနာတင်ကား ဌာနကလား၊ ဟုတ်ကဲ့ အရေးပေါ် လူနာဌာနကို အမြန်လာပါ၊ ခွေးရူးပြန်နေတဲ့ လူနာ ရှိနေပါတယ်၊ သေချာပါတယ်၊ ခွေးရူးကိုက်ခံရတာ ဟုတ်မဟုတ် သိရအောင် ကျွန်မ ငါးမိနစ်လောက် မေးခွန်းတွေ ထုတ်လိုက်တာ စိတ်တိုရာကနေ ဖေါက်ပြန်လာပြီး ဒေါသဖြစ်လာပြီး ခွေးရူးပြန် တော့တာပါပဲ'

တိကျသူ ဆရာမလေးသည် ဖုန်းကို ချလိုက်သည်။

ဗစ်တာအာဒေါဗ်၏ ဆရာမ၏အစွမ်း ဝတ္ထုကို ပုံပြင်အဖြစ် ပြုပြင်ဖန်ထားသည်။



သက်ဆွေ
၏

# သက်သေခံပစ္စည်း

တစ်ခါက မြို့လေးတစ်မြို့မှာ လူသတ်မှု ဖြစ်သတဲ့၊ လူသတ်မှု ဖြစ်တဲ့အခါ သေနေတဲ့ လူရဲ့အနားမှာ ဦးထုပ်တစ်လုံးကို တွေ့ရသတဲ့၊ ရဲတွေရောက်လာပြီး စစ်ဆေးကြည့်လိုက်တော့ သေဆုံးသူရဲ့ အနီးအနားမှာ တွေ့ရတဲ့ ဦးထုပ်မျိုးကို လမ်းထိပ်ကွမ်းယာဆိုင်ကလူ ဆောင်းလေ့ရှိတယ် ဆိုတာ စုံစမ်းသိရှိရပြီး၊ အဲဒီလူကို ဖမ်းလို့ ရုံးတင် တရားစွဲလိုက် ကြတယ်။

ဒီတော့ တရားခံက ရှေ့နေငှားရတာပေါ့၊ ရှေ့နေကတော့ ဒီအမှုကို သူနိုင်အောင် လိုက်ပေးမယ်၊ လုံးဝလွတ်စေရမယ်၊ ဘာမှမပူနဲ့လို့ အမှုသွား အမှုလာကို ကြည့်ပြီး လက်ကံလိုက်တယ်’

ဒီလိုနဲ့ ရုံးချိန်းတဲ့နေ့ ရောက်လာတော့ ရှေ့နေက သက်သေခံ ပစ္စည်းအဖြစ် တင်ပြထားတဲ့ ဦးထုပ်မျိုး တစ်ဒါဇင်လောက် ယူလာတယ်၊ ပြီးတော့မှ လျှောက်လဲချက် ပေးသတဲ့’

တရားသူကြီး ခင်ဗျား၊ တရားလိုဘက်က တင်ပြထားတဲ့ တရားသူကြီးရှေ့မှ ဦးထုပ်မျိုးတွေဆယ့်နှစ်လုံးတိတိ ပထမတင်ပြ လိုပါတယ်၊ ဘာလို့လဲဆိုတော့ ဒီဦးထုပ်မျိုးဟာ ကျွန်တော်ရဲ့ အမှုသည်တစ်ယောက်တည်း ဆောင်းတာမဟုတ်ပါဘူး၊ ကျွန်တော်မျိုးရဲ့ အမှုသည်ဆီမှာသာ တစ်လုံးတည်းရှိတဲ့ ဦးထုပ်လဲ မဟုတ်ပါဘူး၊ ဒီဦးထုပ် လုပ်တဲ့ဆီကလဲ တစ်လုံးတည်းသာ

ထုပ်လုပ်ခဲ့တာ မဟုတ်ပါဘူး၊ ဦးထုပ်အမြောက်အမြား ထုတ်လုပ်ပြီး နယ်အနှံ့အပြားကို ဖြန့်ချီ ရောင်းချခဲ့တာဖြစ်ပါတယ်၊ အဲသလို အများအပြား ထုတ်လုပ်ရောင်းချနေတယ် ဆိုတဲ့ စကားအတွက် သက်သေပြဖို့ရာ ကျွန်တော်မျိုး ဒီဦးထုပ်များကို တင်ပြလိုပါတယ်'

'ကောင်းပါပြီ၊ ရှေ့နေကြဖ်း တင်ပြတဲ့ သက်သေခံပစ္စည်းကို လက်ကမလိုက်ပါပြီ'

'တရားသူကြီးခင်ဗျား၊ ကျွန်တော်မျိုး ဆက်လက်လျှောက်ထားပါရစေ၊ သက်သေခံတင်ပြထားတဲ့ ဦးထုပ်မျိုးတွေဟာ အများအပြား ရောင်းချနေတာဖြစ်တဲ့အတွက် အခြားမြို့ရွာက လူများလဲ ဆောင်းနိုင်ပါတယ်၊ အဲဒီ ဦးထုပ်မျိုး ဆောင်းတဲ့ တစ်ခြားမြို့က လူတစ်ယောက်ယောက်ဟာ ဒီမြို့မှာ လာပြီး လူသတ်မှု ကျူး လွန်မိမယ် ကပြာကယာ ထွက်ပြေးရလို့ ဦးထုပ်ကျန်ရစ်ခဲ့တာမျိုးလဲဖြစ်နိုင်ပါတယ်'

တရားသူကြီးက နားထောင်ရင်း ခေါင်းငြိမ့်သည်။

'သေဆုံးတဲ့သူရဲ့ အနီးမှာ ဒီဦးထုပ်ကလေးတစ်လုံး တွေ့ရယုံနဲ့ ကျွန်တော်မျိုး အမှုသည် သတ်ပါတယ်လို့ စွပ်စွဲဖို့ မသင့်ပါဘူး၊ ဒီသက်သေခံ ပစ္စည်းဟာ ခိုင်လုံတဲ့ သက်သေခံပစ္စည်းလို့ ယူဆရန်ခက်ပါတယ်၊ သာမာန်သက်သေခံပစ္စည်း အဆင့်ပဲ ရှိပါတယ်၊ ဒီဦးထုပ်ကလေး တစ်လုံးကို အကြောင်းပြုပြီးတော့ဖြင့် ကျွန်တော်မျိုး အမှုသည်ကို အပြစ်ပေးမယ် ဆိုရင် လုံး၀တရားမျှတမှု မရှိဘူးလို့

လျှောက်ထားပါရစေ၊ တင်ပြထားတဲ့ သက်သေခံ ပစ္စည်းဟာ မခိုင်လုံတဲ့အတွက် ကျွန်တော်မျိုးရဲ့ အမှုသည်ကို လုံးဝလွှတ်ပေးဖို့ ကိုပါ ထပ်ဆင့် လျှောက်ထားပါရစေ'

လို့ ရှေ့နေက လျှောက်ထားသတဲ့၊ ဒီတော့ တရားသူကြီးကလဲ ဟုတ်ပေသားပဲ၊ ဦးထုပ်ဟာ ဘယ်သူဝယ်ဆောင်းဆောင်း ရနိုင်တာပဲ၊ ဒီလူတစ်ယောက်တည်းဆီမှာသာ ရှိတာမှ မဟုတ်ပဲ၊ ဒီတော့ သံသယအကျိုး တရားခံမှာ ခံစားထိုက်တယ် လို့ ဆုံးဖြတ်ပြီး အမှုကနေ လွှတ်ပေးလိုက်တယ်။

တရားခံဟာ သူ့ကိုလွှတ်ပေးလိုက်တဲ့ အကြောင်း ပြောပြီး တာကိုပဲ တရားရုံးထဲက ထွက်မသွားသေးပဲ ရပ်နေလို့ တရား သူကြီးက၊

'မောင်မင်း၊ ဘာများ ပြောစရာရှိသေးလဲ'

တရားသူကြီးက အဲသလိုမေးတဲ့အခါ တရားခံက ပြန်ပြော လိုက်တဲ့စကားကြောင့် ရှေ့နေဟာ မျက်လုံး အပြူးသားနဲ့ သူ့နဖူးကို သူ့လက်ဝါးနဲ့ ရိုက်လိုက်သတဲ့၊ တရားခံ ပြန်ပြောလိုက်တဲ့ စကားက၊

'ဟိုး၊ ဟိုး၊ ကျွန်တော်မျိုး အမှုပြီးပြီဆိုရင် ဦးထုပ်ကလေး ပြန်ရမလားလို့'

ဟူသတည်း။



## လူ့အလိုနတ်မလိုက်နိုင်

တစ်ခါက နတ်ပြည်မှာနတ်သားပေါင်းစုံ စုမိလို့နတ်စကားဝိုင်း ဖွဲ့ကြတယ်တဲ့၊ အဲဒီမှာ နတ်သားတစ်ပါးက ပြောတယ်၊

'ကျုပ်တို့ဟာ လူ့ပြည်က ကာကြပေမယ့် လူတွေအကြောင်းကို ပြည့်ပြည့်စုံစုံ သိခဲ့ကြတာ မဟုတ်ဖူးဗျ'

'ဟုတ်လား'

'ဟုတ်ပ့၊ ကျုပ်တို့မသိသေးတာတွေက အများကြီး ရှိသေးတယ်၊ အဲဒါကြောင့် လူ့အလို နတ်မလိုက်နိုင် ဆိုတဲ့စကား ပေါ်လာရတာပေ့'

ဆိုပြီး ပြောသတဲ့၊ အဲဒီတော့ နတ်စကားဝိုင်းမှာ ရှိနေတဲ့ တစ်ကြားနတ်သား တစ်ပါးက

'အသင်နတမင်း မယုံဘူးဆိုရင် ကိုသာ၀ဆိုတဲ့ လူနဲ့သွားပြီး တွေ့ကြည့်ပါ၊ ကိုသာ၀ဆိုတာ အရင် ကျုပ်လူ့ဘ၀တုန်းက တစ်ရပ်တည်း အတူနေခဲ့တာ၊ အလွန်ကောက်ကျစ်တယ်၊ အပြစ်ပြောလို့ မရလောက်အောင် လည်လို့ သူနဲ့ ဘယ်သူမှ မပေါင်းရဲဘူး၊ အသင်လက်တွေ့ သွား စမ်းကြည့်ပါလား'

'ကောင်းပြီ၊ ကျုပ်သွား စမ်းကြည့်မယ်'

အဲသလို ပြောပြီး နတ်သားတစ်ပါးဟာ လူ့ပြည်က ကိုသာ၀ ဆီကို ဆင်းလာသတဲ့၊

ကိုသာဝကလဲ အိမ်ဦးခန်းမှာ အိပ်ပြီး သူ့စိုက်ခင်းအတွက် ထွန်ဖို့ထယ်ဖို့ မျိုးစေ့ဝယ်ဖို့ ငွေလိုနေလို့ စိတ်ပျက်နေတုန်း ဖြုန်းဆို အိမ်ပေါက်ဝမှာ နတ်သားကို တွေ့လိုက်ရသတဲ့၊ ကိုသာဝဟာ နတ်သားကို လျက်ဆားရောင်းတဲ့ လူမှတ်လို့

'တော်ပါပြီ ကျုပ်တို့လျက်ဆား မဝယ်ချင်သေးဘူး'

'နေပါအုံး၊ အသင်က ကျုပ်ကို ဘယ်သူမှတ်လို့လဲ'

'လျက်ဆား ရောင်းတဲ့လူ မှတ်လို့ပေါ့'

'ကျုပ် လျက်ဆား ရောင်းတဲ့လူ မဟုတ်ဖူး'

'ဒါဖြင့် ဇာတ်ထဲက လူလား'

'မဟုတ်ဘူး'

'ဒီမှာ အူကြောင်ကြောင် လာလုပ်မနေနဲ့၊ ဗဗဗဗဗဗဗဗ စိုက်ပျိုးစရိတ် မရှိလို့ စိတ်ရှုပ်ရတဲ့အထဲက ပြောစမ်း၊ ခင်ဗျား ဘယ်သူလဲ၊ ဝတ်ထားတာကိုက ကို့ယို့ကားယားနဲ့'

ကိုသာဝ ဒေါသလဲ နည်းနည်းဖြစ်လာလို့ ငုတ်တုတ် ထထိုင်သတဲ့၊ အဲဒီတော့ နတ်သားက

'အသင်လူသား၊ ကျုပ်ဟာ နတ်ဖြစ်တယ်၊ အသင် လူသား ဘာအလိုရှိသလဲပြော၊ အကျိုးအမြတ် တစ်ဝက်စီ ရရှိမယ့် ၁လုပ်မျိုးစို ၁သင့်ကူညီမယ်'

'ဟား ဒီနတ်က စဖဲးပွားရေးနတ်ပါလား၊ ကူညဖတာကိုပဲ နှောင်ကြိုးနဲ့ ဟင်းဟင်း သာဝအကြောင်း ပြလိုက်ရသေးတာပေါ့' လို့ စိတ်ထဲက ရေရွတ်ပြီး

'ကဲ အသင်နတ်သား၊ အသင်ဟာ နတ်သားစင်စစ် ဧကန်ဖြစ် တယ်ဆိုရင် ကျုပ်ကို စိုက်ပျိုးစရိတ် ထုတ်ပေးပါ၊ အကျိုးခံစားခွင့်ကို တော့ အသင်နတ်သား ကြိုက်သလိုပေးပါ့မယ်၊ ကြိုသာပြောပါ'

'ကောင်းပြီ၊ အသင့်ကို စိုက်ပျိုးစရိတ် ပေးခဲ့မယ်'

'ကျေးဇူးပါပဲ၊ သစ်ပင်တွေ ဖြစ်တဲ့အခါ မြေအပေါ်က အပိုင်းကို ယူမလား၊ မြေအတွင်းက အပိုင်းကို ယူမှာလား'

နတ်သားက စဉ်းစားပြီး၊

'ကျုပ်ကို မြေအပေါ်ပိုင်းပေးပါ' လို့ပြောလိုက်တယ်၊ ဒီလိုနဲ့ စရိတ်ထုတ်ပေးပြီး နတ်ပြည်ပြန်တက်ခဲ့တာပေါ့၊ နတ်ပြည်ရောက်လို့ တစ်လခွဲ နှစ်လကြာတော့ လူ့ပြည်တစ်ခါ ပြန်ဆင်းလာတယ်၊ အဲဒီတော့ အပင်တွေက နှုတ်ရမယ့်အရွယ် ရောက်နေပြီ၊ နတ်သားလဲ ရောက်လာရော၊ ကိုသာဝက

'ကဲ အသင်နတ်သား၊ နှစ်ဦးသဘောတူ ကတိထားခဲ့ကြတဲ့အတိုင်း မြေအပေါ်မှာရှိသမျှ အသင်ယူပါတော့'

ဆိုပြီး ဖြတ်ပေးသတဲ့၊ စိုက်ထားတာက မုံလာဥတွေ ဆိုတော့ နတ်သားဟာ သုံးမရတဲ့ အရွက်တွေချည်း ရပြီး ကိုသာဝ ကတော့ မြေကြီးထဲက ဥတွေကို တူးလို့ ရောင်းစားသတဲ့၊ နတ်သားဟာ တော်တော် စိတ်ညစ်သွားသလို ရှက်လဲရှက်တာနဲ့ ကိုသာဝကို ပြောသတဲ့။

'အသင်နဲ့ ကျုပ်နောက်ထပ် အလုပ်အတူ လုပ်ကြဦးစို့ရဲ့၊ ဒီတစ်ခါတော့ ကျုပ်က မြေအောက်ပိုင်းကို ယူမယ်၊ အသင်က မြေပေါ်ပိုင်းကိုယူ'

ဆိုပြီး သဘောတူကြပြန်တယ်၊ ကိုသာဝလဲ ကောင်းပြီဆိုပြီး ထွန်ယက်စိုက်ပျိုး ထားလိုက်သတဲ့၊ နောက်နှစ်လလောက်ကြာတဲ့အခါမှာတော့ နတ်သားဟာ လူ့ပြည်ကို ဆင်းလာပြန်တယ်၊ အဲဒီတော့ ကိုသာဝက

'ဟန်ကျတာပဲဗျို့၊ အပင်တွေက ရာင်းရတော့မယ်၊ ကဲကျုပ်တို့ သဘောတူထားခဲ့ကြတဲ့အတိုင်း ခင်ဗျားက မြေအောက်ပိုင်း ယူပေတော့၊ ကျုပ် အပေါ်ပိုင်းကဟာတွေ ဖြတ်ယူပြီ'

ဆိုပြီး စိုက်ထားတဲ့ ပန်းမုံလာတွေကို အကုန်ခုတ်ရောင်းသတဲ့၊ နတ်သားဟာ သုံးမရတဲ့ အမြစ်တွေကိုပဲ ရလိုက်တယ်။

ဒီလိုနဲ့ နတ်ပြည်ကို ပြန်လာပြီး နတ်သားတွေ စုမိတဲ့ နတ်စကားဝိုင်းကို ရောက်တော့

'ဘယ့်နှယ်လဲ လူ့ပြည်အတွေ့အကြုံလေး ပြောစမ်းပါဦး'

'မလွယ်ဘူးဗျို့၊ လူ့အလို နတ် မလိုက်နိုင်ဆိုတဲ့စကားဟာ အလွန်မှန်တာပဲ၊ လူတွေနဲ့ ပေါင်းရတာ သိပ်ခက်သဗျ၊ သူတို့ကနတ် အလို လိုက်ပေါင်းတာကိုပဲ ကျုပ်မှာခံလာရတယ်၊ နတ်တွေကသာ လူတွေရဲ့ အလိုလိုက် ဦးစားပေး ပေါင်းရမယ်ဆိုရင် ဘယ်လိုမှ လိုက်နိုင်မှာ မဟုတ်ဘူးဗျို့'

လို့ ပြောသတဲ့။

## သေရဲပါတယ်ခင်ရယ်

တစ်ခါတုန်းက မြို့လေးတစ်မြို့မှာ ကိုသြဘာ ဆိုသူတစ် ယောက်ရှိတယ်၊ သူဟာ တစ်မြို့တည်း အတူနေတဲ့ မစိန်တူကို ချစ်လွန်းလို့ အခွင့်သင့်တိုင်း ချစ်ရေးဆိုလေ့ ရှိသတဲ့။

'မစိန်တူ ကျွန်တော့်ကို မချစ်ဖူးလား'



ဖော်ပြပါတယ်ခင်ဗျ

'စဉ်းစားပါရစေဦးရှင်'

'ကျွန်တော်ကတော့ မစိန်တူကို ချစ်တယ်'

'အဲဒါ ရှင့်အလုပ်ပဲလေ၊ ကျွန်မက ဘာပြောလို့ ရမှာလဲ၊ ချစ်ပေါ့'

'မစိန်တူ ပြန်ချစ်နိုင်မယ့် နေ့ကို မျှော်နေမယ်နော်'

အဲသလိုချည်း ပြောပြောနေတယ်ဆိုပဲ၊ စိန်တူကလဲ ကိုသြဘာကို ဘယ်လိုမှ အိမ်ထောင်ဖက် တစ်ယောက်အဖြစ် စိတ်ကူးလို့ မရဘူး ဖြစ်နေတယ်၊ အဲသလိုနဲ့ သုံးနှစ်သုံးမိုး ရှိနေပြီ'

အဲဒီအချိန်မှာပဲ မစိန်တူကို ကြိုက်တဲ့ နောက်တစ်ယောက် ပေါ်လာပြန်တယ်၊ အဲဒီလူက စီးပွားရေးသမားပဲ၊ ကုန်သည်ဆိုပါတော့ မစိန်တူတို့ နေတဲ့မြို့ကို လာပြီး ကုန်တွေရောင်းတယ်၊ မော်တော်ကားတစ်စီး အပြည့်ဆိုပါတော့၊ ကုန်တွေရောင်းပြီး ပြန်တဲ့အခါ မစိန်တူတို့မြို့က ထွက်ကုန်တွေကို ၀ယ်ပြန်တယ်၊ အဲဒီမှာ လာရောင်းနေတုန်းကို တည်းတော့ မစိန်တူတို့အိမ်မှာပဲ တည်းတယ်လေ၊ သူ့နာမည်က ကိုဗလတဲ့၊ အနေနီးတဲ့အတွက် ကိုဗလက မစိန်တူကို စိတ်၀င်စားသလို မစိန်တူကလဲ အရောင်းအ၀ယ်တော်တဲ့ ကိုဗလကို အားကိုးချင်တာပေါ့။

ဒီလိုနဲ့ ကိုဗလကလဲ သူ့မိဘများကို ခေါ်လာပြီး ကောင်းကောင်းမွန်မွန် စေ့စပ်တယ်၊ သူတို့စေ့စပ်ပြီးတော့ ကိုသြဘာက မစိန်တူကို တွေ့ပြီး

'မစိန်တူ မင်းတကယ် ယူတော့မှာလား'

'ဟုတ်ကဲ့'

'မင်းလက်ထပ်ပြီးတာနဲ့ ကျုပ်ရဲ့ နာရေးသတင်းကြားရပါလိမ့်မယ်၊ ကဲ နှုတ်ဆက်ခဲ့ပါတယ်'

ကိုဩဘာဟာ အဲသလိုပြောပြီး အဲဒီမြို့လေးက ပျောက်သွားတယ်။

မစိန်တူလဲ ကိုဗလနဲ့ လက်ထပ်ခဲ့တာ ခုဆိုရင် နှစ်သုံးဆယ်ကျော်သွားပြီ၊ အဲသလို နေရင်း တစ်နေ့က မနက်မှာတော့ သတင်းစာဖတ်နေတဲ့ မစိန်တူဟာ မျက်လုံးပြူးသွားတယ်၊ ပြီးတော့ သူ့ခင်ပွန်း ကိုဗလကို မေးလိုက်တယ်။

'မောင် လွန်ခဲ့တဲ့ နှစ်သုံးစယ်ကျော်က စိန်ပြောပြတဲ့ ကိုဩဘာဆိုတာလေ စိန့်ကို မရရင် သူ့နာရေးသာ စောင့်ဖတ်ပါ၊ အသေခံလိုက်မယ်လို့ ပြောသွားတာလေ'

'အင်း မှတ်မိပြီ'

'ခု သူသေသွားပြီတဲ့၊ ဒီမယ် နာရေးကြော်ငြာ ပါလာတယ်'



တို့
အချစ်က

## တို့အချစ်ကပိုပါတယ်

တစ်ခါတုန်းက သိပ်ချစ်တဲ့ ကောင်လေးနဲ့ ကောင်မလေး နှစ်ယောက်ရှိကြတယ်။ သူတို့ဟာ တွေ့ကြတာနဲ့ ကောင်မလေးက ကောင်လေးကို မေးတော့တာပဲ။

သူ့ကိုတစ်ကယ် ချစ်လားပေါ့။

တစ်ရက်မှာလဲ အဲသလိုပဲ သူတို့နှစ်ယောက် ဆုံမိကြတော့ ကောင်မလေးက စမေးတယ်။

'မောင်'

'ဘာလဲ'

'မောင့်ကို မေးစရာရှိလို့'

'မေးလေ'

'မောင်ခင့်ကို တကယ်ချစ်ရဲ့လား'

'ချစ်တာပေါ့'

'အာဒမ်က ဧဝကို ချစ်ခဲ့တဲ့ ကမ္ဘာဦးအစ အချစ်ထက်တောင် မောင့် အချစ်က ပိုပါတယ်'

'ပိုပြီ'

'တကယ်ပါ'

'ဘယ်လိုလုပ် ယုံရမှာလဲ'

'အာဒမ်က ဧဝကိုချစ်တာက ကမ္ဘာဦးအစမှာ ချစ်စရာဆိုလို့ ဧဝတစ်ယောက်တည်း ရှိတာမဟုတ်လား၊ မောင်ကခင့်ကို ချစ်တာက ချစ်စရာတွေ အများကြီး ရှိနေတဲ့ အချိန်မှာ တစ်ခြား ဘယ်သူ့ကိုမှ မချစ်ဘဲ ခင့်ကို ချစ်တာပါကွယ်'



# တစ်ဝက်ပဲယုံ

တစ်ခါက ဒေါ်ဖွားစိန် ဆိုတဲ့ မိန်းမကြီး တစ်ယောက်ရှိတယ်၊ သူဟာ အမြဲတမ်း စကားကို ချဲ့ကား ပြောလေ့ရှိတယ်၊ မဟုတ်တာ ဟုတ်တာ အပိုတွေ ပြောတဲ့အခါ ပြောတယ်။

'ဟဲ့ မင်းတို့ကြားပြီးပြီလား'

'ဘာများလဲ ဒေါ်ဖွားစိန်'

'ဦးပိန်တံတားမှာလဲ ကလေး လေးဆယ့်နှစ်ယောက် ရေနစ်တယ် ဆိုတာ'

'ကလေးလေး နှစ်ယောက်ပါဗျာ၊ ကလေးလေးဆယ့် နှစ်ယောက် မဟုတ်ပါဘူး'

'ဟုတ်လား သိပါဘူး၊ ငါကလဲ ကားပေါ်မှာ ပြောသွားတာ နားစွန်နားဖျား ကြားလိုက်ရလို့'

ဒေါ်ဖွားစိန်ရဲ့ စကားကို ယုံလို့ မှားတဲ့လူတွေလဲ ရှိဖူးတယ်၊ တစ်ခါကလဲ ရွာထိပ်မှာ ခြံတစ်ခြံဝယ်ပြီး မြို့ပေါ်ကလူတွေ ပြောင်း လာတယ်၊ အဲဒီခြံမှာ ခြံရှင် လူကြီးရယ်၊ ခြံစောင့် လင်မယားရယ်၊ ခြံရှင်လူကြီးရဲ့ အဒေါ်ဆိုတာလဲ ပါလာတယ်၊ အဲဒီခြံရှင်ရဲ့ အဒေါ်နဲ့ ဒေါ်ဖွားစိန် တိုင်ပင်ပြီး အရပ်ထဲက သင့်တော်မယ့် မိန်းကလေး တစ်ယောက် ပြောဆိုပေးဖို့ ခြံရှင်အတွက် မိန်းမရှာတယ်။

ဒေါ်ဖွားစိန်လဲ အရပ်ထဲက အပျိုကြီး မအုန်းမြိုင်ကို နားချတယ်၊ မအုန်းမြိုင်ကလဲ ခြံရှင် သူဌေးက သူ့ကြိုက်တာ သေချာရဲ့လားပေါ့၊ ဒီတော့ ဒေါ်ဖွားစိန်က

'သူ့အဒေါ်က ငါ့ကို သေသေချာချာ ပြောတယ်ဟဲ့၊ သူ့မှာ သစ္စာရှိရှိ ရိုးရိုးသားသား အိမ်ထောင်ဖက် လိုချင်နေတာ တစ်ပိုင်းကို သေနေတာပဲတဲ့'

'ဒါဖြင့်လဲ ပြီးတာပဲလေ၊ တော်နေကြာ သူက မကြိုက်ရင် ကျွန်မမှာ ဒုက္ခ'

'အို့ မိန်းမလိုချင်လိုက်တာ တစ်ပိုင်းကို သေနေတာပဲဆို၊ ပွင့်ပွင့်လင်းလင်းကြီး ပြောထားတဲ့ဟာအေ'

သို့ဖြင့် အပျိုကြီး မအုန်းမြိုင်က လက်ခံလိုက်တယ်၊ မောင်လေး ဘက်က အဒေါ်ဖြစ်သူက လာပြီး စကားကြောင်းလမ်းတယ်၊ မအုန်းမြိုင်ကလဲ မိဘမရှိလို့ နေရာတာက ဦးလေးတွေအဒေါ်တွေနဲ့ နေရတာဆိုတော့ မင်္ဂလာဆွမ်းပဲ ကျွေးလိုက်မယ်၊ ပွဲခင်းမနေတော့ဘူး၊ ပွဲခင်းလို့ ကုန်ကျမယ့် ငွေတစ်သောင်းကို ဦးလေးတွေ ယူလိုက်ပါတော့၊ သူကလဲ ကျေးဇူးဆပ်ပြီး ဖြစ်အောင်ဆိုပြီး ရွာထိပ်ခြံကြီးဆီ လိုက်သွားတယ်။

ဘာကြာလို့၊ နောက်ရက်မနက်ကျတော့ ရွာထဲပြန်ပြေး လာပြီး ဒေါ်ဖွားစိန်ကို ရန်တွေ့တော့တာပဲ၊ တော်တစ်စက်မှ မကောင်းဘူး၊ တော်လိမ်တယ်ချည်း ပြောပြီး ငိုရင်း ခြံကြီးဆီကို ပြန်သွားတယ်၊ ခုမှတော့ မထူးတော့ပါဘူးဆိုပြီး ပြန်ပေါင်းတဲ့ သဘောပေါ့။

နောက်တော့မှ အရပ်က သိကြတယ်၊ မအုန်းစိန်နဲ့ လက်ထပ်လိုက်တဲ့ လူကြီးက ကိုယ်တစ်ပိုင်း သေနေတာတဲ့၊ အဲဒီလူကြီး အဒေါ်က ဒေါ်ဖွားစိန်ကို ပြောတော့ သူ့တူတစ်ပိုင်းသေနေတဲ့ လူကို မိန်းမပေးစားချင်လို့ ဆိုပြီး ပြောတာကို ဒေါ်ဖွားစိန်က 'သူ့တူမိန်းမလိုချင်တာ တစ်ပိုင်းကိုသေလို့ဆိုပြီး မှာကြားခဲ့တာ တဲ့လေ။

အဲဒီကတည်းက ဒေါ်ဖွားစိန်ရဲ့ စကားဆိုရင် တစ်ဝက်ပဲ ယုံရမယ်လို့ အရပ်က သတ်မှတ်လိုက်ကြတယ်။

ဟိုးတစ်နေ့ကတော့ ကိုသာဗျောဆိုတဲ့လူကို သူ့မိန်းမက မေးတယ်တဲ့၊ ဒေါ်ဖွားစိန်ရဲ့စကားကို တစ်ဝက်ပဲ ယုံရမယ်တဲ့၊ ဒေါ်ဖွားစိန်ရဲ့ စကားကို တစ်ဝက်ပဲယုံရမယ်ဆိုတာတော့ ဟုတ်ပါပြီ၊ ဘယ်တစ်ဝက်ကို ယုံရမှာလဲတဲ့၊ ရှေ့တစ်ပိုင်းတစ်ဝက်လား၊ နောက်ပိုင်းတစ်ဝက်လားတဲ့။



# အကြံပိုင်ပါမှ

တစ်ခါက မြို့တစ်မြို့မှာ သတိအလွန်မေ့တတ်တဲ့ ကိုခွေးဆို သူတစ်ယောက် ရှိသတဲ့။ သူဟာ သတိမေ့တတ်ပေမယ့် သူ့အတွက် နစ်နာဆုံးရှုံးမှု မဖြစ်ရအောင်တော့ အမြဲ ကြိုတင် ကာကွယ်လေ့ ရှိတယ်၊ သူ့ကို သိတဲ့လူတိုင်းက အကြံပိုင်သော ငခွေးလို့ ခေါ်ကြတယ်။

သူ့အိမ်အောက်မှာ ကြက်တွေ မွေးထားပေမယ့် ဘယ်တော့မှ ကြက်စာမကျွေးဘူး၊ သူ့ကိုဘာလို့ ကြက်တွေ အစာမကျွေးရတာလဲ လို့ မေးရင်

'ကျုပ်က အလွန်မေ့တတ်တာဗျ၊ ထမင်းကိုတောင် စားပြီ 'မှတ်ပြီး တစ်ဝက်တစ်ပျက်နဲ့ သွန်သွန်ပစ်လို့ ကြက်တွေကို အထူး အစားကျွေးနေဖို့ မလိုတော့ဘူးလေ၊ မွေးထားတာကိုက ကျွန်တော် မေ့ပြီး သွန်ပစ်တဲ့ ထမင်းတွေ အလဟဿ မဖြစ်ရအောင်လို့'

ဆိုပြီး ဖြေတယ်။ အဲသလိုနဲ့ တစ်ရက်တော့ သူက ထီးတစ်လက်ကို မိုးရာသီအစမှာ ဝယ်လိုက်တယ်၊ ဝယ်ပြီးတော့ သူ့အိမ်ရောက်တာနဲ့ စာတစ်စောင် ရေးလိုက်တယ်။ အဲဒီစာကတော့

‘လူကြီးမင်း ခင်ဗျား’

ကျွန်တော်ဟာ အလွန်သတိမေ့ တတ်ပါတယ်ဒီထီးကိုလဲ ဘယ်နေ့ဘယ်အချိန်မှာ ကျွန်တော် မေ့ထားခဲ့ပြီး လူကြီးမင်းလက် ရောက်မယ် မသိပါဘူး ‘လူကြီးမင်း ဒီထီး ကိုရတဲ့အခါ ကျွန်တော်ထံကို ထီးပြန်မပို့ပါနဲ့၊ ငွေတစ်ဆယ်ပဲ ပို့ပေးစေလိုပါတယ်။ မေ့ကျန်ခဲ့တဲ့ ကျွန်တော့်အတွက် စိတ်ဖြေသာအောင်လို့ပါ။

ယုံကြည်စွာဖြင့်
ကြိုတင်ကျေးဇူးတင်လျက်
ကိုခွေး
အိမ်အမှတ်– ၁၀
ညောင်ပင်သာလမ်း။

ဆိုတဲ့ စာကို ရေးလိုက်တယ် ပြီးတော့ အဲဒီစာကို ပလပ်စတစ်လောင်းပြီး ထီးအတွင်းဘက် မြင်သာတဲ့ နေရာမှာ ကပ်ချုပ်ထားလိုက်တယ်။

အဲသလို ချုပ်ထားပြီ ဆောင်းလိုက်တာ သုံးရက်လောက် ရလာတော့ ဘယ် မေ့ထားခဲ့မိမှန်း မသိဘဲ ပျောက်သွားတယ်။ ပျောက်သွားပြီး နှစ်ရက်လောက်နေတော့ ကိုခွေးထံကို ငွေတစ်ဆယ် ရောက်လာတယ်၊ ဒီလိုနဲ့ နောက်တစ်ပတ်လောက် ကြာတော့ ကိုခွေးဆီကို ငွေတစ်ဆယ်ထပ်ရောက်လာပြန်တယ်။

သူ့ထီးကို ရသွားတဲ့လူက ထပ်ပျောက်ပြီး နောက်တစ်ယောက်က ရသွားတော့ ရတဲ့လူက ထီးထဲက လိပ်စာအတိုင်း ငွေတစ်ဆယ်ပို့လိုက်တာကိုး။

သူ့ထီးရထားတဲ့လူက တစ်ခါပျောက်လိုက်။ နောက်ရတဲ့လူက သူ့ဆီပဲ ငွေပို့လိုက်နဲ့ မိုးရာသီကုန်တဲ့ အခါမှာ သူ့ဆီပို့တဲ့ ငွေဟာ တစ်ရာ့လေးဆယ်လောက် ဖြစ်သွားသတဲ့။

ထီးက တစ်ရာနဲ့ ဝယ်ခဲ့တာ၊ ဆိုတော့ ကိုခွေးက မိုးရာသီကုန်ချိန်မှာ လေးဆယ်တောင် အမြတ်ထွက်သွားသေးတယ်၊ တကယ်ကို အကြံပိုင်တဲ့ လူပဲ။



# အကောင်းဆုံး
# ဟာကုံးလများ

# အကောင်းဆုံးဘောလုံးသမား

တစ်ခါက ဘောလုံးသမား အောင်သာဆိုတာ ရှိတယ်။ သူဟာ တိုင်းနှင့်ပြည်နယ်အဆင့် ဘောလုံးသမားဖြစ်ပြီး သူ့အသင်းထဲမှာ တစ်ခါတစ်ခါ အကောင်းဆုံး ကစားပြနိုင်သလို တစ်ခါတစ်ခါ အတော့်ကို ညံ့သတဲ့။ သူ့ကို ခြေရှုးလို့ ပြောရမှာပေါ့၊ အဓိကကျတဲ့ ဗိုလ်လုပွဲတွေမှာ အံ့သြစရာ ကောင်းလောက်အောင် ခြေစွမ်းပြတတ်လေ့ရှိတယ်။

သူနဲ့ပတ်သက်ပြီး အားကစား စာစောင်တွေ မဂ္ဂဇင်းတွေထဲမှာ ဝေဖန်တာတွေ၊ အပြစ်တင်တာတွေ ရေးကြပေမယ့် သူကတော့ ဘာမှ မတုန့်ပြန်ဘူး၊ သူ့ကို အလွန်ကလေးဆန်တယ်၊ စိတ်ကောက်တတ်တယ်၊ စိတ်တိုတတ်တယ် ဆိုပြီး ဝေဖန်ကြတယ်။

တစ်ခါတစ်ခါ သူဟာ ပေါ်ပြူလာဖြစ်အောင်၊ ထင်ပေါ်အောင် လုပ်တတ်တယ်လို့လဲ ရေးကြတယ်။ သူကများ အနိုင်ဂိုးကို သွင်းလိုက်နိုင်ရင် ဘောလုံးကွင်း တစ်ပတ်ပြည့်အောင် ကျွမ်းထိုးလိုက်သေးတယ်။ သူတော်ပေမယ့် အလွန်ပေါတယ်၊ လူပေါတစ်ယောက် ဖြစ်တယ်လို့ ဝေဖန်ရေးဆရာတွေဟာ ရေးကြတယ်။ ဘောလုံးကွင်းထဲမှာ မျက်စိနှောက်စရာ အကောင်းဆုံးဆိုပြီး ရေးကြတယ်။

အဲသလို ရေးလာလိုက်တာ နှစ်နှစ်လောက်ရှိတော့ စာနယ်ဇင်းသမားတွေစုပြီး အောင်သာကို ဆုပေးကြတယ်။

အားကစားဆိုင်ရာ အယ်ဒီတာများ အဖွဲ့က အကောင်းဆုံး ဘောလုံးသမား ဒိုင်းတစ်ခုနဲ့ ဂုဏ်ပြုလွှာ တစ်စောင်ကို ပေးအပ်ကြတယ်။ ဂုဏ်ပြုလွှာမှာ ဖော်ပြထားတာကတော့ ခုလို ဆုပေးရတာဟာ

(၁) စာစောင်များတွင် ရေးသားသော အချက်အလက်များကို မည်သည့်အခါမျှ မဝေဖန်ခြင်း၊

(၂) ၎င်းနှင့်ပတ်သက်၍ သတင်းဝေဖန်ရေးများ အပြင်းအထန် ရေးသားခဲ့သော်လည်း လုံးဝ ကန့်ကွက်မှု မရှိခြင်း၊

(၃) ထိုကဲ့သို့ ၎င်းအား အပြင်းအထန် ဝေဖန်ရေးသားခဲ့သော ဝေဖန်ရေးဆရာများကိုပင် အပြုံးမပျက် ခင်မင်စွာဖြင့် ဆက်ဆံနိုင်ခြင်းဆိုပြီး ဖော်ပြထားတယ်။ ဆုချီးမြှင့်ပြီး တော့ အယ်ဒီတာ အဖွဲ့က

'ဂုဏ်ပြုလွှာနဲ့ ပတ်သက်ပြီး ဘာများ ပြောစရာ ရှိပါသလဲ' လို့မေးတယ်၊ အဲဒီတော့ အောင်သာက ဂုဏ်ပြုလွှာကို သေသေချာချာ ကြည့်လိုက်ပြီး ဖြေလိုက်တာကတော့၊

'ကျွန်တော် စာမဖတ်တတ်ဘူးဗျ' တဲ့။

## နောင်ရေးတွေးမိလို့ပါ

တစ်ခါက မီးရထားပေါ်မှာ အဘိုးကြီး တစ်ယောက်ဟာ အထက်တန်းတွဲကနေစီးနင်း လိုက်ပါလာတယ်။ ဆေးလိပ်ကို သောက်ရင်း သတင်းစာဖတ်လို့ပေါ့။

အဲဒီအချိန်မှာ ဘေးနားက လူရွယ်တစ်ယောက်ကလဲ မဂ္ဂဇင်း တစ်အုပ်ကို ဖတ်ရင်းလိုက်ပါလာရာကနေပြီး အဘိုးကြီးဘက်ကို လှည့်လို့ မေးလိုက်တယ်။


နောင်ရေး
စတွေးမိလို့ပါ

‘ဦးလေး ဘယ်နှစ်နာရီ ရှိနေပြီလဲ၊ ကျွန်တော့်နာရီက အချိန်မမှန်လို့ တိုက်ချင်လို့’

အဘိုးကြီးက လူရွယ်ကို တစ်ချက် လှည့်ကြည့်လိုက်ပြီး၊

‘ဘာလို့ ပြောရမှာလဲကွ’

လို့ ပြောတယ်၊ လူရွယ်က မကျေမနပ် ဖြစ်သွားတယ်၊ ဒါကြောင့်

‘ဦးလေးရယ် နာရီလေး ပြောရမှာ ဘယ်လောက်များ ပင်ပန်းလို့လဲ၊ ငါ့တူရေ ဘယ်နှစ်နာရီ ထိုးပြီဟေ့ ဆိုလိုက်ရင် ပြီးသွားမယ့် ကိစ္စကို’

လို့ပြောလိုက်တယ်။ ဒီတော့ အဘိုးကြီးက သူ့လက်ထဲက သတင်းစာကို ပိတ်လိုက်ပြီး

‘မပြောနိုင်ဘူးကွ၊ မပြောနိုင်ဘူး၊ မင်းက ငါ့ကို အချိန်မေးလို့ ငါက ဖြေလိုက်ရင် မင်းက ကျေးဇူးပဲ ဆိုပြီးပြုံးမယ်၊ မသိမသာ မိတ်ဆွေဖြစ်သွားမယ်၊ နောက်တော့ မင်းက မင်းရဲ့ မဂ္ဂဇင်းစာအုပ်ကို ငါ့ကိုပေးပြီး ငါ့ဆီက သတင်းစာကို မင်းယူဖတ်မယ်၊ ငါကလဲ အားနာပြီး ပေးလိုက်မယ်ဆိုရင် နောက်ဘူတာကျတော့ ငါက၊ လက်ဖက်ရည် ဝယ်သောက်တဲ့အခါ လူမှုရေးအရ ဆိုပြီး သောက်ပါဦးလား မောင်ရင်ရယ်လို့ တိုက်ရတော့မယ်၊ ငါကအဲသလို တိုက်ထားတဲ့အတွက် နောက်ဘူတာရောက်တော့ ထမင်းစားတဲ့

အခါ ဦးလေးစားပါဦးလို့ မင်းက အတင်ကျွေးမယ်၊ ငါကလဲ အားနာပြီး စားမိမယ်၊ ထမင်းစားပြီးတာနဲ့ မင်းက မင်းဘယ်မှာ နေပါတယ်၊ ဘာအလုပ် လုပ်ပါတယ်လို့ ပြောပြပြီး 'ဦးလေးရော ဘယ်အရပ်မှာ နေပါသလဲ'လို့ မေးမယ်၊ ငါက ငါနေရပ်ကိုပြော ပြရင်မင်းက လမ်းကြုံတဲ့အခါ ဝင်လာမယ်၊ ငါ့အိမ်ကို အလည် လာရင်း၊ ငါ့သမီးကို တွေ့မယ်၊ တွေ့တော့ ကြိုက်သွားပြီး ဦးရယ် ဦးသမီးကို ကျွန်တော်နဲ့ ပေးစားပါ၊ သဘောတူမယ်ဆိုရင် လူကြီးတွေ ခေါ်လာပြီး ကောင်းကောင်းမွန်မွန် တောင်းပါရစေလို့ ပြောလာရင် ငါက ပေးစားနိုင်မှာ မဟုတ်ဘူးကွ၊ မင်းမှာက အချိန် မမှန်တဲ့ နာရီ လေးတစ်လုံးတောင် မရှိဘူး ဆိုတော့ ကဲသိပြီလား၊ နောက်မှ ဓာတ်လမ်း မရှုပ်ချင်လို့ဟေ့'

လို့ပြောပြီး တစ်ဖက်ပြန်လှည့်သွားတယ်။



## စေတနာတွေ ပိုတယ်

ရွာတစ်ရွာမှာ အဘိုးကြီး တစ်ယောက်ရှိတယ်၊ သူ့မှာသမီး သုံးယောက်ရှိသတဲ့။ တစ်ရက်တော့ မြို့က လူငယ်တစ်ယောက်ဟာ အဲဒီအိမ်ကို အလည်ရောက်လာတယ်။ မိဘတွေချင်းက သူငယ်ချင်းတွေကိုး။

အဲဒီလူငယ် အိမ်ရောက်လာတယ်ဆိုရင်လဲ သမီးသုံးယောက်လုံးက သဘောကျနေကြတယ်။ သူ ရနိုးနိုး၊ ကိုယ် ရနိုးနိုးနဲ့မျှော်လင့်နေကြတယ်။

လူငယ်ဟာ ခဏတစ်ဖြုတ်နား သူ့မိဘတွေ မှာလိုက်တာကို အဘိုးကြီးနဲ့ ပြောပြီးတာနဲ့ အိမ်ထဲမှာ အပ်ချုပ်စက် မြင်လို့

'ဟန်ကျတာပဲ ကျွန်တော့်ဘောင်းဘီက လက်လေးလုံးလောက် ရှည်နေလို့ မနက်မှ ဖြတ်ပေးဖို့ ခိုင်းရမယ်။

ဆိုပြီး သူချုပ်ပြီးသား ဝယ်လာတဲ့ ဘောင်းဘီကို ထုတ်လို့ အဖြတ်ခိုင်းဖို့ မမေ့အောင် တန်းပေါ်တင်ထားလိုက်သတဲ့။ အဘိုးကြီးကလဲ

'ရပါတယ်ကွ၊ မနက်ကျတော့ မင်းညီတွေ အဖြတ်ခိုင်းလိုက်ပေါ့'

လို့ပြောသတဲ့။ အဲသလို ပြောတာကို ညီအစ်မ သုံးယောက်လုံးက ကြားတယ်ဆိုပဲ၊ ဒီတော့ ညီမအငယ်ဆုံးက ဘောင်းဘီကို လက်လေးလုံးလောက် ငါဖြတ်ပေးထားရမယ်။ မနက်ကျတော့ အဖြတ်ခိုင်းချင်လို့ ဝတ်ကြည့်တဲ့အခါ အံ့ကျဖြစ်နေအောင်လို့ အဲသလို အံ့ကျဖြစ်နေတော့မှ ညက ငါဖြတ်ထားလိုက်တာကို ပြောပြရမယ်လို့ တွေးမိပြီး ညမှ အားလုံး

အိပ်တော့ ညီမငယ်က ဘောင်းဘီကို လက်လေးလုံးလောက် ဖြတ် ထားပြီး ပြန်ချုပ်ပေးထားလိုက်သတဲ့။

သူ့အစ်မကြီး နှစ်ယောက်ကလဲ အဲသလိုပဲ အတွေးရလို့ ညမှာ တစ်ယောက်နဲ့တစ်ယောက် မသိရအောင် တိတ်တိတ်ကလေး ထထပြီး ဖြတ်ထားကြတယ်။

ဒီလိုနဲ့ မနက်လင်းတော့ လူငယ်က စားသောက်ပြီး သူ့ဘောင်းဘီကို အဖြတ်ခိုင်းမလို့ ဝတ်ပြလိုက်တော့ ဘောင်းဘီက တိုတက်ပြီး ခြေသလုံး ပေါ်နေသတဲ့။

ဒီတော့ အဘိုးကြီးက အင်း ညက တစ်ယောက်ယောက် ထ ဖြတ်ထားပြီနဲ့ တူတယ်လို့ တွေးမိတာနဲ့’

‘ဟေ့ဘောင်းဘီကို ညက ဘယ်သူထဖြတ်ထားသလဲ’

လို့ မေးလိုက်တယ်။

အဲဒီတော့ အခန်းထဲက ညီအစ်မ သုံးယောက်ရဲ့ အသံက တစ်ပြိုင်တည်း ထွက်လာသတဲ့

‘ကျွန်မ ဖြတ်ထားတာပါ’လို့။

## ဖြစ်မှဖြစ်ရလေ

နိုင်ငံခြားကို သွားပြီး အလုပ်လုပ်ကြတဲ့ လူတွေဟာ အလုပ်ကို နှစ်မျိုးသုံးမျိုး လုပ်ကြရတယ်။ ဒါမှငွေများများစုမိမှာကိုး၊ ဒီစင်ရုံမှာ အလုပ်လုပ်၊ ဒီကဆင်းတာနဲ့ ဟိုကုန်စုံဆိုင်မှာ အရောင်းစျေး သည်ဖြစ် အဲဒီကပြန်တာနဲ့ ကွန်ပျူတာဌာနမှာ အလုပ်ဝင် ဆိုသလို



အလုပ်အမျိုးမျိုးကို ကူပြီး လုပ်ကြရတယ်။ နိုင်ငံခြား နေရတဲ့အချိန် နည်းနည်းလေး အတွင်းမှာ ငွေများများ ရချင်တော့ နိုင်ငံခြားကို ရောက်တဲ့လူတိုင်း ဒီလိုပဲ လုပ်ကြတယ်။

တစ်ခါကတော့ မြန်မာပြည်ကဆရာဝန်လေး တစ်ယောက်ဟာ ဂျပန်ပြည်ကို အလုပ်လုပ်ဖို့ သွားတယ်၊ ဟိုရောက်တော့ အထူးကု ဆရာဝန်ကြီးတစ်ဦးရဲ့ ဆေးခန်းမှာ လက်ထောက် ခွဲစိတ်ဆရာဝန် အဖြစ် အလုပ်ရသွားတယ်။

အဲဒီမှာ လိုနေတဲ့ အချိန်ကို အပိုဝင်ငွေရအောင် တစ်ခြား အလုပ်တွေ လုပ်ဖို့ ရောက်နှင့်နေတဲ့ လူတွေက ပြောတာနဲ့ နောက်ထပ်အလုပ်ရှာပြန်တယ်။ သူငယ်ချင်း တစ်ယောက်ရဲ့ အကူအညီနဲ့ ဘယ်မှာရသလဲ ဆိုတော့ ဆိတ်သား အရောင်းဆိုင်မှာ ခုတ်ထစ် ချိန်တွယ် ပေးရတဲ့နေရာ အလုပ်ရသွားတယ်။

ဝင်ငွေအရ အဆင်ပြေနေတာပေါ့။

ပြဿနာ ဖြစ်ချင်လာတော့တစ်ရက်မှာ မိန်းမတစ်ယောက်ဟာ ဆေးခန်းကို ရောက်လာတယ်။

သူက လက်ကိုခွဲစိတ် ကုရမယ့် လူနာအဖြစ် ရောက်လာ တာပါ။

ဆရာဝန်ကြီးရဲ့ ခွဲစိပ်ခန်းထဲရောက်တော့ ခွဲစိပ်ဖို့ ပြင် ဆင်၊ ခွဲစိတ်စင်ပေါ်မှာ လှဲအိပ်လိုက်ပြီးမှ ဆရာဝန်ကြီးရဲ့ဘေးမှာ ရပ်နေတဲ့ ဆရာဝန်လေးလဲ မြင်ရော၊

လူနာဟာ မျက်လုံးအပြူးသားနဲ့

'အလိုလေး အသားခုတ်သမား ပါလား'

လို့ပြောရင်း သတိမေ့သွားသတဲ့။ ဆရာဝန်လေးလဲ ဆရာဝန်ကြီးက သူ့ကိုများ အလုပ်ဖြုတ်ပစ်လေ မလားလို့ စိုးရိမ်တကြီး လှမ်းကြည့်လိုက်တော့၊ အဲဒီတော့ ဆရာဝန်ကြီးက

'ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ခုဆိုရင် ကျုပ်တို့အတွက် မေ့ဆေးဖိုး ကုန်ကျစရိတ် သက်သာသွားပါပြီ'

လို့ ပြောသတဲ့။



# မသိလို့ပါ

တစ်ခါ တောကသားအဖ နှစ်ယောက် မြို့သို့ ဘုရားဖူး ရောက်လာကြသည်။ ဘုရားဖူး သွားရင်းလာရင်း ဖြစ်ဖြစ်သမျှကို ကြည့်ကာ သူတို့အတွက် အထူးအဆန်း ဖြစ်နေသည်။ နေမှုထိုင်မှု၊ သွားမှုလာမှု၊ ဝတ်စားဆင်ယင်မှု အားလုံးမှာ သူတို့ရွာနှင့် ကွဲပြား နေသည်။

'ငါ့သား'

'ဗျာ'

'ဟိုမှာကြည့်စမ်း၊ အဲဒီကား မောင်းတဲ့လူ တော်တော် သည်းခံ နိုင်တယ်နော်'

'ဘာလို့လဲဟ'

'တိုးတိုး မေး ကိုယ်မှားတာ လူသိနေလိမ့်မယ်၊ မင်းကြည့် ပါလား၊ ဝိုင်းပြီး ခိုစီးနေတာ ကားကို တစ်ခြမ်းစောင်းနေပြီ၊ ဒါတောင် အဲဒီလူတွေကို မစီးနဲ့လို့ မပြောဘူး၊ ငါ့ကားသာဆို ဒီလို မလဲ၊ လဲအောင် ဆွဲလှဲနေတဲ့ လူတွေကို ကားနားတောင် အကပ်မခံဘူး'

အဲသလို စကားတပြောပြောနဲ့ လျှောက်လာရင်း၊ စားသောက်ဆိုင် တစ်ဆိုင်ရောက်တော့ သူတို့ ဝင်စားကြတယ်။ အဲဒီမှာ စားသောက်နေကြတဲ့အထဲ မိန်းမကြီးတွေ၊ လူကြီးတွေ၊ ကောင်လေးတွေ၊ ကောင်မလေးတွေ အများကြီး ရှိနေတယ်။

အဲဒီမှာ သားလုပ်သူက စားသောက်နေရင်းကနေ ဆိုင်တွင်းသို့ ကြည့်ရင်း စပို့ရှပ်နဲ့ ကောင်မလေးတွေ၊ ယောကျ်ားဝတ်ရှပ်နဲ့ ကောင်မလေးတွေကို ကြည့်ရင်း

'အဖေ၊ ဟိုစားပွဲမှာ ထိုင်နေကြတာ မိန်းကလေးတွေလား၊ ယောကျ်ားလေးတွေလား'

'မပြောတတ်ဘူးကွ၊ ယောကျ်ားလိုလို၊ မိန်းမလိုလိုတွေပဲ၊ အတော် အခွဲခြားရ ခက်တယ်'

အဲသလို ပြောဆိုနေကြတော့ ဘေးနားက,

မိန်းကလေးတွေပါပဲ၊ အဲဒါ ငါ့သမီးတွေ'

'အော် ဟုတ်လား၊ ကျွန်တော်တို့က မသိလို့ပါ ဦးလေးရယ်'

'ဘာ ဦးလေးလဲ'

'ဗျာ'

'ငါက သူတို့အမေဟဲ့ အမေဟဲ့'

## ငါရောင်းထားတာတွေ

တစ်ခါက ရွာတစ်ရွာတွင် ဘယဆေးရောင်းသော ဒေါ်ဖွားဆုံ ဆိုသည့် အမျိုးသမီးကြီး တစ်ယောက်ရှိလေသည်။ သူသည် အသက်ခုနစ်ဆယ် ကျော်ပြီမို့ လူကြီးရောဂါဖြင့် အိပ်ယာထဲတွင် လဲနေသည်။ နေမကောင်းဖြစ်နေသည်မှာ သုံးလခန့် ရှိလေပြီ။ ဆွေမျိုးသားချင်းများသည် သူ့အား ဆေးကုသ ပေးလိုသော်လည်း ဒေါ်ဖွားဆုံက လုံးဝ လက်မခံဘဲ ဖြစ်နေသည်။

ရွာလယ်က ဆရာကျယ်ကို ခေါ်လိုက်မယ် ဒေါ်ဒေါ်

'မခေါ်နဲ့'


ငါရေး
ထားတာတွေ

ဆရာကျယ်က တကယ်စွမ်းကတယ် ဒေါ်ဒေါ်ရယ်၊ ရွာတောင်ပိုင်းက ခြေတစ်ဖက်မသန်တဲ့ ကိုသာအိကို ကုပေးလိုက်တာ'

'ခု ဖြတ်လိုက်ရပြီ မဟုတ်လား'

'ဒေါ်ဒေါ် ဘယ်လိုလုပ် သိသလဲ'

'ငါ့ဟာငါ ဘယ်လို သိသိ'

တူ တူမများ မျက်လုံးအပြူးသားနှင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။ သူတို့ဆရာကျယ် ကုပေးလိုက်တာ ပျောက်သွားပြီဟု ပြောပြီးပင့်ရန် ကြံထားကြခြင်း ဖြစ်သည်။ လူမမာက လိမ်လို့မရ၊ လက်မခံ၊ ရွာထဲမှာ ရှိသမျှ ဘယ်ဆရာကို မျှအခေါ်မခံ၊ တခြားရွာမှ ဆရာကိုပင့်ရန် ကြံကြပြန်သည်။

'ဒေါ်ဒေါ်'

'ဘာလဲ'

'ရွာထဲက ဆရာတွေနဲ့ မကုချင်ရင် တောင်ရွာက ဆရာညာကို ပင့်ပေးရမလား၊ နာတာရှည် ရောဂါတော့ တကယ်စွမ်းတာပဲ၊ ဒေါ်ဒေါ်သိမှာပေါ့ ဘကြီးအုန်း အိပ်ယာထဲ ပက်လက်ဖြစ်နေတာ ဆရာညာ ကုပေးလိုက်တာပဲ၊ ရက်သတ္တတစ်ပတ်ပဲ ကုလိုက်ရတယ် အဲဒါခု'

'မြေကြီးထဲ ပက်လက်ဖြစ်သွားရော မဟုတ်လား၊ ဒီမှာ ငါ့ကို ဘယ်ဆရာနဲ့မှ မကုနဲ့၊ ငါ့ဟာငါ ဒီအတိုင်း နေမယ်'

'အဲသလို ဘယ်ဟုတ်မလဲ ဒေါ်ဒေါ်ရယ်၊ ရွာအနောက်က ဆရာပျောက် ဖြစ်ဖြစ် '

'တော် တော်'

'ဆရာပျောက်ကတော့ ပညာတော်ပါတယ် ဒေါ်ဒေါ်ရယ်၊ သူကုလိုက်ရင် ပျောက်ပျောက် သွားလို့ကို ဆရာပျောက်ဆို နာမည် ရထားတာပဲဟာ'

'ငါ့ကို ရှင်းရှင်းပြောစမ်း၊ သူကုလိုက်လို့ ပျောက်တာက ရောဂါလား၊ အသက်လား'

ဒေါ်ဖွားဆုံက လက်မခံ၊ ဘယ်အရာကိုမှ လက်မခံ၊ ဆွေမျိုး တစ်စု တိုင်ပင်ကြပြန်သည်။ ဒီပုံအတိုင်း ဆိုပါက အရှေ့ရွာမှာ ဆရာတာ တစ်ယောက်သာ ကျန်တော့သည်။ ထို့ကြောင့်

'အဒေါ်ရယ်၊ ရောဂါဆိုတာ ဖြစ်လာရင် ကုမှပေါ့၊ အနာသိ ဆေးရှိတာပဲ၊ မကုသဘဲနဲ့ကတော့ ဘယ်လိုလုပ် သက်သာနိုင်မှာမလဲ'

'ဒေါ်ဖွားဆုံက မျက်လွှာပင့်ကြည့်သည်။ ဘာမျှမပြော၊ ဒီတော့ တူမဖြစ်သူက နည်းနည်းပြောအား ရှိသွားကာ

'အဒေါ့်ရောဂါက ဘာမှဖြစ်လောက်တာ မဟုတ်ဘဲနဲ့၊ အဒေါ်က ပေကပ်ကပ်နဲ့ ဆေးမကုလို့ ခုလိုတာရှည်နေတာ'

ဒေါ်ဖွားဆုံက သူ့တူမ ပြောစကားကို နားထောင်နေသည်၊ ဘာမှ မကန့်ကွက်၊

'အဒေါ်ဆေးကုရင် ပျောက်မှာပါ၊ ဆေးကုပါ အဒေါ်ရယ်'

တူမက စကားကို ခေတ္တနားသည် ဒေါ်ဖွားဆုံ မည်သို့ တုန့်ပြန်မည်ကို စောင့်ကြည့်သည်။ ဒေါ်ဖွားဆုံက မကန့်ကွက်၊ မကုလိုဟု မငြင်း။ ထို့ကြောင့်

'အရှေ့ရွာက ဆရာတာကိုတော့ အဒေါ်သဘောကျမှာပါ၊ သူက အရွယ်ငယ်ပေမယ့် ပညာတော်ပါတယ်၊ လက်ကောက်ဝတ် စမ်းကြည့်တာနဲ့ ဘာရောဂါ ဆိုတာ အတတ်သိတယ်'

ဒေါ်ဖွားဆုံက ခေါင်းယမ်းပြီး၊

‘သိသာသိတာ၊ ပျောက်အောင်တော့ ကုနိုင်မှာ မဟုတ်ပါဘူး အေ၊ ငါ့တူမတို့ စိတ်လျှော့လိုက်ပါတော့၊ အဒေါ် ဘယ်ဆရာမှ မခေါ်ပါရစေနဲ့’

ဘာလို့လဲ အဒေါ်ရယ်

‘သူတို့နဲ့ကုရင် ငါအမြန်သေလိမ့်မယ်’

‘မဖြစ်နိုင်တာ အဒေါ်ရယ်’

‘နင်တို့မသိဘူးနော်၊ ငါသိတယ်၊ သူတို့ငါ့ဆီက သစ်ခေါက်၊ သစ်ရွက်၊ ဆေးမြစ်တွေ ဝယ်နေတာ၊ ငါ့ဆီက ဘယ်ဆေးနဲ့ ဖော်တဲ့ဆေးတွေ ဘာမှစွမ်းမှာ မဟုတ်ဘူး၊ သူတို့ကို လိမ်ရောင်းထားတာတွေ၊ ကဲ သိပြီလားတဲ့။

## ထန်းပင်ပဲ ကျန်တော့တယ်

တစ်ခါက ရွာတစ်ရွာမှာ မောင်နှမနှစ်ယောက်က လယ်မြေတစ်ကွက်ကို အမွေရကြတယ်။ ပြီးတော့ ရွာလည်က အိမ်ကြီးတစ်လုံးရယ်ပေါ့။

ရွာလူကြီးတွေက လယ်ကို မောင်ဖြစ်သူက ယူပြီး ရွာလယ်က အိမ်ကို ညီမဖြစ်သူက ယူဖို့ ပြောကြတယ်။ ညီမက အဲသလို လက်မခံဘူး၊ ရွာလယ်အိမ်နဲ့ မြေကိုလဲ တစ်ဝက်စီ ယူမယ်၊ လယ်မြေကိုလဲ တစ်ဝက်စီ ယူမယ်လို့ ပြောလာတယ်။

အဲသလို ပြောတော့ မောင်ဖြစ်သူက ကဲဒါလောက် ခွဲချင်လှ အတိအကျသာခွဲ ဆိုပြီး နှမဖြစ်သူနဲ့ အားလုံး အညီအမျှ ခွဲကြတယ်။


ထန်းပင်ပဲ
ကျွန်တော့တကယ်

အိုးသုံးလုံးရှိနေရင် တစ်ယောက် တစ်အိုးစီ ယူပြီး။ ပိုတဲ့တစ်လုံး ရိုက်ခွဲပြီး ယူဟ တစ်ခြမ်းဆိုပြီး ပြောသတဲ့။

နမဖြစ်သူကလဲ ကြမ်းခင်းကိုတောင်မှ ရှိသမျှ ပျဉ်အလယ်က ဖြတ် တစ်ယောက် တစ်ပိုင်းစီ ယူမယ်ဆိုလို့ပျဉ်တွေ အကုန်အတိုတွေ ဖြစ်ကုန်ရတယ်။

အဲသလို ခွဲလိုက်ကြတာ ရွာလယ်က မြေရောက်တော့ ပြဿနာတက်တော့တာပဲ၊ မြေကွက်ရဲ့အလယ်မှ ထန်းပင်တစ်ပင်က ရှိနေတာကိုး။ အဲဒီထန်းပင်ကို သူ့ဘက်ပါတယ်၊ ငါ့ဘက်ပါတယ်နဲ့ ငြင်းကြရင်းက ရုံးရောက်တဲ့ထိ တရားဖြစ်တော့တယ်။ ထန်းပင်ကလဲ ပြဿနာဖြစ်ချင်တော့ အမြစ်က နမဘက်မှာ ရောက်နေပြီး ပင်စည်က ကောက်နေတော့ မောင့်ရဲ့ဘက် ရောက်နေတာကိုး။ မောင်ရဲ့မြေထဲမှာ ပင်စည်က ရောက်နေသလို အပင်ခြေကလဲ သုံးပုံတစ်ပုံလောက် ပါနေသေးတယ်။

နမကလဲ အမြစ်က သူ့ဘက်မှာ အပါများလို့ သူရသင့်တယ်၊ မောင်ကလဲ သူ့ဘက် ပင်စည်ရောက် အသီးအရွက်တွေရော ရောက်နေလို့ သူရသင့်တယ်နဲ့ အတင်းပေကပ်နေလို့ ရပ်ကွက်မှာ မပြီးပြတ်ဘဲ ရုံးထိရောက်ကြရတာ။

ရုံးရောက်တော့ သူနိုင်ရေး ကိုယ်နိုင်ရေး၊ လျှောက်လဲပေးဖို့ အတွက် နှစ်ဖက်လုံးက ရှေ့နေတွေ ငှားကြတယ်။

အမှုက တော်တော်နဲ့ မပြီးဘူး။

ရှေ့နေခ ပေးဖို့ငွေက လိုလိုလာတော့ အမွေရတာတွေ ရောင်းချပြီး ပေးကြတာပေါ့။ ဒီလိုနဲ့ ရွာလယ်က အမွေရထားတဲ့

အိမ်ရဲ့မြေ ကုန်သွားတယ်။ အမှုက ဖြစ်နေတုန်းပဲ၊ အောက်ရုံးကနေ အထက်ရုံးရောက်နေပြီ။

ရှေ့နေခက လိုပြန်ပြီ။

ဒီတော့ ရွာပြင်မှာ အမွေရထားတဲ့ လယ်ကို နည်းနည်းစီ ဖဲ့ရောင်းပြီ ရှေ့နေခ ပေးပြီး အမှုလိုက် လိုက်ကြတာ နောက်ဆုံးတော့ ထန်းပင်ပဲ ကျန်တော့တယ်။ နှမရတဲ့ မြေလဲ ရောင်းဖို့ကုန်၊ မောင်ရတဲ့မြေလဲ ရောင်းဖို့ကုန်၊ ဒါကိုပဲ အမှုက မပြီးသေးဘူးတဲ့။

ရှေ့နေတွေက မေးတာပေါ့’

‘ဘယ်လိုလဲ ဆက်လိုက်ပေးရမှာလား’

‘ဆက်လိုက်မယ်ဆိုလဲ ဆရာတို့နှစ်ယောက် အမှုနိုင်တဲ့ လူက ထန်းပင်ယူရုံ ရှိတော့မှာပဲ’

လို့ စိတ်ပျက်လက်ပျက်နဲ့ ပြောပြီး အမှုပိတ်လိုက်ရသတဲ့။

နောက်ဆုံးတော့ မိဘအမွေဆိုလို့ မောင်နှမနှစ်ယောက်ပိုင် ထန်းပင်ပဲ ကျန်တော့တယ်။



# နှစ်တစ်ပါခင်များ

တစ်ခါက လူတစ်ယောက်က တံတားဆောက်နေတဲ့နေရာက သစ်သားတွေကို ညညမှာ သွားသွားပြီး ခိုးထမ်းနေသတဲ့။ သစ်သားဈေးတွေက ကောင်းနေတာကိုး၊ လေးငါးဆယ်ရက်လောက် ကြာတော့မှ တံတားဆောက်နေတဲ့ လူတွေက သိတယ်။ သစ်သားတွေ ပျောက်ပျောက်နေတာကိုး။

ဒါနဲ့ တာဝန်ကျတဲ့ လုံခြုံရေးအစောင့်တွေက ညမှာ သတိထားပြီး စောင့်ကြသတဲ့။

သန်းခေါင်လဲ ကျော်ရော အသားခိုးထမ်းမယ့် လူက ရောက်လာပြီး အခါတိုင်းလိုပဲ သစ်သားချောင်းတွေကို ထမ်းလို့ ယူသတဲ့။ အစောင့်တွေက သူထမ်းပြီး ယူတဲ့ အချိန်ရောက်မှ ဝိုင်းဖမ်းလိုက်တယ်။

ပြီးတော့ သူ့ကို ရုံးတင်လိုက်တယ်။ ရုံးချိန်းရောက်တော့ တရားသူကြီးက သူ့ကို စစ်တာပေါ့'

မောင်မင်း တံတားဆောက်လုပ်ရေး နေရာကို ည တစ်နာရီလောက်မှာ သွားခဲ့တယ် မဟုတ်လား'

'ဟုတ်ကဲ့ သွားခဲ့ပါတယ်'

'ဘာလုပ်ဖို့ သွားတာလဲ'

'ပွဲရှိတယ်မှတ်လို့ အဲဒီလမ်းက ဖြတ်ပြီး ပွဲခင်းကို သွားမလို့ သွားတာပါ'

'သစ်သားခိုးမလို့ မဟုတ်ဘူးလား'

'မဟုတ်ပါဘူး'

'မဟုတ်ဘူးဆိုပြီး ဘာလို့ အသားချောင်းတွေကို ထမ်းယူရတာလဲ'

'လူသွားလူလာနဲ့ မလွတ်လို့ နေရာရွှေ့မလို့ပါ'

'ဘယ်နေရာထိ ရွှေ့မှာလဲ မောင်မင်းအိမ် အထိလား'

'မဟုတ်ပါဘူး၊ အဲဒီဘေးနားလေးတင်ပါ'

'မောင်မင်းကို ဖမ်းမိတော့ တံတားဆောက်နေတဲ့ ဧရိယာရဲ့ အပြင်ဘက်မှာလို့ တင်ပြထားပါလား'

'နည်းနည်းလေး လွန်တာဖြစ်မှာပါ'

'မောင်မင်း ခုလို ခိုးယူတာဟာ ခြောက်တစ်ဆိုတာ သိရဲ့လား၊ ပြည်သူပိုင် ပစ္စည်းယူတာ ပိုအပြစ်ကြီးတယ်၊ ခုမောင်မင်းကို ခြောက်တစ်နဲ့ စွဲဆိုထားတယ်'

'တရားသူကြီးက တရားခံအား စွဲဆိုထားသည့် ပုဒ်မကိုပြော ပြလိုက်သည်။

'မောင်မင်းဝန်ခံမှာလား'

'အဲဒါ လိမ်ညာပြီး စွဲဆိုထားတာပါ ဘုရား၊ ကျွန်တော်မျိုး ယူတာ ခြောက်တစ် မဟုတ်ပါဘူး၊ နှစ်တစ်တွေပါ'

ဟူ၍ ဖြေလိုက်လေသတည်း။

## သူ့အလှည့် ကိုယ့်အလှည့်

တစ်ခါက အုန်းမောင်သည် ကိုအေးထံမှ ငွေတစ်ရာလိုချင်၍ ချေးလေသည်။

'သူငယ်ချင်း မင်းလဲ ပြေလည်နေပါတယ်'

'မင်း ဘယ်သူက ပြောသလဲ'

'ငါ ကြားတာပေါ့'

'အလကား ကောလဟာလ တွေပါ'

# သူ့အလှည့် ကိုယ့်အလှည့်



'အဲသလို မလုပ်ပါနဲ့ကွာ'

'ဟ ငါဘာလုပ်လို့လဲ'

'ဇမ္ဗူဒီပါလက်ျာတောင်ကျွန်း နိမိတ်ဩဘာ ထွန်းသတဲ့ မရှိစကား မပြောပါနဲ့'

'အံမာ၊ တယ်ကြီးကျယ်ပါလား၊ မင်း ငါ့ကို စေတနာရှိလို့ ပြောနေတာ မဟုတ်ဘူး ဆိုတာတော့ ငါသေသေချာချာ သိတယ်, မင်း ငါ့ဆီ ငွေချေးမလို့ မဟုတ်လား'

'မင်းက လူကဲခတ် သိပ်တော်တာပဲ'

'တော်လို့ကိုမင်းလာတာ မြင်ကတည်းက ငါ့ပိုက်ဆံတွေ အကုန် မိန်းမလက်အပ်လိုက်တာ၊ မင်းငါ့မိန်းမအကြောင်းသိတယ် မဟုတ်လား၊ သူ့လက်ထဲ ရောက်ပြီးသား ငွေကတော့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ပြန်တောင်းတောင် ရဖို့ မမျှော်လင့်နဲ့တော့'

'ရက်စက်လှချည်လား သူငယ်ချင်းရာ'

'ဟ ငါက မရက်စက်ရင် မင်းက ရက်စက်သွားမှာပေါ့'

'သူငယ်ချင်းရာ အဲသလို သဘောမထားပါနဲ့ ငါ အကူအညီ လိုနေလို့ပါ၊ ငါ့ကို ငွေတစ်ရာလောက် ခဏပေးပါ၊ မင်းငွေကို နောက်ဆယ့်ငါးရက်နေရင် ပြန်ပေးပါ့မယ်'

'ခုမရှိဘူး'

'ဒါဖြင့် နက်ဖြန် လာခဲ့ပါ့မယ်'

'အဲဒါဆို ဆယ်လေးရက်နဲ့ ပြန်ပေးမှာလား'

'မင်းကကွာ'

'မင်းပဲ အစကပြောတာလေ ဆယ့်ငါးရက်နဲ့ ပြန်ပေးမယ်လို့ နက်ဖြန်ဆို ဆယ့်လေးရက်နဲ့ ပြန်ပေးရမှာပေါ့'

'အေးပါကွာ၊ ကောင်းပါပြီ'

'နက်ဖြန် လာခဲ့လေ'

သို့ဖြင့် နောက်ရက်မှာ အုန်းမောင် ရောက်လာပြန်သည်။ ကိုအေးက အုန်းမောင်ကို မြင်သည်နှင့်

'ဘာကိစ္စ'

'ဟောဗျာ၊ မနေ့က မင်းပဲ ချိန်းထားတာလေ'

'ဘာအတွက်လဲ'

'ငါ့ ငွေတစ်ရာပေးမယ်ဆိုပြီးတော့လေ'

'ဟုတ်လား ငါမေ့နေပြီ'

'အဲသလို မလုပ်ပါနဲ့ကွာ'

'နက်ဖြန်၊ နက်ဖြန် လာခဲ့'

'သေချာအောင် လုပ်ပါကွာ၊ ငါ့မှာ အရေးကြီး နေလို့ပါ'

'သေချာပါတယ်၊ မင်းသာ ဆယ့်သုံးရက်နေပြီး ပြန်ပေး'

'ဟေ'

'မနေ့ကပြောတော့ မင်းငွေရလမ်းရှိတယ်၊ နောက်ဆယ့်ငါးရက်နေရင် ပြန်ပေးမယ် ဆိုပြီးတော့လေ၊ ဒီနေ့ဆို နောက်ဆယ့်လေးရက်ဖြစ်သွားပြီ၊ နက်ဖြန်မှဆို ငွေပြန်ပေးနိုင်ဖို့ ငါက ဆယ့်သုံးရက်ပဲ စောင့်ရတော့မှာ'

အုန်းမောင် စိတ်ဓာတ်တော်တော်ကျသွားသည်။

'မင်းက ပြန်ရမယ့်ရက်တော့ မမေ့ဘူးနော်'

'ဟာပြန်ရမယ့် ရက်သာမေ့နေရင် မင်းကို တစ်ပြားတောင် ပေးဖို့ စိတ်ကူးမိမှာ မဟုတ်ဘူး'

'အေးပါ မင်းပြောနည်း ဆယ့်သုံးရက်နဲ့ ပေးပါ့မယ်၊ နက်ဖြန်သာ'

'စိတ်ချ'

'သို့ဖြင့် အုန်းမောင်သည် နောက်ရက်မှာ လာရပြန်သည်။ လာသော်လည်း မရပါ။ ဆယ်ရက်ခန့် ဆက်တိုက်လာမှ ကိုအေးထံမှ ငွေတစ်ရာ ချေး၍ ရတော့သည်။

ငွေတစ်ရာ ချေးလိုက်ပြီးနောက် ငါးရက်ခန့် ကြာသောအခါ ကိုအေးသည် သူ့ငွေပြန်တောင်းရန် အုန်းမောင်ထံ လိုက်သွားသည်၊ အုန်းမောင်သည် ကိုအေးကို မြင်သော်လည်း မသိသလိုနှင့် ခပ်တည်တည် ထိုင်နေသည်။

'ဟေ့ကောင် အုန်းမောင်'

'ဘာလဲ'

'ငါ ကိုအေးလေ၊ မှတ်မိပြီလား'

'အဲဒါ ဘာဖြစ်လဲ'

'ဩ၊ ဒီလိုလား၊ မင်းငါ့ဆီက ငွေတစ်ရာ ချေးသွားတာလေ၊ မင်းပြန်ပေးမယ်ဆိုတာ ဒီနေ့ပဲ'

'ဟုတ်လား၊ ငါအဲသလို ပြောမိသလား'

'မင်းလိုတုန်းကတော့ တစ်မျိုး ခုတော့ ဘယ်လိုအချိုး ချိုးရတာလဲ'

'ဘာချိုးလို့လဲ'

'ကဲ ရှည်ရှည်ဝေးဝေး ပြောမနေနဲ့၊ မင်း ငါ့ဆီက ချေးသွားတဲ့ ပိုက်ဆံ ပြန်ဆပ်ပါ'

'ဒီနေ့ မရှိသေးဘူး'

'ဘယ်တော့ ရှိမှာလဲ'

'ငါဗေဒင်ဆရာ မဟုတ်ဘူး'

'စကားကိုကောင်းကောင်းပြောပါ၊ မင်းညစာ ထမင်းကိုတောင် ဆေးရုံပေါ်မှာ စားချင်သလား'

'ဟင့်အင်း၊ ဟိုတယ်မှာ စားမယ်'

'ငါ့သူငယ်ချင်းချင်း လူသတ်မှု မကျူးလွန်ချင်ဘူး'

'ကဲလိုက်တာ၊ ပြဇာတ်ကတာ ကျနေတာပဲ'

'ကိုအေးသည် သက်ပြင်းချ လိုက်ပြီး၊

'အုန်းမောင်၊ မင်းအတည်ပေါက် ပြောပါ၊ ငါ့ငွေကို ဒီပေးမှာလား၊ မပေးဘူးလား'

'ဒီနေ့ မရှိဘူး'

'ဒါဖြင့်၊ နက်ဖြန်'

'လာကြည့်လေ'

'အေး နက်ဖြန်တော့ ငါနဲ့အတူ တုတ်ပါရင်ပါ၊ မပါရင် ရှေ့နေတစ်ယောက် ပါလာလိမ့်မယ်'

သို့နှယ် ကြိမ်းဝါးကာ ကိုအေး လှည့်ပြန်ခဲ့ရသည်။ နောက်နေ့ သွားသော်လည်း မရ။

နောက်နေ့လည်း မရ၊

နောက်နေ့လည်း မရ၊

နောက်နေ့လည်း မရ၊

ကိုအေး တော်တော် စိတ်တိုနေလေပြီ။

'အုန်းမောင်၊ ငါ့နာမည် ကိုအေးဆို ထားပြီး၊ ငါပူညံပူညံ မလုပ်ချင်ဘူး၊ နာမည်အပျက် မခံချင်ဘူး၊ မင်းငါ့ကို ပေးမယ်၊ ပေးမယ်နဲ့ မပေးဘဲ နေ့ရွှေ့ ညရွှေ့ လုပ်နေတာ ဘယ်လိုသဘောလဲ'

'သူငယ်ချင်းရာ သည်းခံမှာပေါ့၊ ငါ မင်းဆီက ချေးတုန်းက ဆယ်ရက်လောက် စောင့်ခဲ့ရတာ၊ ခု မင်းစောင့်ရတာ ငါးရက်ပဲ ရှိသေးတယ်'

လို့ ပြောလိုက်တယ်။

## တတ်နိုင်သလောက် ကူညီပါ

တစ်ခါက သောင်းအေးနဲ့ မောင်ပိုက်ဆိုတဲ့ သူငယ်ချင်း နှစ်ယောက်ရှိသတဲ့။ သောင်းအေးဟာ တစ်ရက်မှာ မောင်ပိုက်ဆီကို ရောက်လာပြီး

'သူငယ်ချင်း၊ ငါ့ကို ငွေငါးဆယ်လောက် ကူညီစမ်းပါ'

'မင်း ဘာလုပ် မလို့လဲ'


တတ်နိုင်သလောက်
ကူညီတာပါ

'ကြွေးဆပ်ချင်လို့'

'ရပါတယ် ဒါပေမယ့် ခုတော့ မရဘူး၊ နောက်သုံးရက် နေရင်တော့ ရမယ်'

'အဲသလိုဆို ကြွေးရှင်ကို ငါသုံးရက်ခွာ ချိန်းလိုက်မယ်'

'ချိန်းလိုက်လေ'

လို့ ပြောလိုက်သတဲ့။ ဒီလိုနဲ့ နောက်သုံးရက် နေတော့ သောင်းအေးဟာ မောင်ပိုက်ဆီကို ရောက်လာပြီး ပိုက်ဆံတောင်းသတဲ့

'ရပြီလား'

'ဘယ်လိုမှ မအောင်မေ့နဲ့ကွာ ငါ့ဆီလဲ မရှိဘူး'

'မရှိဘဲနဲ့များ ဘာလို့ ငါ့ကို ဒီနေ့ပေးမယ်လို့ ချိန်းရတာလဲကွာ၊ မင်းမှာ မရှိလဲ ငါလာမေးတဲ့နေ့ကတည်း မရှိဘူးလို့ ပြောလိုက်ရောပေါ့ မင်းဆီက မရနိုင်ရင် ငါ့ဟာငါ တခြားနေရာက ရှာနိုင်သေးတယ်'

သောင်းအေးက စိတ်ပျက်လက်ပျက်နဲ့ ပြောတယ်၊ အဲဒီတော့ မောင်ပိုက်က

'ငါကလဲကွာ စေတနာနဲ့ပါ'

'ဘာစေတနာနဲ့လဲ'

'မင်းစိတ်ချမ်းသာစေချင်လို့'

'ဘာကွ မင်းမှာ ငွေမရှိဘဲနဲ့ ငါ့ကို ပေးမယ်လို့ ပြောတာ ငါစိတ်ချမ်းသာအောင်လို့ ဟုတ်လား၊ တကယ် မပေးနိုင်ဘဲနဲ့ ငါက ဘယ်လိုလုပ် စိတ်ချမ်းသာမှာလဲ'လို့ ဒေါသနဲ့ အော်သတဲ့။

အဲဒီတော့ မောင်ပိုက်က

'သူငယ်ချင်းရာ တကယ် ငါမင်းကို စေတနာနဲ့ ကူညီတာပါကွာ၊ ငါက ရမယ်ပြောလိုက်တော့ မင်းသုံးရက်လောက် စိတ်ချမ်းသာနေရော မဟုတ်လား'

လို့ မောင်ပိုက်က ပြောလိုက်သည်။


လက်ခံထားသူ့အား
ကျေးဇူးတင်ပါသည်

## လက်ခံထားသူအား ကျေးဇူးတင်ပါသည်

တစ်ခါက ကိုထွန်းလူနှင့် မစိန်နု ဆိုသော လင်မယား နှစ်ယောက်ရှိသည်။ ကိုထွန်းလူသည် စိန်နုကို အလွန်ချစ်သည်၏ မစိန်နုကလည်း အလွန်လှသည်။

တစ်ရက်တွင်မူ စိန်နု မမျှော်လင့်ဘဲ အိမ်မှ ရုတ်တရက် ပျောက်သွားသည်။ ထို့ကြောင့် ကိုထွန်းလူမှာ နေမထိ၊ ထိုင်မသာနှင့် ဖြစ်နေသည်။ မိတ်ဆွေအပေါင်းအသင်းများသည် ကိုထွန်းလူအတွက် စိတ်မကောင်း ဖြစ်ကြရသည်။ လိုက်ရှာပေးကြသည်။ မတွေ့။

သတင်းစုံစမ်းကြည့်သော်လည်း မရ၊

'ရဲစခန်းမှာ အမှုဖွင့်မလား'

'အမှုဖွင့်ထားလဲ ရဲက ရှာတွေ့ဦးမှ ကိုး'

'ရှာတယ်ပဲထား၊ မတွေ့ရင် ဘယ့်နှယ် လုပ်မလဲ'

'ဟုတ်တယ် ဒီမြို့မှာတင် ရှိချင်မှ ရှိမယ်'

'အဲသလိုဆို ဘယ်လိုလုပ်ကြမလဲ'

တစ်ယောက်တစ်မျိုး အကြံဉာဏ်ပေးကြ ကူစဉ်းစားကြနဲ့ ဆွေးနွေးကြတယ်၊ တစ်ယောက်က

'အဲဒါဆို သတင်းစာထဲက ကြော်ငြာပါလား၊ သတင်းစာထဲက ကြော်ငြာထည့် လိုက်ရင်တော့ နယ်ပေါင်းစုံက သိမှာပဲ'

'ဟုတ်တယ်၊ အဲဒါကောင်းတယ်'

'ဘယ်လို ကြော်ငြာမလဲ'

'အမြန် ပြန်လာပါပေါ့၊ လက်ခံထားသူ အရေးယူမည်ဆိုပြီး ကြော်ငြာရမှာပေါ့'

'ဟ အဲသလို ကြော်ငြာလို့ အလကား လာပါ့မလား၊ မနေချင်လို့မှ ထွက်သွားတဲ့ ဟာကို'

'ဒါဖြင့် ဘယ်လိုကြော်ငြာမလဲ'

'အဲ အဲ နေဦး ငါသိပြီ သေချာပေါက် ပြန်ရောက်လာအောင် ငါ ကြော်ငြာလိုက်မယ်'

သူငယ်ချင်းတစ်ယောက်က အဲသလို တာဝန်ယူပြီး သတင်းစာကနေ ကြော်ငြာ ထည့်လိုက်တာ ရက်သတ္တပတ်အတွင်း မစိန်နုဟာ

ပြန်ရောက်လာသတဲ့၊ ကိုထွန်းလူရဲ့သူငယ်ချင်း ထည့်လိုက်တဲ့ ကြော်ငြာက

‘သိစေအပ်ပါသည်’

ကျွန်ုပ်၏ဇနီး မစိန်နုအား ခေါ်ယူထားသူ သိစေရန် ကြော်ငြာလိုက်ရပါသည်။ မကြာမီ မိတ်ဆွေထံသို့ မစိန်နု၏ မိခင်ကြီး လိုက်လာပါလိမ့်မည်။

မစိန်နုအား ကျွန်ုပ်ထံ ပြန်မပို့ပါနဲ့

ကျေးဇူးတင်ပါသည်။

ပုံ

ထွန်းလူ

ဟူသတည်း။


သမား

# နှစ်ကြီးသမား

တစ်ခါက အသက်ငါးဆယ်ကျော်ပြီဖြစ်တဲ့ ဦးသန်းမောင်နဲ့ ဦးဝင်းညွှန့်တို့ ငယ်သူငယ်ချင်း နှစ်ယောက် ဆုံမိကြသတဲ့။

ဦးသန်းမောင်ကတော့ ပုတီးစိပ် ဥပုသ်စောင့်နဲ့ တရားသား ဖြစ်နေပေမယ့် ကိုဝင်းညွှန့်ကတော့ ငယ်ငယ်ကလိုပဲ တစ်ခါတစ်လေ အရက်ကလေး သောက်လိုက်၊ လက်ဖက်ရည်ဆိုင်ထိုင်ပြီး ဟေးလား၊ ဝါးလား လုပ်လိုက်နဲ့ ပျော်သလို နေတုန်းပဲတဲ့။

အဲသလို နေတာကို ကိုသန်းမောင်က မကျေနပ်ချင်ဘူး။ အနေအထိုင် ပေါ့တယ်ဆိုပြီး စိတ်ပျက်တယ်၊ အဲဒါကြောင့် သူတို့ ဆုံမိတိုင်း ကိုသန်းမောင်က ကိုဝင်းညွှန့်ကို ပြစ်တင်စကား ပြော လေ့ရှိတယ်

'ဟေ့ကောင် သန်းမောင် မင်း ငါ့လက်ဖက်ရည်တိုက်ကွာ'

'ဘာလို့တိုက်ရမှာလဲ၊ မင်းလို အခုအသက်အရွယ်ထိ ဒုစရိုက် လုပ်နေတဲ့ လူကို'

'မင်း အဲဒါတွေ လွဲတာပဲ၊ တရားလိုက်နေ တယ်ဆိုပြီး တကယ် တရားနဲ့အညီ မနေဘူး'

'ဘာ တရားနဲ့အညီ မနေရမှာလဲ'

'ဟ တရားမှာက လှူတယ်ဆိုရင် အယုတ်အလတ် အမြတ်မရွေး လှူရတာကွ '

'အိုကွာ၊ ရှိတဲ့အခါ လှူမယ်၊ မရှိမှဲ့ ရှိမှဲ့နဲ့ လှူရတုန်းတော့ သူမြတ်တွေကိုပဲ လှူမယ်'

'မကြီးကျယ်ပါနဲ့ သန်းမောင်ရာ မင်းလဲငယ်ငယ်က ငါနဲ့ အတူတူ ဒုစရိုက် လုပ်လာတဲ့ ကောင်ပါ'

'အို အဲဒါက ငယ်ငယ်က၊ ခုမလုပ်တော့ဘူး'

'ဒီမှာ သန်းမောင် ဘာပဲဖြစ်ဖြစ် မင်းလဲမင်း လုပ်ခဲ့တဲ့ အကုသိုလ်အတွက် ငရဲမှာ နည်းနည်းဖြစ်ဖြစ်တော့ ခံရဦးမှာပဲ၊ ငါတို့က ခုထိဆက်တိုက် မိုက်လာတာဆိုတော့ ငါက နှစ်ကြီးသမား ဖြစ်မှာ မင်းက ငရဲရိုးရိုးကျရင် ငါက ငရဲမှာ နှစ်ကြီးသမား ဆိုတော့ တန်းစီပဲ မင်းကို ပြန်အုပ်ချုပ်ရမှာ၊ အဲဒီတော့မှ မင်း ငါ့ အဆိုးမဆိုနဲ့'ဟု ပြောလိုက်လေသည်။

## မရယ်နိုင်သူ

တစ်ခါက လူတစ်ယောက်သည် ဆရာဝန် တစ်ဦးထံသို့ အစမ်းသပ်ခံရန် ရောက်လာ၏။

'ဘယ်လိုဖြစ်တာလဲ'

'အစားအသောက် ပျက်တယ်ဆရာ'

'နောက်တော့ကော'

'အိပ်လို့လဲ မပျော်ဘူး'

'ကဲ ခင်ဗျား ဖြစ်တာတွေ အကုန် ပြောပြစမ်းဗျာ'



အလိုလိုနေရင်း မောမောနေတယ်၊ ဘယ်မှသွားချင် လာချင်စိတ်လဲ မရှိဘူး၊ တစ်ကိုယ်လုံးလဲ ညောင်းကိုက်နေတာပဲ၊ အားငယ်သလိုလို၊ ဝမ်းနည်းသလိုလို ဖြစ်ဖြစ်နေတယ်၊ စိတ်မကောင်း စရာတွေချည်း တွေးမိနေတယ်'

'ဟုတ်ပြီ'

ဆရာဝန်သည် လူနာကို သွေးစမ်း၏၊ အဖျားတိုင်း၊ လက်သီးကို ဆုတ်ခိုင်းပြီး ဆွဲဖြန့်ကြည့်၏၊ အင်္ကျီကို ချွတ်၍ ဆရာဝန်သည် လူနာကို သွေးစမ်း၏၊ အဖျားတိုင်း၏၊ လက်သီးကို ဆုတ်ခိုင်းပြီး ဆွဲဖြန့်ကြည့်၏။ အင်္ကျီကို ချွတ်၍ နားကျပ်နှင့် ထောက်ကာ ရောဂါရှာဖွေကြည့်သည်။

'ခင်ဗျားမှာ ဘာရောဂါမှ မရှိပါဘူး'

'ဟုတ်ရဲ့လား ဒေါက်တာ'

'ဟုတ်ပါတယ်'

'ကျွန်တော်ကတော့ ရောဂါ တစ်ခုခုရှိနေတယ် ထင်တာပဲ'

'အဲဒီစိတ်ကို ဖျောက်ပစ်လိုက်ပါ'

'ဘယ်လို ဖျောက်ရမလဲ ဒေါက်တာ'

'အကောင်းဆုံးကတော့ အငြိမ့်တွေကြည့်ဗျာ၊ လူရွှင်တော်တွေ ရဲ့ ပျက်လုံးတွေကို နားထောင်ပါ၊ ပျော်စရာတွေကို များများခံစားပါ၊ ရယ်စရာ ပြောတတ်တဲ့ လူတွေနဲ့ စကားပြောပါ သူတို့ပြောတာတွေ နားထောင်ပါ။

လူနာက ဆရာဝန်အား မျက်လုံးပေကလပ် ပေကလပ်ဖြင့် ကြည့်၏။

'ကျုပ်ပြောတာ သဘောပေါက်တယ် မဟုတ်လား'

'ဟုတ်ကဲ့'

'ခင်ဗျားမှာ အချိန်အားတော့ ရတယ် မဟုတ်လား'

'ရပါတယ်'

'နေတော့ ဘယ်မှာ နေသလဲ'

'ဟိုဘက်လမ်းထဲမှာပါ ဒေါက်တာ'

'အား အဲဒီဘက် လမ်းထဲမှာ အငြိမ့်လူရွှင်တော် တစ်ယောက် ရှိတယ်လေ သူ့ကို မသိဘူးလား၊ သူနဲ့သွား စကားပြောပေါ့'

'ဒါနဲ့ ခင်ဗျားက ဘာလုပ်သလဲ'

'အဲဒီအငြိမ့်က လူရွှင်တော်ဆိုတာ ကျွန်တော်ပါ ဒေါက်တာ'

'အင်'



# ကလဲ့စား

တစ်ဆခါကမန္တလေးမြို့မှာ လူရွှင်တော်ကြီး ဦးတက်တူဆိုတာ ရှိသတဲ့။ သူက နေပြည်တော်အငြိမ့်မှာ အလုပ်လုပ်တယ် နေပြည်တော် အငြိမ့်ရဲ့ အငြိမ့်ထောင်က ကိုစံမောင်ဖြစ်တယ်၊ ကိုစံမောင်ဟာ အလုပ်သမားတွေကို ငွေပေးဖို့ အလွန် တွန့်တိုတယ် ဆိုပဲ၊ သူ့အိတ်ထဲက ငွေထုတ်ဖို့ရာ အလွန်ဝန်လေးတဲ့ လူတဲ့။

တစ်ရက်မှာ ဦးတက်တူက ကိုစံမောင်ဆီကို ငွေတောင်းတယ်။

'ကိုစံမောင် ကျုပ်ငွေသုံးရာလောက် ပေးစမ်းပါ၊ ကျုပ်မိန်းမ ဈေးမထွက်နိုင်လို့၊ အသားဝါ ဖြစ်နေတယ်'

'မရှိပါဘူးဗျာ'

'သုံးရာတည်းပါဗျာ၊ သူ့ဆေးကုပေးချင်တာပါ၊ သူဈေး ပြန်ရောင်းနိုင်မှ ကျွန်တော်တို့ အဆင်ပြေမှာ ကြောင့်ပါ ကိုစံမောင်ရာ'

'ဦးတက်တူကလဲဗျာ မရှိပါဘူးလို့ ပြောနေမှ'

'ရှိနေမှန်း ကျုပ်ကသိနေတာပဲ ကိုစံမောင်ရယ်၊ ခင်ဗျားအိတ်ထဲ မယ် မြင်နေရက်နဲ့၊ ဒီငွေကလဲ ပွဲကတော့ ညကြေးထဲက နှိမ်လိုက်ရမယ့် ငွေပါ'

'အိတ်ထဲက ငွေက သူများငွေဗျ၊ မရှိပါဘူးဆိုမှ'

ကိုစံမောင်က တစ်ဖက်လှည့်သွားတယ်။ ဦးတက်တူက အောင့်သက်သက်နဲ့ မကျေမနပ်ဖြစ်ပြီး ပြန်လာရတာပေါ့၊ အဲသလို မကျေမနပ် ဖြစ်ရတာက ခဏခဏပါပဲ။

တစ်ခါကလဲ သူ့သားလေး သုံးယောက် ကျောင်းအပ်ဖို့ ငွေလိုနေလို့ ကိုစံမောင်ဆီ သွားပြီး အသုံးတောင်းတယ်၊ အဲသလိုပဲ ငွေတွေတစ်ထပ်ကြီး အိတ်ထဲမှာ ရှိနေတာ မြင်ရက်နဲ့ မရှိဘူးလို့ ပြောလွှတ်လိုက်သတဲ့၊ ကလေးတွေ အတွက်ပါ ဆိုပြီး အမျိုးမျိုး ပြောတာကိုပဲ ထုတ်မပေးလိုက်ဘူးဆိုပဲ။

ဦးတက်တူက အဲဒီအကြောင်းကို မကျေမနပ်နဲ့ မကြာခဏ ပြန်ပြောလေ့ရှိတယ်။ ပြီးတော့ တစ်ရက်ရက်မှာ ကိုစံမောင်ကိုလဲ ကလဲ့စား ချေရမယ်ဆိုပြီး အမြဲကြိမ်းဝါးလေ့ရှိတယ်။

ဒီလိုနဲ့ တစ်ရက်မှာတော့ ဦးတက်တူဟာ ကျေကျေနပ်နပ်ကြီး ပြုံးနေတာကို တွေ့ရတယ်။ သူ့မိန်းမက ဦးတက်တူကို ကြည့်ပြီး

'ကိုတက်တူ တော် ထီများပေါက်လာသလား၊ တော့်မျက်နှာ ကြည့်ရတာ အတော်ကို ကျေနပ်နေတဲ့ ပုံပဲ'

'မပေါက်ပါဘူးကွာ'

'မပေါက်လဲ ပျော်စရာ ဘာများ တွေ့လာလို့လဲ၊ ကျုပ်ကို ပြောစမ်းပါဦး၊ လင်မယားပဲတော် ပျော်စရာရှိလဲ အတူပျော် ရအောင်လို့'

'ဟီးဟီး ငါကျေနပ်လွန်းလို့ပါကွာ၊ ကိုစံမောင်ကို ငါလက်စားချေခဲ့ပြီကွ၊ ငါတို့ငွေလိုလို့ သူ့ဆီသွားပြီး အသုံး တောင်းတိုင်း မရှိဘူးလို့ ပြောပြောလွှတ်တာလေ'

'အင်း အဲဒါ ကျုပ် သိပါတယ်'

'မနေ့က ကိုစံမောင်နဲ့ ငါနဲ့ လက်ဖက်ရည်ဆိုင်မှာ ဆုံခဲ့တယ်ကွ၊ ငါက အရင်ထိုင်နေတာ၊ လက်ဖက်ရည်သောက်ပြီးပြီ၊ ဆေးလိပ်သောက်ရင်း စကားပြောနေတုန်း ကိုစံမောင်ရောက်လာတာ၊ သူကငါ့အေးက စားပွဲမှာဝင်ထိုင်တာ၊ သူ့လက်ထဲမှာ စီးကရက် တစ်လိပ်ကိုင်လို့၊ သူဟိုကြည့် ဒီကြည့်နဲ့ ဆေးလိပ်မီးတို့ချင်လို့ ကြည့်ရင်း ငါ ဆေးလိပ် သောက်နေတာကို မြင်သွားတော့၊

'ဦးတက်တူ ကျုပ်ကို ဆေးလိပ်မီး တစ်တို့လောက် ပေးစမ်းပါတဲ့ ငါ့ဆီ မီးလှမ်းတောင်းတာ၊ ငါ သူ့ကို သေသေချာချာ ကြည့်ပြီး'

'မရှိဘူး' လို့ ပြောပစ်လိုက်တယ်ကွ။

ဟူသတည်း။


အကြောင်း

# အဖမ်းခံရတဲ့ အစောင့်

တစ်ခါက မန္တလေးမြို့မှာ ကိုထွန်းကျော်ဆိုတဲ့ လူတစ်ယောက်ရှိတယ်။ သူက ရုံးတစ်ရုံးမှာ လုပ်ပေမယ့် ချော်လဲပြီး လက်နာသွားတာ မပျောက်တော့တာကြောင့် ဆေးပင်စင် ယူလိုက်ရတယ်။

ဒီတော့ အရပ်ထဲမှာ ယောင်ချာချာဖြစ်နေတာပေါ့။ သူကငွေလိုနေလို့ ခွန်အား မစိုက်ရဘဲ လုပ်လို့ရမယ့် အလုပ်ရှာနေတုန်း ဦးစိန်လွန်းနဲ့ ဆုံမိတယ်။ ဦးစိန်လွန်းဆိုတာက ဂျင်ဝိုင်းထောင်တယ်၊ ဂျင်လှည့်တယ်၊ ဦးစိန်လွန်းက ကိုထွန်းကျော်ကို

'ကဲ ကိုထွန်းကျော် ခင်ဗျားက အဲဒီရပ်ကွက်ရုံးနဲ့ မျက်နှာချင်းဆိုင် လက်ဖက်ရင်ဆိုင်မှာထိုင်၊ လက်ဖက်ရည် သောက်ချင်သလောက် သောက်၊ မုန့်စားချင်သလောက်စား၊ ဆေးလိပ်ဖွာချင်သလောက်ဖွာ၊ အားလုံး ကျုပ်ရှင်းမယ်၊ ပြီးတော့ ခင်ဗျားကို နေ့တွက်

တစ်ရာပေးမယ်၊ ခင်ဗျား လုပ်ပေးရမယ့် အလုပ်က ရပ်ကွက် ရုံးထဲက လူစိမ်းအဝင်အထွက်များရင် ရဲအဝင်အထွက် များရင်၊ ကျုပ်အိမ်ကို လာပြီး သတိပေးဖို့ပဲ'

ဆိုပြီး အစောင့်ခန့်လိုက်သတဲ့။ ကိုထွန်းကျော်ကလဲ တစ်နေ့ တစ်ရာဆိုတာ နည်းတဲ့ငွေမှ မဟုတ်ဘဲ မက်မောမိတာပေါ့၊ ဥပဒေနဲ့ မလွတ်မကင်းမှန်း သိပေမယ့် အစောင့်ကတော့ ဘာမှ မဖြစ်နိုင်ဘူးလို့ တွေးမိတာကိုး၊ ပြီးတော့ ငါကိုယ်တိုင် ကစားတာမှ မဟုတ်ဘဲ၊ ကစားဝိုင်းနဲ့လဲ အဝေးကြီး နေရမှာပဲဆိုပြီး အဲဒီအလုပ်ကို လက်ခံလိုက်တာ ဖြစ်တယ်။

အဲဒီနေ့က မနက်ပိုင်းမှာတော့ အဆင်ပြေနေတာပေါ့၊ ကိုထွန်းကျော်ဟာ လက်ဖက်ရည် သောက်လိုက် စီးကရက် ဖွာလိုက်နဲ့ ဂျင်ဝိုင်းသာ လလုံးပေါက် ရှိလို့ကတော့ တစ်လဆို သူ့ဝင်ငွေ သုံးတောင်ပေါ့၊ သူ့အတွေးနဲ့သူ အတော် ကျေနပ်နေတယ်။

နေ့လည်လောက်မှာ ရပ်ကွက်ရုံးထဲကို ရဲသုံးလေးယောက်နဲ့ အရပ်ဝတ် အရပ်စားနဲ့ လူစိမ်း သုံးလေးယောက် ဝင်လာတာ တွေ့ရတယ်။ အဲသလို တွေ့ရော ကိုထွန်းကျော်ဟာ လက်ဖက် ရည်ဆိုင်က ထွက်ခဲ့တယ်၊ မပြေးရုံ တမယ်ပါပဲ။

ဦးစိန်လွန်းတို့ကလဲ ကိုထွန်းကျော် ရေးကြီးသုတ်ပြာနဲ့ သူတို့ဆီ လျှောက်လာတာကို လှမ်းမြင်ရကတည်းက အခြေအနေ မဟန်မှန်းသိလို့ ဂျင်ဝိုင်းက လူတွေက လူစုခွဲပြီး ထွက်ပြေးသွား ကြတယ်။

ကိုထွန်းကျော်ကတော့ အဲသလို ပြေးသွားတာ ဘယ်သိမှာလဲ၊ ရပ်ကွက်ရုံးမှာ ရဲတွေ ရောက်နေတဲ့အကြောင်း ပြောမလို့ ဦးစိန်လွန်းတို့ ကစားဝိုင်းလုပ်တဲ့ အိမ်ထဲဝင်သွားတော့ တစ်ယောက်မှ မတွေ့ရတော့ဘူး ကိုထွန်းကျော်က ဘယ်သူ့ကိုမှ မတွေ့ရတော့ဘူး။ ရုတ်တရက် အံ့အားသင့်ပြီး သူများ အိမ်များဝင်ခဲ့သလားလို့ ယောင်ချင်ချာနဲ့ ဖြစ်နေတုန်းမှာ ရပ်ကွက်လူကြီးနဲ့ ရဲတွေရောက်လာပြီးဝိုင်းဖမ်းလိုက်တာ ဂျင်သီးတွေ ပန်းကန်လုံး ငွေဇယားကွက်တွေနဲ့ အတူ ကိုထွန်းကျော်ကို မိသွားသတဲ့။ ကိုထွန်းကျော်က

'ကျွန်တော် ကျင်ကစားတဲ့လူ မဟုတ်ပါဘူး'

'ဒါဖြင့် လှည့်တဲ့ လူလား'

'လှည့်တဲ့လူလဲ မဟုတ်ပါဘူး၊ ဂျင်ဝိုင်းကစားနေတာကိုတောင် မမြင်ဖူးပါဘူး'

'ဒါဖြင့် ခင်ဗျား ဘာလို့ ဒီရောက်နေရတာလဲ'

'ကစားတဲ့ လူတွေပြောဖို့ လာပြောတာ၊ ကစားတဲ့လူတွေ မတွေ့တာနဲ့ ခဏရပ်စောင့် နေတာပါ၊ ကျွန်တော်က အစောင့်ပါ'

တဲ့၊ ဖြစ်မှဖြစ်ရလေ ကိုထွန်းကျော်ရယ်။



# လျှို့ဝှက်ချက်

တစ်ခါက တရားရုံးမှာ ခိုးမှုကို ကျူးလွန်တဲ့ တရားခံကို စစ်ဆေးဖို့ ချိန်းဆိုထားတယ်။ တရားခံက သူ့ရဲ့ ရှေ့နေနဲ့ အတော်ကြာကြာ တိုးတိုးတိတ်တိတ် တိုင်ပင်နေတာကို တရားသူကြီးက မြင်နေတယ်။ တရားသူကြီးကလဲ ဒီရှေ့နေဟာ ကပ်သီးကပ်သပ် လျှောက်လဲချက ပေးတတ်လွန်းလို့ အမြင်ကပ်နေတာ၊ သူကပ်သီး ကပ်သပ်နဲ့ လျှောက်လဲချက်ပေးလာရင် သူလိုပဲ ကပ်သီးကပ်သပ် အမိန့်ချရမယ်လို့ ဆုံးဖြတ်ထားတယ်။

ဒီလိုနဲ့ တရားခွင်ပေါ် ရောက်ပြီး တရားလိုသက်သေ၊ ရဲအားလုံးကို စစ်ဆေးကြည့်တယ်။ အမှုထင်ရှားနေတယ်၊ တရားခံကို သေချာပေါက် အပြစ်ပေးနိုင် နေတာထင်ရှားနေပြီ။

'တရားသူကြီး ခင်ဗျား၊ ဒီအမှုမှာ သေသေချာချာ စဉ်းစား ဆုံးဖြတ်စေချင်ပါတယ်၊ ကျွန်တော့်အမှုသည်ဟာ အိမ်ထဲဝင်ပြီး ခိုးတာ မဟုတ်ဘူး ဆိုတာ ထင်ရှားနေပါတယ်၊ တရားလို ကိုယ်တိုင်ကလဲ ပြတင်းပေါက်ကနေ နှိုက်ယူတယ်လို့ ထွက်ဆိုထား ပါတယ်၊ ကျွန်တော့်ရဲ့ တရားခံကလဲ အမှန်အတိုင်း ဝန်ခံထားပါ တယ်၊ ပြတင်းပေါက် ပွင့်နေတာ မြင်လို့လက်လှမ်းမီရာ ပစ္စည်းကိုသာ နှိုက်ယူခဲ့တာပါလို့'

'တရားသူကြီး ခင်ဗျား၊

တစ်ခု စဉ်းစားပါ၊ ႏသူ့ညာဘက်လက် အိမ်ထဲရောက်တာနဲ့ သူ့တစ်ကိုယ်လုံးမှာ အပြစ်ရှိတယ်လို့ မဆိုနိုင်ပါဘူး၊ အပြစ်ပေး မယ်ဆိုရင် အပြစ်ကျူးလွန်တဲ့ သူ့ ညာလက်ကိုသာ အပြစ်ပေး သင့်ပါတယ်'

လို့ လျှောက်ထားလိုက်တယ်။ တရားသူကြီးက ပြုံးပြီး
'ကောင်းပါပြီ၊ အမှန်အတိုင်းပဲ ဖြစ်စေရပါ့မယ်၊ ခု တရားခံရဲ့ ညာဘက်လက်ကို ထောင်ဒဏ် တစ်နှစ်ချလိုက်ပါတယ်၊ သူ့ရဲ့ ညာဘက်လက် ထောင်ထဲမှာ သွားနေဖို့ရာ အတွက်တော့ သူကိုယ်တိုင် လိုက်သွားချင် သွားပါ၊ မသွားလိုလဲ နေခဲ့လို့ ရပါတယ်'
လို့အမိန့်ချလိုက်တယ်၊ အဲဒီတော့ ရှေ့နေဟာ အောင်မြင်စွာ ပြုံးလိုက်ပြီး တရားခံရဲ့ ညာဘက်လက်ကို ဖြုတ်ပြီး၊ တရားသူကြီး ရှေ့တင်ပေးလိုက်ပါတယ်၊ တရားခံက လက်တစ်ဖက် မပါလို့ လက်အတု တပ်ထားရတာကိုး'

## လက်တစ်ဆုပ်

တစ်ခါက မိန်းမကြီးတစ်ယောက်ဟာ မြေပဲလှော်၊ ပဲလှော် ထန်းလျက်၊ ရောင်းတဲ့ ဈေးသည်ကို ခေါ်ပြီး ပဲလှော်ဝယ်တယ်။
ဘေးနားမှာ သားဖြစ်သူ ရပ်ကြည့်နေတယ် သူ့အမေက ပဲလှော်ဝယ်ပေမယ့် သူက မြေပဲလှော် စားချင်နေတာဆိုတော့ မြေပဲလှော်ကိုပဲ စိုက်ကြည့်နေတယ်၊ အဲဒါကို ဈေးသည်က သတိထားမိတယ်။ ဒါနဲ့
'သား မြေပဲလှော် စားချင် နှိုက်ယူလေ'
'လို့ ပြောတယ်၊ ကလေးက နှိုက်မယူဘူး၊ သူ့အမေတော့ ပဲလှော်ဝယ်ပြီး ပဲလှော်ထားဖို့ အိမ်ထဲဝင်သွားလိုက် ပိုက်ဆံယူပြီး ပြန်ထွက်လာလိုက် ပိုက်ဆံပေးလိုက် အအမ်းလိုက်စောင့်လိုက်နဲ့
ကလေးကတော့ တစ်ချိန်လုံးပဲ လက်နောက်ပစ်ရပ်ပြီး မြှောက် ပဲလှော်ပဲ ကြည့်နေတယ်။ ဈေးသည်မိန်းမကြီးက



'ကဲသား ယူလေ သား မြေပဲလှော် စားချင်လို့ မဟုတ်လား၊ ကဲရော့ ရော့ ဒေါ်ဒေါ်ယူပေးမယ်'ဆိုပြီး လက်တစ်ဆုပ် နှိုက်လို့ ကလေးကို ပေးလိုက်တယ်။

ဈေးသည် မိန်းမကြီး ထွက်သွားတော့ သူ့အမေက

'ငါ့သားရယ်၊ စားချင်ရင် ယူလို့ အစကတည်းက ပေးနေတာကို သားက ဘာလို့နှိုက်မယူရတာလဲ၊ သားစားချင် နေတာပဲ ဟိုကလဲ ပေးနေတာ ယူလိုက်ရောပေါ့၊ ဘာလဲ အမေဆူမှာ ကြောက်လို့လား'ဆိုပြီး မေးတယ်။

ဒီတော့ သားက

'အမေဆူမှာ ကြောက်လို့ မဟုတ်ပါဘူး'

လို့ဖြေတယ်။

'ဒါဖြင့် ဘာလို့လဲ'

လို့ သူ့အမေက ထပ်မေးတယ်၊ သားက

'သားလက်နဲ့ နှိုက်ယူရင် နည်းနည်းလေးရမှာ မေမေ၊ သူ့လက်နဲ့ နှိုက်ပေးတာ အများကြီးရတယ်၊ သူ့လက်က သားသား လက်ထက် အများကြီးကြီးလို့ သားက သူလက်အားအောင် စောင့်နေတာပါ'တဲ့။

## ငိုခတစ်ဆယ်

တစ်ခါက မြို့တစ်မြို့မှာ သွားဆရာဝန် တစ်ယောက် ရှိတယ်။သူဟာ အလွန် တိတိကျကျ လုပ်လေ့ရှိသတဲ့။ တစ်ရက်မှာတော့ သူ့ရဲ့ဆေးခန်းကို သွားနှုတ်ဖို့ ကလေးတစ်ယောက် သူ့အမေနဲ့အတူ ရောက်လာတယ်။

'ဘယ်လို ဖြစ်တာလဲ'



'ကလေး ညာဘက်က အပေါ်သွားနှုတ်ချင်လို့'

'ဘာလို့နှုတ်ချင်ရတာလဲ'

'ခဏခဏ အဲဒီသွားက ကိုက်တော့ ကလေးကျောင်းပျက် ပျက်နေလို့ပါ'

'မနှုတ်ဘဲ ဆေးမထည့်ချင်ဘူးလား'

'ဆေးထည့်လဲ ခဏပျောက်တာပဲ၊ နောက်တော့ ပြန်ပြန် ပြီး ပြန်တာပဲ'

'ကောင်းပြီလေ၊ ဒါဖြင့် နှုတ်ပေးမယ်လေ၊ သွားတစ်ချောင်း နှုတရင် တစ်ဆယ် ယူတယ်နော်'

'ဟုတ်ကဲ့ ပေးပါ့မယ်'

'ဒါနဲ့ ဆရာဝန်က ကလေးကို ထုံဆေးထိုးပေးတယ်။ ထုံဆေးမထိုးခင်ကတည်းက ကလေးက တအားငိုလိုက်တာ ဆေးထိုးပြီးလဲငို၊ သွားနှုတ်ပြီးတော့လဲ ငိုနဲ့ချော့လို့ကို မရဘူးတဲ့။

'သားသား နာသလား'

'မနာဘူး'

'ဒါဖြင့် ဘာလို့ ငိုရတာလဲ'

'ကြောက်လို့'

ဒီလိုနဲ့ဆေးထည့် သောက်ဆေးပေးပြီးသွားတယ်။

'ဆရာသွားနှုတ်ခ'

'မိန်းမကြီးက တစ်ဆယ်ထုတ်ပေးတယ်။ ဆရာဝန်က

'နှစ်ဆယ်ကျပါတယ်'

‘ရှင် ဆရာပြောတော့ သွားတစ်ချောင်း တစ်ဆယ်ဆို’

‘ဟုတ်ပါတယ်၊ သွားနှုတ်တဲ့အတွက် တစ်ဆယ်ပဲ ကျပါတယ်၊ ငိုတဲ့အတွက် တစ်ဆယ်ယူပါတယ်’

‘ထုံးစံ မဟုတ်တာ ဆရာရယ်၊ ဘာလို့ ငိုတဲ့အတွက် တစ်ဆယ်ယူရမှာလဲ၊ တစ်ခါမှ မကြားဖူးပါဘူး’

‘ခင်ဗျားသား ငိုနေတုန်းမှာ ရောက်လာတဲ့ လူနာတစ်ယောက်က တအားနာမယ် မှတ်ပြီး ကြောက်လန့်ပြီး ပြန်သွားပါတယ်၊ အဲဒီအတွက် လူနာတစ်ယောက် ပြန်သွားလို့ နစ်နာရလို့ တစ်ဆယ်ယူတာပါ’

‘လို့ဖြေသတဲ့။



# မေ့ တတ် သူ

တစ်ခါက ဆေးရုံတစ်ရုံမှာ အလွန်မေ့တတ်တဲ့ ဆရာဝန်ကြီး တစ်ယောက် ရှိသတဲ့၊ ဒါပေမဲ့ ပညာကတော့ အလွန်တော်ဆိုပဲ၊ ဒါကြောင့်လဲ သူ့ကို မေ့တတ်မှန်း သိပေမယ့် သူ့ရဲ့ခွဲစိပ်မှုကို လိုလားကြတယ်။

တစ်ရက်မှာ ခွဲစိတ်ဆောင်ထဲကို ခွဲစိတ်ပြီးတဲ့လူနာ သွင်း လာကြတယ်။ လူနာက ကောင်းကောင်း သတိရနေပြီး ဘေးနားက လူနာတွေက

'ရှင်က သိပ်ကံကောင်းတာပဲ အစောက ခွဲစိတ်ခန်းထဲ ဝင်ရတယ်၊ ခုအားလုံးပြီးလို့ ပြန်ထွက်လာရပြီ၊ ဆရာဝန်ကြီးက မေ့တတ်တာ တစ်ခုပဲ ပညာကတော့ အရမ်းတော်တာ'

'ဟုတ်တယ်၊ ကျွန်မဆို ခွဲစိတ်ခန်းက ခုလို အမြန်ပြန် မထွက်နိုင်ဘူး၊ ဗိုက်ကိုချုပ်ပြီးမှ ဗိုက်ထဲကပ်ကျေး မေ့နေလို့ဆိုတာနဲ့ တစ်ခါ ပြန်ခွဲရတယ်။ ဟိုဘက် လူနာတုန်းကလဲ အဲသလိုပဲ'

'လူနာအသစ်စက်စက်မှာ မျက်လုံးပေကလပ် ပေကလပ်နှင့် နားထောင်ရင်း သူ့ညာဘက်မှ လူနာဆီသို့ တစ်လှည့်ကြည့်ပြန်၏။

'ကျွန်မတုန်းကတော့ ဗိုက်ထဲမှာ ညှပ်မေ့နေခဲ့လို့ တစ်ခါ ပြန်ခွဲရတယ်လေ၊ အဲဒါ ဆရာဝန်ကြီးက သိလို့ မဟုတ်ဘူး၊ ကျွန်မ မေ့ဆေးပျယ်သွားတော့ ဗိုက်ထဲက အရမ်းအောင့် နေတယ် မခံနိုင်ဘူး

ဆိုပြောလို့ အခြားဆရာဝန်တွေကလဲ ဆရာဝန်ကြီး အကြောင်းသိ နေကြတော့ ခွဲစိတ်ပစ္စည်းတွေ စစ်ဆေးကြည့်ကြတာ၊ အဲဒီတော့မှ ညှပ်တစ်ခု လိုနေတာနဲ့ ကျွန်မကို တစ်ခါခေါ်ပြီး ထပ်ခွဲထုတ် ယူရတယ်'

ဟု ပြောပြန်သည်။

လူနာအသစ်သည် တော်ပါသေးရဲ့ ငါ့ဗိုက်ထဲမှာတော့ ခိုးလိုခုလု ဖြစ်မနေလို့ဟု မသိမသာ စမ်းကြည့်နေစဉ် ခွဲစိပ်ခန်းထဲမှ ဆရာဝန်ကြီး၏ အသံကို ကြားလိုက်ရသောကြောင့် ခွဲစိပ်ပြီးစ လူနာမှာ သတိမေ့သွားလေတော့သည်။

ဆရာဝန်ကြီး ပြောလိုက်သည့် စကားမှာ

'ဟေ့ ဟေ့ ငါ့လက်အိတ် တစ်ဖက် ဘယ်ရောက်နေပါလိမ့်'

ဟူသတည်း။

## ခုတော့ ဘာမှ မဖြစ်သေးပါဘူး

တစ်ခါက ရွာတစ်ရွာမှာ လင်မယား နှစ်ယောက်နဲ့ ကလေးတစ်ယောက် ရှိတယ်၊ ယောကျ်ားဖြစ်သူက အလွန် နမော်နမဲ့နိုင်တယ်တဲ့၊ ဘာပဲလုပ်လုပ် မသေမသပ်နဲ့ အလွဲလွဲ အချော်ချော်တွေ ဖြစ်လေ့ရှိတယ်။ အမြဲတမ်း တစ်ယောက်ယောက်က နောက်ကလိုက်ပြီး ပြင်ရတာချည်းပဲ၊ သူ့နာမည်က ကိုနမော်တဲ့၊


ခဏော့ ဘာမှ
မပြုတ်သေးပါဘူး

အဲသလို နာမည်ရနေသလို သူ့သားကျတော့ ခိုင်းတာကလွဲပြီး ဘာမှ မလုပ်တတ်ဘူး၊ ဒါကြောင့်လဲ အမေမှာ မှာတဲ့အတိုင်းသာ လုပ်တဲ့အတွက် မောင်မှာတိုင်းလို့ပဲ ခေါ်ကြသတဲ့။

မိန်းမကြီးဟာ ဒီလင်နဲ့ဒီသားကို လုံးဝ စိတ်မချဘူးဆိုပဲ၊ ဘာကိုပဲ ခိုင်းခိုင်း အလွဲလွဲ အချော်ချော် ချည်းဖြစ်လေ့ရှိတယ်၊ ဒီတော့ သူ့ယောကျ်ားကို တစ်ခုခု ခိုင်းတော့မယ် ဆိုတာနဲ့ သူ့သားကိုပါ အတူ စောင့်ကြည့်ဖို့ မှာရသတဲ့။

တစ်ရက်မှာလဲ အိမ်ကို ရေနံသုတ်ဖို့ သူ့မိန်းမက ကိုနမော်ကို ခိုင်းတယ်၊ ပြီးတော့ သားဖြစ်သူကိုလဲ နင်အဖေခိုင်းတာ ကူလုပ်၊ နင့်အဖေ တစ်ခုခု ဖြစ်ရင်လဲ ငါ့လာပြောဆိုပြီး မှာထားရသတဲ့။

ကိုနမော်နဲ့ မောင်မှာတိုင်းလဲ အိမ်ကို ရေနံသုတ်ဖို့ လှေခါးထောင်ကို ကိုနမော်က လှေခါးပေါ်တက် ရေနံသုတ်၊ မောင်မှာတိုင်းက အောက်က ရေနံပုံး လှမ်းပေးနဲ့ အလုပ်လုပ် နေကြတယ်။ မိန်းမကြီးကတော့ အိမ်ထဲမှာ ထမင်းဟင်း ချက်နေတာပေါ့။

အဲသလိုနဲ့ ခဏလေလဲနေရော 'ဝုန်း'ဆိုတဲ့ အသံကြားရပြီး မောင်မှာတိုင်းက ပြေးဝင်လာသတဲ့။

'မေမေ အစောက လှေခါးလဲတဲ့အသံကြားတယ် မဟုတ်လား'

'အေး ကြားလိုက်တယ် ဘာတွေ ဖြစ်ကုန်ပြီလဲ'

'ပန်းအိုးသုံးလုံး ကွဲသွားတယ်၊ ပိတောက်ပင်လေး ကျိုးသွားတယ်၊ ရေအိုးလဲ ကွဲသွားတယ်'

'ဟုတ်လား၊ နင့်အဖေရော ဘာဖြစ်သေးလဲ'

'ဘာမှ မဖြစ်ဘူး'

'လှေခါး ရွှေ့ရင်း လဲတာပေါ့'

'မဟုတ်ဘူး ဖေဖေအပေါ်မှာ သုတ်နေတုန်း လဲတာ'

'ဟဲ့ ဒါတောင် ဘာမှ မဖြစ်ဘူးလား'

'ခု မဖြစ်သေးဘူး မေမေ၊ အောက်ပြုတ်ကျရင်တော့ ဘာဖြစ်မယ် မသိဘူး တံခါးရွက်နဲ့ ပုဆိုးစနဲ့ ချိတ်ပြီး တန်းလန်းကြီး ဖြစ်နေတယ်'

'ဟု ဖြေလိုက်လေသတည်း။



# ထင်ချင်စရာ

တစ်ခါက ကိုသာအိုး ဆိုတဲ့ စာရေးကြီး တစ်ယောက်ရှိတယ်၊ သူက အလွန်ရိုးသားပေမယ့် သူ့မျက်နှာက မရိုးသားတဲ့ဟန် ဖြစ်နေတယ်၊ သိသိ မသိသိ ဖော်ဖော်ရွှေရွှေ ပြုံးပြတတ်တဲ့ အကျင့်ကြောင့်လဲပါတယ်။

တစ်ရက်မှာတော့ မိုးရာသီရောက်တော့မယ်ဆိုပြီး သူ့အိမ်က ထီးသုံးလက်ကို ပြင်ဖို့ ယူလာတယ်၊ ပြီးတော့ဆိုင်မှာ ဝင်အပ်ထားခဲ့ ပြီးတော့ ဆိုင်မှာ ဝင်အပ်ထားခဲ့ပြီး ရုံးကအပြန်မှ ယူတော့မယ် အကြောင်းလဲ ပြောခဲ့သတဲ့။

ဒီလိုနဲ့ ရုံးမှာရောက်လာပြီး နေ့လည်နားချိန်ရောက်တော့ ထမင်းစားချိန်မှာ လက်ဖက်ရည်ဆိုင် ဆင်းထိုင်တယ်၊ သူ လက်ဖက်ရည်ဆိုင် ထိုင်နေတုန်းမှာ မိုးကရွာလာတော့ ကပျာကယာ ထပြီး ဘေးနားက ထိုင်ခုံနောက်မှီမှာ ချိတ်ထားတဲ့ ထီးကို ဖြုတ် ယူလိုက်တယ်၊ ထီးက သူ့ထီးမဟုတ်ဘူး၊ သူနဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်နေတဲ့ စာရေးမလေးရဲ့ထီးပါ၊ စာရေးမလေးက သူ ထီးလှမ်း ယူတာမြင်တော့ အံ့အားသင့်ပြီး သေသေချာချာ လှမ်းကြည့် လိုက်တော့မှ ကိုသာအိုးဟာ သူ့ထီးမဟုတ်မှန်း သတိထားမိ ပြီးစာရေးမလေးကို ပြုံးပြလို့ တောင်းပန်လိုက်တယ်။

စာရေးမလေးကတော့ ကံကောင်းလို့ ငါမြင်လိုက်လို့ ဆို ပြီး ထင်သွားပေမယ့်၊ မတော်တဆ မှားတာဖြစ်မှာပါလို့ သူ့ စိတ်ကို ဖြေလိုက်တယ်။

စာရေးကြီး ကိုသာအိုးလဲ သူ့ကို အထင်လွဲသွားမှန်း သိပေမဲ့ ဘယ်လိုဖြေရှင်းရမှန်း မသိဖြစ်နေလို့ အဲဒီနားက အမြန် ပြေးထွက်ခဲ့တယ်။

ဒီလိုနဲ့ ရုံးဆင်းချိန် ရောက်တော့ ကိုသာအိုးဟာ သူပြင်စရာ အပ်ထားတဲ့ ထီးတွေကို ယူပြီး အိမ်ကိုပြန်ဖို့ ကားပေါ်တက်လိုက်တယ်။ ကားပေါ်ရောက်တော့ သူနေ့လည်က ထီးမှားယူမိတဲ့ စာရေးမလေးကို တွေ့လိုက်ရတယ်၊ စာရေးမလေးကလဲ သူ့ကို သေသေချာချာ ကြည့်နေတယ်၊ သူ့လက်ထဲမှာ ပါလာတဲ့ ထီးသုံးလက်ကို ပိုပြီး သတိထား ကြည့်နေတာ ဖြစ်တယ်။ ဒီလိုနဲ့ ရှေ့မှတ်တိုင်တစ်တိုင် ရောက်တော့ စာရေးမလေးက ဆင်းမလို့ ထထွက်ရင်း စာရေးကြီး ကိုသာအိုး ဘေးကဖြတ်အလျှောက်မှာ စကားတစ်ခွန်း ပြောသွားတာကြောင့် ကိုသာအိုးခမျာ အတော့်ကို အောင့်သက်သက် ဖြစ်သွားပြီး ရပါတော့တယ်။

စာရေးမလေး ပြောသွားတဲ့ စကားကတော့

'ရှင် ဒီနေ့ တော်တော် အလုပ်ဖြစ်လာတယ်ပေါ့လေ'တဲ့။

## ရေနစ်တဲ့ဖျံ

ရေသတ္တဝါတွေထဲမှာ ဖျံဆိုတာ မွေးကတည်းက ရေငုတ်ရေကူး အလွန်ကျွမ်းကျင်တဲ့ သတ္တဝါဖြစ်တယ်၊ ဒါကြောင့် အလွန်ကျွမ်းကျင်တဲ့ အလုပ်မှာ အလွဲလွဲအချော်ချော် ဖြစ်သွားရင် အပိုင်ဆို လုပ်လိုက်ပြီးမှ နစ်နာဆုံးရှုံးမှု ဖြစ်သွားရင် ဒီတစ်ခါတော့ ဖျံရေနစ်ပြီလို့ ပြောလေ့ရှိပါတယ်၊ ခုရေးပြမှာဟာ ရေနစ်တဲ့ ဖျံအကြောင်းပဲ ဖြစ်တယ်။



ဟိုးရှေးရှေးတုန်းက ညောင်ပင်သာရွာမှာ ဆိုးပေဆိုတဲ့ လူတစ်ယောက်ရှိတယ်တဲ့၊ သူဟာနာသည်နဲ့လိုက်အောင် ဆိုးလွန်းပေလွန်းလို့ 'ညောင်ပင်သာ ဆိုးပေ' ဆိုရင် တစ်နယ်လုံးရှုံ့လဲရှုံ့ကြောက်လဲကြောက်နဲ့ ဘယ်သူကမှ အပေါင်းအသင်း မလုပ်လိုကြဘူးတဲ့၊ လက်ရဲဇက်ရဲနဲ့ လုတတ်သလို ပိပိရိရိနဲ့ ယုတ္တိရှိအောင် ပြောပြီးလဲ လိမ်တတ်တယ်။

'သူ့ရဲ့အကျင့်ကိုသူ့နယ်တစ်ဝိုက်မှာ သိတဲ့လူတွေများလာတော့ ဆိုးပေဟာ သူ့နယ်ထဲမှာ လိမ်စား၊ လုစားလို့ မရတဲ့အတွက် မြစ်ကြောင်းမှာ သွားလာနေတဲ့ သင်္ဘောတွေ ပေါ်လိုက်ပြီး ကုန်သည်တွေကို လိမ်တော့တယ်၊ အခြေအနေပေးရင်လဲ လိမ်လို့ မရလောက်တဲ့အခါ 'လု'ပြီး ရေထဲခုန်ဆင်းလို့ ကမ်းဘက်ကို ကူးပြေးလေ့ရှိတယ်။

တစ်ရက်မှာ အဲသလိုပဲ သင်္ဘောပေါ် လိုက်လိမ်ရာက အပြန်မှာ သင်္ဘောအတူစီးလာတဲ့ အဘိုးကြီးတစ်ယောက် ငွေတွေအတော်ပါလာတယ်ဆိုတာ သိသွားတယ်။ အဘိုးကြီးက အဝတ်အစား စုတ်ပြတ်ပေမယ့် သူ့ရဲ့လွယ်အိတ်ကိုတော့ ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ရင်ခွင်ထဲ ပိုက်ထားတာကိုး။

ဆိုးပေဟာ လွယ်အိတ်ကိုလုပြီးရေထဲခုန်ချရ ကောင်းမလားလို့ စဉ်းစားရင်း လွယ်အိတ်ထဲမှာငွေပါတာ သေချာရဲ့လားလို့ သိချင်တာနဲ့ သူ့အိတ်ထဲက ဆယ်တန်တစ်ရွက်ထုတ်ပြီး၊

'ဦးလေး ကျွန်တော့် တစ်ဆယ်ဖိုးလောက် လဲစမ်းပါ ဟိုအမေကြီးကို မုန့်ဝယ်ကျွေးချင်လို့၊ မုန့်သည်က အမ်းနိုင်မှာ မဟုတ်လို့'

လူကြီးသည် ဆိုးပေကို ကြည့်လိုက်ပြီး ကောင်းသော အလုပ်လုပ်မှာဖြစ်နေ၍သူ့လွယ်အိတ်ထဲမှ ပိုက်ဆံထုပ်ကို နှုတ်ထုတ်၍ ဖြေကာ တစ်ဆယ်ဖိုး လဲလိုက်သည်၊ ထိုခဏမှာပင် အဘိုးကြီးဆီမှ အထုပ်ကလေး သေးသော်လည်း အရွက်ကြီးများအပါအဝင် ငွေ သုံးထောင်ခန့် ရှိမည်မှန်း မှန်းဆ၍ ရလိုက်သည်။ ထို့ကြောင့် ထိုလူကြီး၏ လွယ်အိတ်ကို ဆွဲဖြုတ်ယူကာ ရေထဲသို့ခုန်ချရန် ဆုံး ဖြတ်လိုက်စဉ်မှာပင် ခရီးသည် ရဲအရာရှိ တစ်ဦးက သူ့အနီးသို့ ရောက်လာသည်။

ဆိုးပေသည် ရဲအရာရှိ၏ ခါးမှ ခြောက်လုံးပြူးကို ကြည့်ရင်း ကျောထဲမှ ယားသွားကာ သူ၏ လုယက်မှု အကြံအစည်ကို လက်လျှော့လိုက်လေသည်။

ထို့ကြောင့် လူကြီးထံမှ ငွေကို အနုနည်းဖြင့် ယူရန်ဆုံးဖြတ် လိုက်ပြီး

'ဦးလေးက ဘယ်ကို သွားမှာလဲ'

'သရက်တစ်ပင်ရွာကို သွားမှာကွဲ့၊ ညောင်ပင်သာရွာမှာ ဆင်း ပြီး တစ်ညအိပ်ရမှာပေါ့၊ နောက်ရက်မနက်စောစောမှ လှည်းငှား ပြီး ခရီးဆက်ရမှာပဲ၊ လှည်းကြုံရှိလဲ လှည်းခပေးရတာ သက်သာတာပေါ့ကွယ်'

'လှည်းငှားနေရင် ငါးဆယ်လောက် ပေးနေရမှာပေါ့၊ လှည်းကြုံနဲ့ လိုက်သွားရင် နွားစာဖိုး ငါးကျပ်လောက် ပေးလိုက်တာနဲ့ အဆင်ပြေနိုင်တယ်၊ ဒါနဲ့ ညောင်ပင်သာမှာ အသိရှိသလား'

'မရှိပါဘူးကွယ် သင်္ဘောဆိပ် ဈေးဆိုင်တန်းမှာ ပြောပြီး အိပ်ရမှာပေါ့'

'ဟာ အဲသလိုကတော့ မသင့်တော်ပါဘူး ဦးလေး ကျွန်တော့်အိမ် လိုက်အိပ်ပါ မနက်မှ ခရီးဆက်ပေါ့၊ ကျွန်တော်က ညောင်ပင်သာ ရွာသားပဲ၊ လှည်းကြုံလဲ ကျွန်တော်ပဲ စုံစမ်းပြီး တင်ပေးလိုက်ပါ့မယ်'

ဆိုးပေက အဲသလို ပြောတော့ လူကြီးကလဲ အင်း ဒီသူငယ် ဟာ လူကြီးတွေကို တော်တော်ကူညီချင်တဲ့စိတ်ရှိတာပဲလို့ အောက်မေ့ပြီး ဆိုးပေရဲ့စကားကို လက်ခံလိုက်သတဲ့၊ ညောင်ပင်သာဆိပ် ရောက်တော့ လူကြီးက ဆိုးပေနဲ့အတူ လိုက်လာပြီး ဆိုးပေရဲ့ အိမ်မှာပဲ တည်းခိုသတဲ့။

ဆိုးပေကလဲ အမြင်ရှိထားတော့ ကြက်တစ်ကောင်ဝယ်ပြီး ညစာကို ကျကျနန ချက်ကျွေးတယ်၊ ဘေးလူတွေကလဲ ဆိုးပေမိုက်တာ သိနေတော့ လူကြီးကို သနားပေမယ့် သတိမပေးရဲဘူး ဖြစ်နေတယ်။

လူကြီးက ရွာထဲထွက်ပြီး လှည်းကြုံရှာမယ်ဆိုတော့လဲ

'ဦးလေးရယ်၊ အဲဒီအတွက် မပူပါနဲ့ ကျွန်တော်ပဲ ရှာပေးပါ့မယ်၊ ဦးလေးက ခရီးဆက်ရဦးမှာ အေးအေးဆေးဆေး အနားယူစမ်းပါ' ဆို ပြောပြီး အိပ်ယာတွေ ဘာတွေ ပြင်ပေးလို့ လှည်းရှာဖို့တော့ သူပဲ ထွက်ရှာပေးသတဲ့၊ လူကြီးကို ရွာထဲ လွှတ်လိုက်ရင် ရွာသားတွေက သူ့အကြောင်း ပြောပြပြီး သတိပေးလိုက်မှာကို စိုးတာကိုး။

ဒီလိုနဲ့ ညရောက်လို့ အိပ်ကြတော့ လူကြီးဟာ ခရီးက လည် ပမ်းလာ၊ ဟင်းကောင်းလို့ စားကောင်းကောင်းနဲ့ စားလိုက် တာကလဲ များဆိုတော့ ဗိုက်လေးပြီး နှစ်နှစ်ခြိုက်ခြိုက်ပဲ အိပ်ပျော်သွားသတဲ့။

လူကြီးနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတာနဲ့ ဆိုးပေဟာ အသာလေး သူ့အိပ်ယာက ထလာပြီး လူကြီးရဲ့ ရင်ခွင်ထဲက လွယ်အိတ်ကိုယူ၊ လွယ်အိတ်ထဲနှိုက် ရှာတော့တာပေါ့။

'ဟိုက်၊ ပိုက်ဆံ မရှိပါလား'

ဆိုးပေ အံ့အားသင့်သွားတယ်၊ လူကြီးရဲ့ လွယ်အိတ်ထဲမယ် ပိုက်ဆံထုပ် ရှာမတွေ့တော့ဘဲကိုး၊ အသာလေး လူကြီးရဲ့ အိတ်ထောင်ထဲ စမ်းကြည့်တယ်၊ မတွေ့ဘူး၊ ဒါဆိုရင်တော့ ခေါင်းအုံး အောက်ထား အိပ်မှာပဲဆိုတဲ့ အတွေးနဲ့ ခေါင်းအုံးအောက် နှိုက်ရှာ ပြန်တယ်၊ ရှာသာရှာရတယ် ဆိုးပေ ဘာမှ မရဘဲ ဖြစ်နေတယ်။

လူကြီကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတုန်းပဲ လုံးဝမနိုးဘူး၊ ဆိုးပေဟာ မကျေမနပ်နဲ့ လူကြီးရဲ့လွယ်အိတ်ကို သွန်မှောက်ပြီး တစ်ခုမကျန် ထုတ်လို့ ရှာကြည့်တယ်၊ လူကြီးရဲ့ ပိုက်ဆံထုတ်ဟာ လုံးဝမတွေ့ဘူး ဖြစ်နေတယ်။

ရှာလိုက်၊ စိတ်ပျက်လိုက်၊ နားလိုက် ဆေးလိပ်ဖွာလိုက်၊ ဆက်ရှာလိုက်နဲ့ နောက်ဆုံး လူကြီးရဲ့ ဘောင်းဘီကို အိတ်ထောင် ပါမကျန်ရအောင် နှိုက်ရှာကြည့်တယ်။

တစ်ခါ

နှစ်ခါ

သုံးခါ

အပြန်ပြန် အလှန်လှန် ရှာလို့ မရတဲ့အဆုံးမှာ ဆိုးပေဟာ လက်လျှော့ပြီး အိပ်လိုက်ရတော့တယ်၊ အချိန်ကလဲ သန်းခေါင်ကျော် လို့ လင်းကြက်တောင် တွန်စပြုပြီကိုး။

မနက်ကျတော့ လူကြီးက အရင်နိုးနေတယ်။

လူကြီးမျက်နှာသစ် ပြင်ဆင်ပြီးမှ ဆိုးပေကို နှိုးတယ်။

'လူလေး ထပါဦးကွဲ့၊ မင်းဦးလေးကို လှည်းပေါ်အရောက် ပို့ပေးမယ်ဆို၊ မင်းမပို့အားလည်း နေရာလေး ညွှန်လိုက်ပါ၊ ဦးလေးခရီးဆက်တော့မလို့'

ဆိုးပေက ကပျာကယာ ထလိုက်ပြီး 'ကျွန်တော် လိုက်ပို့ ပေးပါ့မယ် ဦးလေး' လို့ ပြောပြောဆိုဆို မျက်နှာသစ်ပြီး ထွက် လိုက်ခဲ့သတဲ့၊ မနေ့ညက ဒီလူကြီး ငွေ ဘယ်လိုဝှက်ထားသလဲ၊ သူ့ဆီမှာမှ ရှိသေးရဲ့လားဆိုတာ စပ်စုချင်သေးတာကိုး၊ သိချင် သေးတာကိုး'

ဆိုးပေဟာ လူကြီးကို သူပြောဆိုထားတဲ့ လှည်းပေါ် တင်ပေး ပြီးတော့

'ဦးလေး ငွေတွေကိုတော့ ဂရုစိုက်နော်'

'လို့ သတိပေး သလိုလိုနဲ့ လူကြီးမှာ ငွေတွေ ရှိသေးရဲ့လား သချင်လို့ မေးလိုက်တယ်။

လူကြီးက သူ့လွယ်အိတ်ကို ပုတ်ပြပြီး

'မပူပါနဲ့ ငါ့တူရယ်၊ ဦးလေးက ဘယ်တော့မှ ကိုယ်နဲ့မခွာဘူး အမြဲသတိရှိပါတယ်၊ ညကတော့ ဦးလေး အအိပ်ကြီးမှန်းသိလို့ ကိုယ်ကိုကိုယ် စိတ်မချတာနဲ့ ငါ့တူရဲ့ ခေါင်းအုံးအောက် သိမ်းထားပြီးမှ ဦးလေးအိပ်တာပါ၊ သတိရှိပါတယ်'

လို့ပြောရင်း လှည်းပေါ်တက် ပါသွားပါလေရောတဲ့၊ဆိုးပေဟာ သူခေါင်းသူထုရင်း ကျန်ရစ်ခဲ့တယ်။



# ဘဲ ဟဲ အဲ

တစ်ခါက ကိုတိုးဆိုတဲ့ လူတစ်ယောက်ဟာ သူ့ရဲ့သူငယ်ချင်း ကိုသန်းထွန်းဆီက ငွေငါးသောင်း ချေးသတဲ့၊ တစ်နှစ်အတွင်း ပြန်ဆပ်ပါ့မယ်ပေါ့၊ တကယ်တန်းကျတော့ တစ်နှစ်ပြည့်တဲ့အခါ ကိုတိုးဟာ ပြန်မဆပ်နိုင်ဘဲ ဖြစ်နေတယ်၊ သူလုပ်တဲ့ အရောင်းအဝယ်တွေက ရှုံးတာကိုး၊ ကိုသန်းထွန်းကလဲ ခဏခဏ လာတောင်းတယ်၊ ကိုတိုးဟာ နေ့ရွှေ့၊ ရက်ရွှေ့၊ လရွှေ့နဲ့ ပေးပါမယ်၊ ပေးပါ့မယ်ဆိုပြီး ခဏခဏ ချိန်းနေပေမယ့် မပေးနိုင်ဘူးတဲ့။

ဒီလိုနဲ့ နှစ်နှစ်နီးပါး ကြာလာတော့ ကိုသန်းထွန်းက ဆက်လက်သည်းမခံနိုင်တော့ဘဲ ကိုတိုးကို တရားစွဲသတဲ့၊ ဒီတော့ ကိုတိုးဟာ ဉာဏ်နီဉာဏ်နက် အလွန်များတဲ့ ရှေ့နေ ကိုသာဘေးကို သွားငှားသတဲ့၊ ရှေ့နေက

'မင်းက ငါ့ကို ပွင့်ပွင့်လင်းလင်းတော့ ကြိုပြောပါ၊ ချေးထားတဲ့ ငွေကို လုံးဝ ပြန်မပေးချင်တာလား၊ အရစ်ကျပဲ ပေးချင်တာလား၊ လုံးဝ ပြန်မပေးရအောင် ဆောင်ရွက်ပေးရရင် အကြံပေးခ တစ်သောင်းပေးရမယ်၊ အရစ်ကျ သက်တောင့်သက်သာ နည်းနည်းချင်းပဲ ပေးချင်တာဆိုရင်တော့ တစ်ထောင်ပဲ ပေးရမယ်'

ကိုတိုး စဉ်းစားပြီး

'ကျွန်တော်ကို လုံးဝ ပြန်မပေးရအောင် အကြံဉာဏ်ပေးပါ၊ အမှုနိုင်ရင် တစ်သောင်းပေးပါ့မယ်'

'ကောင်းပြီ ဒါဆိုရင် ခုလာမယ့် ရုံးချိန်းမှာ တရားသူကြီးက မင်းကို ဘာမေးမေး သူ့မျက်နှာကို သေသေချာချာ ကြည့်ပြီးရယ်၊ ရယ်ပြီးရင် ဘဲ ဟဲ အဲ လို့အော်၊ သုံးခါဆက်တိုက်အော်'

'အဲသလို အော်တော့'

ငါခိုင်းတဲ့အတိုင်းသာ လုပ်ပါ'

‘ကောင်းပါပြီ’

အဲသလို သင်ပေးလိုက်သတဲ့၊ အမှုချိန်းတဲ့ နေ့ရောက်တော့ ကိုတိုးဟာ ရှေ့နေ သင်ပေးထားတဲ့ အတိုင်း တရားသူကြီးက ဘာမေးမေး ရယ်ရယ်ပြီး ဘဲဟဲအဲနဲ့ အော်သတဲ့၊ တရားသူကြီးကလဲ သုံးလေးခါ မေးမိတော့ စိတ်ပျက်ပြီး စိတ်မမှန်တဲ့ လူကို သွားပြီး ငွေချေးထားတာပဲ၊ ဘယ်ရမလဲ၊ အမှုလဲ လုပ်လို့ မရဘူးလို့ ပြောပြီး လွှတ်ပစ်လိုက်သတဲ့။

ကိုတိုးအမှုနိုင်ပြီးတော့ ရှေ့နေက သူ့ကိုငွေ တစ်သောင်းပေးမယ်ဆိုတာ ပေးဖို့ တောင်းပါလေရော၊ ဒီတော့ ကိုတိုးက ရှေ့နေရဲ့ မျက်နှာကို သေသေချာချာ ကြည့်ပြီး

ဘဲဟဲအဲ

လို့ အော်လိုက်သတဲ့။

## ဒါကြောင့်

တစ်ရက်မှာ သတင်းစာထဲ ပြတ်စဲခြင်း ကြော်ငြာတစ်ခု ပါလာတယ်၊ အဲဒီကြော်ငြာကို လူတိုင်းက စိတ်ဝင်စားကြတယ်၊ ဘာလို့လဲဆိုတော့ ကိုခင်မောင်နဲ့ မရီဝင်းတို့ရဲ့ ပြတ်စဲခြင်း ကြေငြာ ဖြစ်နေလို့ပေါ့။

ကိုခင်မောင် ဆိုတာ မရီဝင်းကို တအားချစ်တာ၊ အလိုလိုက်တာလဲ လွန်ရောပဲ သည်းခံတာကလဲ ကမ်းကုန်လို့၊ ဘာပဲလုပ်လုပ် မရီဝင်း သဘောဆို ပြောတဲ့လူ သူ့ကို မယားကြောက်လို့ ပြောတိုင်း သူက ချစ်တာပါလို့ ဖြေတတ်တယ်၊ ဈေးသွားရင် လက်ဆွဲခြင်းကိုင်လိုက်မယ်၊ ဈေးကပြန်လာလို့ မိန်းမရေချိုးနေရင် ကိုခင်မောင်က ထမင်းချက်နှင့်တယ် ကြော်ငြာလိုက်တော့ အကြောင်းသိတဲ့ လူတိုင်းက စိတ်ဝင်စားကုန်တော့တာပေါ့။ ဘယ်လိုဖြစ်ပါလိမ့်ဆိုပြီး။



အဲသလိုစိတ်ဝင်စားကြလို့လဲ အသိတွေဟာ ကိုခင်မောင့်ဆီကို ရောက်လာပြီး မေးကြတယ်၊ ကိုခင်မောင်က ပထမတော့ သိပ်မ ပြောချင်ဘူး၊ နောက်တော့ အလွန်ရင်းနှီးတဲ့ လူတွေက အတင်းမေး ပြီး နောက်ထပ် မေးတဲ့လူတွေ လာရင်လဲ ငါတို့ဆီသွားမေးလို့ လွှတ်လိုက်ပေါ့ကွာ၊ မင်းတောင် ရှင်းပြရတာ သက်သာမယ်၊ လူတွေကတော့ လာကြမှာပဲ၊ မေးကြမှာပဲ၊ ဆိုပြောတော့မှ ကိုခင်မောင်က ပြောပြတယ်။

'သူငယ်ချင်း၊ ငါသူ့ကို ဘယ်လောက်ချစ်တယ် ဆိုတာ မင်းတို့အသိပါ၊ မင်းတို့သိဖို့ ကျန်နေတာတွေကို ရှိသေးတယ်။ တို့ရစကာက အိမ်ထောင်မှု သွားဝယ်တယ်၊ အိုးခွက်ပန်းကန်၊ အဝတ်အထည် အစုံပါပဲ၊ သူရောငါရော နှစ်ယောက်အတူ သယ်လာတယ်၊ အိမ်ရောက်တော့ သူ့လက်ထဲက အထုပ်မပါလာဘူး၊ ဘယ်နားမေ့ ချထားခဲ့မှန်း မသိဘူးတဲ့၊ ထားတော့ သူ့ဂျိုင်းကြား ညှပ်ယူလာတဲ့ ခေါက်ထီးအသစ်ဟာ ဘယ်နား ကျန်နေခဲ့မှန်း မသိ ဘူးတဲ့။

'ကဲရှိစေတော့ ဆိုပြီး လိုတာတွေ တစ်ခါထပ်ဝယ်ရတယ်၊ အိမ်ထောင်မှု နှစ်ခါ ထူထောင်ရသလို ဖြစ်သွားတယ်။ နောက်ဈေးဝယ်ထွက်တယ် ဈေးမှာကြက်အကောင်လိုက် ဝယ်ချင် တယ် ပိုင်းဝယ်ရမှာ ရှက်တယ်ဆိုလို့၊ ကဲဝယ် အကောင်လိုက် ဆို ပြီး ဝယ်ခဲ့တယ်၊ အိမ်ရောက်တော့ အဲဒီကြက် ခြင်းထဲမှာ မပါ လာဘူး၊ ဘယ်နားမှာ ကျနေခဲ့မှန်း မသိဘူး။

'အဲဒီကတည်းက ငါကဈေးခြင်းတောင်းကိုင် လိုက်ရတဲ့ဘဝ ရောက်သွားတာပဲ၊ ပြီးခဲ့တဲ့လက စောင်သွားတယ်တယ် သုံးထည်၊

တစ်ထည်စီခေါက်၊ ပလပ်စတစ်အိတ်နဲ့ ထည့်ပြီးတော့ သူ့ပေါင်ပေါ် အထပ်လိုက်တင်ပြီး ဆိုက္ကားစီး ပြန်လာတာ၊ အိမ်ရောက်တော့ နှစ်ထည်ပဲ ကံကောင်းလို့ ရှိတော့တယ်၊ တစ်ထည်ကျ နေခဲ့တယ်တဲ့၊ အဲသလို ကျပျောက်ခဲ့တဲ့ အကြိမ်ပေါင်း တစ်ရာကျော်ပြီး ပစ္စည်း သေးသေးရော၊ ကြီးကြီးရော ဟိုတစ်နေ့ကတော့

'ငါလခထုတ်လာတာ ထောင့်ရှစ်ရာ၊ အဲဒီပိုက်ဆံ အကုန် သူ့အိတ်ထဲထည့်ပြီး ဗိုလ်ချုပ်ဈေးသွားဦးမယ်ဆိုပြီး ထွက်သွားတာ ဆယ်မိနစ်တောင် မကြာလိုက်ပါဘူး ပြန်ရောက်လာတယ်၊ ပိုက်ဆံ အိတ် ဘယ်နားကျနေခဲ့မှန်း မသိလို့တဲ့၊ ဒီတော့ ငါလဲ သူ့ပါအိမ် ပေါ်က ကန်ချပြီး ကြောငြာလိုက်ရတာပဲ'

'အင်း တော်တော့်ကို နမော်နမဲ့ နိုင်တာပဲ၊ ဒါနဲ့ သူနဲ့မင်း ဘယ်လိုလုပ် ဆုံလာကြတာလဲ'

'ငါအလုပ်ကအပြန် လမ်းမှာတွေ့တာ၊ သူက ငါ့ရှေ့က၊ သူ့ ဂျိုင်းကြားက ပိုက်ဆံအိတ် ကျနေခဲ့တာ ငါက လိုက်ကောက်ပေး ရင်းနဲ့ ဆုံခဲ့တာကွ'

အော် ဒါကြောင့် ဆုံပြီး

ဒါကြောင့် ကွဲတာကိုး။



## သူတို့ခိုးတာက

တစ်ခါက သူခိုးဖမ်းရာမှာ အလွန်တော်သော ရဲသား တစ်ယောက်ရှိလေသည်၊ သူ၏ အမည်မှာ ရဲသားဘချာ ဖြစ်၏။ ဘချာသည် သူခိုးကို မြင်ရုံနှင့် သိသည်၊ ဖမ်းရန်အတွက်မူ အမှု ကျူးလွန်ချိန်ကို စောင့်လိုက်ရုံသာ ရှိသည်၊ သူ သူခိုးဟု ယူဆ ထားသူအား စိတ်ရှည်လက်ရှည် စောင့်ကြည့်လျှင် ခိုးနေသည်ကို တွေ့ရမည်ဖြစ်ပြီး ထိုသူခိုး အချုပ်ခန်းတွင်းဝင်ဖို့ရာ သေချာပါ ပြီ။

ဘချာ၏ သူခိုးဖမ်း နာမည်ကြီးမှုကြောင့် စက်ရုံတစ်ရုံ၏ ဂိတ်ဝမှာ အစောင့်အဖြစ် တာဝန်ပေး ခံရသည်၊ စက်ရုံမှ အလုပ်သမားများ ပြန်ချိန်ဆိုလျှင် ဘချာစောင့်ကြည့်နေရသည်၊ မသင်္ကာလျှင် ရှာဖွေသည်၊ ထမင်းချိုင့်ကိုပင် ဖွင့်ရှာသည်။

အလုပ်သား ထောင်နှင့်ချီ နေသည့်အထဲမှာ ဘချာ မသင်္ကာသော အလုပ်သမား နှစ်ယောက်ကို တွေ့လိုက်ရပါပြီ၊ ထိုအလုပ်သမား နှစ်ယောက်ကလည်း ဘချာ၏ ရှေ့ကဖြတ်

ရမှာကိုပင် မဟာစွန့်စားခန်းကြီးလို ဖြစ်နေသည်၊ နေ့လည် အလုပ်သမား နှစ်ယောက်သည် လက်တွန်း လှည်းပေါ်တွင် ကောက်ရိုးများကို တင်ကာတွန်းထွက်လာကြသည်၊ ဘချာကြည့် လိုက်သည်နှင့် သိနေသည်၊ သူတို့တစ်ခုခု ခိုးလာပြီ ဆိုသည်ကို၊ ထို့ကြောင့် ထိုအလုပ်သမား နှစ်ယောက်အား ရပ်ခိုင်းပြီး ကိုယ်ပေါ်မှာ ရှာကြည့်သည်၊ ဘာမျှမတွေ့၊ လှည်းပေါ်မှ ကောက်ရိုးမှိုက်များကို လှန်လှော ရှာဖွေသည်၊ မတွေ့၊ ဘချာ မကျေမနပ်နှင့်သွားခွင့် ပြုလိုက်ရသည်၊ သူတို့ကို နောက်ရက်တွေမှာ ပို၍ သတိနှင့် စောင့် ကြည့်သည်။

သုံးရက်ခန့် အကြာမှာ ထိုနှစ်ယောက်သည် လက်တွန်းလှည်း ပေါ်မှာ ကောက်ရိုးများ တင်ကာတွန်းလျက် လာပြန်သည်၊ ဘချာ သူတို့မျက်နှာတွေကို သေသေချာချာ ကြည့်လိုက်သည်၊ ခိုးလာပြီ သူတို့ခိုးလာပြီ၊ တစ်ခုခုကို ခိုးလာခြင်းတော့ သေချာနေပြီ၊ ဘချာ သူတို့ကို ရပ်တန့်စေကာ ရှာ၏၊ ဘာမျှမတွေ့ လှည်းပေါ်မှာ ကောက်ရိုးများကို မွှေနှောက်ရှာ၍ အားမရသောကြောင့် လှည်း အောက်မှာများ တစ်ခုခု ကပ်ယူလာလေ မည်လားဟု ငုံ့ကြည့်သည်၊ မရှိ၊ ထို့ကြောင့် လွှတ်ပေးလိုက်ရသည်၊ မကျေနပ်ပါ၊ ဘချာ လုံးဝ မကျေနပ်ပါ။

သို့ဖြင့် အခဲမကြေ စောင့်ကြည့်နေပါလျက် ထိုနှစ်ယောက်ကို ဖမ်းမရဘဲ ဖြစ်နေသည်၊ သုံးလေးရက်မှာ တစ်ခါ လက်တွန်းလှည်းနှင့် ထွက်လာတိုင်း မူပျက်နေသည်က သေချာ၏၊ ဘချာသည် စက်ရုံ ဂိတ်ဝမှာ တစ်လတာဝန်ကျပြီး အစောင့်လဲရသည်၊ စက်ရုံမှ

ခန့်လိုက်သော အစောင့်များ ရောက်လာပြီမို့ သူ့စခန်းသူ ပြန်ရသည်။

ဘချာ တာဝန်မကျတော့သည့်တိုင် လှည်းနှင့် နှစ်ယောက် စက်ရုံမှ ဘာတွေ ခိုးထုတ်နေသည်ကို သိချင်နေ၏။ ထိုနှစ်ယောက် ခိုးကို ခိုးရမည်ဟု ယုံကြည်ထား၏။

ထို့ကြောင့် တစ်ရက်မှာ ဘချာသည် အလုပ်ဆင်းချိန် စက်ရုံမှ သွားစောင့်ပြီး ထိုနှစ်ယောက်ကို လိုက်မေးတော့သည်။

'ငါမင်းတို့ကို တာဝန်နဲ့လာမေးတာ မဟုတ်ဘူးနော်၊ ဖမ်းချင်လို့မဟုတ်ဘူး၊ ငါလဲစက်ရုံမှာ တာဝန်မကျတော့ဘူး၊ ငါသိချင်လို့ လာမေးတာ မင်းတို့ စက်ရုံထဲက တစ်ခုခုခိုးခိုးထုတ်နေတယ်လို့ ငါထင်နေတယ် ပြောစမ်းပါဦး၊ မင်းတို့ ဘာတွေ ခိုးထုတ်နေတာလဲ၊ သိချင်လို့ပါ။

အလုပ်သမားနှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ပြီး

'တကယ်ပဲ ဆရာသိချင်တာလား'

'သိချင်တာ သက်သက်ပါကွာ'

'ကျွန်တော်တို့ လက်တွန်းလှည်းတွေ ခိုးထုတ်နေ ကြတာပါဆရာ'

တဲ့။



# အတုမှိုပါ

ဟိုရှေးရှေးတုန်းက မန္တလေးမြို့၏ ဈေးချိုတော်သည် ခါးပိုက်နှိုက် အလွန်ပေါသည်ဟု နာမည်ကြီးနေလေသည်။ ရွှေဆိုင်တန်း ဟိုဘက်ထိပ်မှာ ခါးပိုက်နှိုက်တွေ အပေါဆုံးဖြစ် သည်။ ခါးပိုက်နှိုက်များ လျင်သောကြောင့် သတိနှင့် သွားလာ နေပါလျက် အနှိုက်ခံနေရလေသည်။

တစ်ရက်မှာ ရွှေဝယ်လာသော ဒေါ်မမကြီး ဆိုသူ ညောင်လိန်ရွာသူကို ခါးပိုက်နှိုက်က လက်စွမ်းပြလိုက်ရာ ငွေနှစ်ထောင် ခန့်နှင့် ရွှေဆွဲကြိုး ပါသွားလေသည်။

ဒေါ်မမကြီး ညောင်လိန်ရွာသို့ပြန်ရောက်သော် သူ့ယောက်ျား ဦးကိုကြီးနှင့် စကားများတော့သည်။

'မင်းဒီလောက် အ ရသလား'

'ကျုပ် အ တာမဟုတ်ဘူးတော့၊ သူတို့က လည်လွန်းအားကြီး တာ

'အဓိပ္ပာယ မရှိတာကွာ ကိုယ်ညံ့ ညံ့တယ်ပေါ့'

'တော် ကျုပ်ကို ဆူမနေနဲ့ ခါးပိုက်နှိုက်တွေက တော့်ထက် တော်တယ်၊ နားလည်ရဲ့လား၊ ကျုပ်မှ မဟုတ်ဘူး၊ တော်သွားလဲ ခံရမှာပဲ'

'အေး စောင့်ကြည့်နေ၊ နက်ဖြန် ငါသွားမယ်'

သို့ဖြင့် နောက်ရက်မှာ ဦးကိုကြီးသည် မန္တလေးမြို့၏ ဈေးချိုတော်သို့ ထွက်လာခဲ့လေသည်။

မန္တလေး ဈေးချိုတော်သို့ ရောက်သောအခါ ဦးကိုကြီးသည် သူ၏ တိုက်ပုံအင်္ကျီအိတ်ထဲမှ ရွှေခြေကျင်းကို ထည့်ပြီး ရွှေဆိုင်တန်းထဲမှာ ဖြတ်လျှောက်လိုက် ဟိုဘက်က ဝင်လိုက် ဒီဘက်က ထွက်လိုက်၊ လက်ဖက်ရည်ဆိုင် ဝင်ထိုင်လိုက်၊ လျှောက်သွားလိုက်နှင့် လုပ်နေသည်။

နေ့လည်သို့ ရောက်သည့်တိုင် သူ့အိတ်ထဲမှ ခြေကျင်းကြီးမှာ ရှိနေသည်။ ထိုကြောင့် ဈေးချိုအိမ်သာသို့ဝင်ကာ နံရံတွင်

'ဟေ့ ခါးပိုက်နှိုက်တွေ'

မင်းတို့ ဈေးချို ခါးပိုက်နှိုက်တွေ တော်လှတယ်ဆို
ပြီးငါအိတ်ထဲက ခြေကျင်းကို မနှိုက်နိုင်ကြပါလား၊
ငါမနက်ကတည်းက ဈေးချိုထဲလျှောက်သွားနေတာ
ညောင်လိန် ကိုကြီး

ဟူ၍ စာရေးပြီး ထွက်ခဲ့သည်။ ဦးကိုကြီးသည် မကျေမနပ်နှင့် ဈေးချိုနေရာအနှံ့ လှည့်ပတ် နေပြန်သည်၊ သူသည် ဈေးချိုခါးပိုက်နှိုက် ဆိုသည်ကို တွေ့ချင်နေ၏။ ညနေစောင်းပြီး သူညောင်လိန်သို့ မပြန်ခင် အပေါ့အပါး သွားရန် အိမ်သာသို့ တစ်ခါဝင်လိုက်သည်။ ယခုထိ သူရွှေရောင်ဝင်းနေသော ခြေကျင်းကြီးက ရှိနေသေးသည်။

အိမ်သာထဲ ရောက်သည်နှင့် သူစာရေးခဲ့သော နံရံမှာ စာတစ်ကြောင်း တိုးနေသည်ကို တွေ့ရ၍ ဖတ်ကြည့်လိုက်ရာ

ညောင်လိန် ဦးကိုကြီးခင်ဗျား

ကျွန်တော်တို့ ဦးကြီးအိတ်ထဲက ရွှေခြေကျင်းကို နှိုက်ယူပြီး မတ်တိုက်ကြည့်ပါတယ် သေသေချာချာ စစ်ဆေးလိုက်တော့ အတုကြီး ဆိုတာ သိရတဲ့အတွက် လူကြီးမင်းအိတ်ထဲ ပြန်ထည့်ပေးထားတာ မနက် ကတည်းကပါ ခင်ဗျား

ဈေးချိုခါးပိုက်နှိုက်

ဟူ၍ ဖြစ်ပါသတည်း။



# ခြောက်လ အာမခံ

တစ်ခါက ဈေးချိုတော်မှ ဖိနပ်ဆိုင်များသည် ဈေးဝယ်သူတို့ ဝယ်ချင်ရန်အတွက် အမျိုးမျိုး ကြော်ငြာကြသည်။ မိမိတို့ဆိုင်မှ ရောင်းချသော ဖိနပ်များ ကောင်းမွန်ခိုင်ခန့်ကြောင်းကို အာမခံသော ဆိုင်းဘုတ်ကြီးများ ဆိုင်ရှေ့တွင် ချိတ်ကြသည်။

နေပူစီး

မိုးရွာစီး

နေ့တိုင်းစီး

ခေါင်းခါးမပြတ်

ခြောက်လ၊ အာမခံ

ဆိုသည့် ဆိုင်းဘုတ်မျိုးမှာ ဆိုင်တိုင်းစေ့ နီးပါးမျှ ရှိသည်။ ဖိနပ်ဂျပ်ဖူးများ ဖိနပ်ထုပ်ပေးသည့် ကြော်ငြာများမှာလည်း ထိုသို့ အာမခံကြောင်း ရိုက်နှိပ်ဖော်ပြလေ့ရှိသည်။

လူတစ်ယောက်သည် ထိုသို့ဆိုင်းဘုတ် ချိတ်ထားသော ဆိုင်တွင်ဝင်၍

'ဖိနပ်တစ်ရံ လိုချင်လို့'

'ရပါတယ်၊ ကြည့်ပါ ဘယ်တံဆိပ် ယူမလဲ'

'ခြောက်လ အာမခံဆိုတဲ့ ဟာယူမယ်'

'ရပါတယ်၊ ရပါတယ်၊ ဟောဒီ နံပါတ်ရှစ်ဆို အစ်ကိုကြီးရဲ့ အံကျနေမှာ စီးကြည့်ပါ၊ ရှစ်ကြီးနေရင်၊ ခွန်ခွဲယူ၊ ဟာဒါ အတော်ပဲရှစ်သာယူလိုက်'

'ဘယ်လောက်လဲ'

'ကိုးဆယ်ပါ'

'ခြောက်လ အာမခံတယ်နော်'

'တကယ် ခိုင်တဲ့ ဖိနပ်တွေပါဗျာ'

'ကဲ ဘောက်ချာဖြတ်ပေး ခြောက်လ မပြည့်ခင် ပြတ်လို့ကတော့ ကျုပ်ပြန်လိုက်လာမှာ'

'သို့နှယ် ပြောဆိုကာ ဖိနပ်ကို ဝယ်သွားသူသည် ဆယ်ရက်ခန့်စီးပြီး ပြတ်သွားသောကြောင့် ဘောက်ချာနှင့် ဖိနပ်ကို ယူကာ ရောင်းလိုက်သည့် ဆိုင်သို့ပြန်လာတော့သည်။

'လာပါဦးကွ၊ ဒီမယ် မင်းတို့ဆိုင်က ၆လ အာမခံဆိုပြီး ရောင်းလိုက်တဲ့ ဖိနပ်၊ ခုဆယ်ရက်ထဲနဲ့ ပြတ်နေပြီ'

'ဟုတ်ရဲ့လားဗျာ'

'ကြည့်ပါ ကြည့်ပါ၊ ဒီမှာ ဘောက်ချာ'

ဈေးသည်သည် သေသေချာချာ ကြည့်လိုက်ပြီး

'ဟော့ ဒီတံဆိပ်တို့ဆိုင်ကို ရောက်တာ ဘယ်လောက်ကြာပြီလဲ'

ဟု နောက်ကို လှမ်းမေးလိုက်သည်၊နောက်မှ စာရင်းစာအုပ်ကို ကြည့်လိုက်ပြီး ငါးလနဲ့ နှစ်ဆယ့် ငါးရက်ရှိပြီဟု ဖြေ၏၊ ထိုအခါ ဆိုင်ရှင်က

'ကဲတွေ့ပြီ မဟုတ်လား ဆိုင်ပေါ်မှာ ငါးလနဲ့ နှစ်ဆယ့် ငါးရက် ခင်ဗျားစီးတာ ဆယ်ရက်ဆိုတော့ ၆ လကျော်နေပြီ၊ ကျွဟ်တော်တို့က ခြောက်လပဲ အာမခံတာဆိုတော့ ခင်ဗျားပိုတောင် စီးလိုက်ရပါသေးတယ်ဗျာ'

ဟု ဖြေလိုက်လေ သတည်း။

## အရင်နဲ့ မတူဘဲကိုး

တစ်ခါက ကိုလှမောင်သည် လမ်းမှာ တွေ့လိုက်ရသော လူတစ်ယောက်ကို သူ၏ သူငယ်ချင်း မြင့်ဇော်ဟု ထင်ကာ နှုတ်ဆက်လိုက်လေသည်။


အရင်နဲ့
မတူပါဘူး

'ဟော့ကောင် မြင့်ဇော်၊ မင်းကအသားတွေ အတော် မည်းသွားတာကိုး'

'ဗျာ'

'ဗျာမနေနဲ့ ဆံပင်ကလဲ အတိုညှပ်ထားတော့ ငါဖြင့် ရုတ်တရက် မှတ်တောင် မမှတ်မိချင်ဘူး၊ ခုမှ သတိထားမိတယ်၊ မင်းနှာခေါင်း ဘာဖြစ်လို့ ပြားသွားတာလဲ'

'မပြားပါဘူး'

'ပြားပါတယ်၊ အရင်က မင်းနှာခေါင်းက အတော်ချွန်တာပဲ၊ ဟုတ်ပြီ ဟုတ်ပြီ၊ မင်းမှာ အရင်နဲ့ မတူတာတွေကို ခုမှ သတိထား မိလာတယ်၊ မင်းနားရွက်တွေလဲ သေးသွားတယ်၊ သွားလည်းနည်း နည်း ခေါလာတယ်'

'ဟော့လူ ခင်ဗျားစကား ဆက်မပြောရင် ကောင်းလိမ့်မယ်'

'မင်းကွာ သူငယ်ချင်းချင်းမို့ ပြောတဲ့ဟာကို၊ ဟဲဟဲ မင်းက လေသံရော ဆက်ဆံတဲ့ ပုံစံရောပါ ငါ့အပေါ် ပြောင်းသွားတာကိုး'

'ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ'

'ဟုတ်တာပြောတာပဲကွာ မင်းဘာနာစရာ ရှိလဲ'

'ခုချိန်ထိ ငါမင်းကို နစ်နာလောက်အောင် ဘာများပြော ရသေးလို့လဲ၊ အရင်ဆို တွေ့တာနဲ့ ယောက္ခမကြီး လို့ခေါ်ပြီး နှုတ်ဆက်တာ၊ အယ် မင်းအရုပ်ပါ ပုသွားသကိုး'

'နေပါဦး ခင်ဗျား ကျုပ်ကို ဘယ်သူ မှတ်နေလို့လဲ'

'မင်း မြင့်ဇော်ပါကွာ၊ မင်းပုံစံများခွေးချီသွားတောင် မှတ်မိပါရဲ့'

'ကျုပ် မြင့်ဇော် မဟုတ်ဘူးဗျ၊ ကျုပ်နာမည် ထွေးကို'

'အော် မင်းက နာမည်ပါ ပြောင်းထားတာကိုး'

ဟူ၍ မှတ်ချက်ချလိုက်လေသည်။

# ဝင်ပန့်တော့ ဝင်ပန့်သွားတယ်



# ပိန်တော့ပိန်သွားတယ်

တစ်ခါက ကိုကြက်တောနဲ့ မရွှေဖူးဆိုတဲ့ လင်မယား နှစ်ယောက် ရှိတယ်၊ မရွှေဖူးဟာ သိပ်ဝလာလို့ စိတ်ညစ်နေတယ်၊

'ကိုကြက်တော'

'ဘာလဲဟ'

'ကျုပ် ဘယ်လိုလုပ် ရမလဲ'

'ဘာကိုလဲ'

'ဝ နေတာကို'

'ဒုက္ခပါပဲ ဟိုပိန်ဆေးဆိုတာက မပိန်ဘူးလား'

'တော်ကြည့်ပါလား'

'ငါ့မျက်စိထဲတော့ မင်းပိန်သွားသလိုပဲ'

ကိုကြက်တောမှာ သူ့မိန်းမ နည်းနည်းမှ စိတ်ချမ်းသာ စိတ်ချမ်းသာဟု ကြိတ်မိုတ်ကာ ပြောကြည့်လိုက်သည်။

'တော်ကျုပ်ကို မလိမ်နဲ့'

'တကယ်ပါဟ'

'ကဲ တကယ်ဆို ဒီအင်္ကျီတွေ ဘာလို့ မတော်တော့တာလဲ'

'ဟော့ အဲ အင်း အဲဒါက အင်္ကျီတွေ အဆမတန် ကြုံ့သွားလို့နေမှာပါ'

'တော်လိမ်တာ၊ တော်ကျုပ်ကို မချစ်ဘူး မဟုတ်လား'

'ချစ်ပါတယ်ကွာ'

'ကျုပ်ကို ချစ်ရင် ပိန်အောင် လုပ်တဲ့နည်း ရှာပေးပါ'

အဲသလို ပူဆာတာကြောင့် ကိုကြက်တောဟာ သူ့မိန်းမပိန်စေဖို့အတွက် နည်းလမ်းကို လိုက်ရှာရတော့တယ်၊ တစ်ရက်မှာ အပေါင်းအသင်းနဲ့ လက်ဖက်ရည်ဆိုင် ထိုင်နေရင်း ကိုကြက် တောက

'ငါ့ကွာ တော်တော် စိတ်ညစ်နေပြီ'

'ဘာလို့'

'ငါ့မိန်းမ တစ်နေ့တခြား ဝလာလို့'

'ဟေ့ ဝတာနဲ့ မင်းကစိတ်ညစ်ရောလား'

'သူပိန်ဖို့ နည်းလမ်းရှာပေးရမယ်လို့ နေ့တိုင်းပူဆာနေလို့ကွ ပိန်ဆေးဆိုတာတွေလဲ မျိုးကိုစုံနေပြီ'

အဲသလို သူ့ရဲ့အခက်အခဲကို ပြောပြတော့ ကိုကြက်တောရဲ့ သူငယ်ချင်းတစ်ယောက်က

'မင်းမိန်းမကို မြင်းတစ်ကောင် ဝယ်ပေးလိုက်ပါလား'

'ဟာကွာ မိန်းမမြင်းလှည်းမောင်းစားတယ်ရယ်လို့ မကြားဖူးပါဘူး'

'ခွီးတဲ့ မြင်းစီးခိုင်းဖို့ဟ မင်းမတွေ့ဘူးလား၊ မဂ္ဂဇင်းတွေထဲမယ် ရုပ်ရှင်မင်းသား၊ မင်းသမီးတွေ ပိန်အောင်လို့ ဆိုပြီး မြင်းစီးကြတာ'

အဲသလို အကြံပေးကြလို့ ကိုကြက်တောဟာ သူ့မိန်းမကို မြင်းတစ်ကောင် ဝယ်ပေးပြီး မြင်းစီးခိုင်းသတဲ့၊ မင်းသား မင်းသမီးတွေ မြင်းစီးနေတဲ့ ပုံပါတဲ့ မဂ္ဂဇင်းတွေလဲ ဝယ်ပြီး ပြရသေးတယ်။

မရွှေဖူးဟာ မြင်းကို စိတ်ပါလက်ပါ စီးလိုက်တာ သုံးရက်

အတွင်းမှာ ခုနစ်ခါ လိမ့်ကျပြီး ငါးရက်မြောက်နေ့မှာ ဒူးပြဲသွားတယ်၊ ဒါပေမဲ့ စိတ်မပျက်ဘူး ပိန်ဖို့အတွက်မို့ ဇွဲနဲ့ဆက်စီးတယ်။

ဒီလိုနဲ့ ဆယ်ရက်လောက်ကြာတော့ ကိုကြက်တောနဲ့ သူ့သူငယ်ချင်းတွေ လက်ဖက်ရည်ဆိုင်မှာ ဆုံပြန်တယ်၊ ဆုံကြတယ်ဆိုရင်ပဲ သူ့သူငယ်ချင်းတွေက မေးတာပေါ့’

‘ဘယ်နှယ်လဲ မင်းမိန်းမ အတော်ပိန်သွားပြီလား’

‘ပိန်တော့ ပိန်သွားတယ်ကွ၊ ငါ့မိန်းမမဟုတ်ဘူး၊ မြင်းလေးပိန်သွားတာ’လို့ ပြောလိုက်တယ်။


ဘာတွေများ
သုံးပါလိမ့်

# ဘာတွေများ သုံးပါလိမ့်

တစ်ခါက သူငယ်ချင်းနှစ်ယောက်သူတို့ မိန်းမတွေ အသုံးကြီးပုံကို ပြောနေကြတယ်၊ ပထမတစ်ယောက်က

'မလွယ်ဘူးဗျာ၊ ဟိုတစ်နေ့က ဈေးသုံးဖို့ ငါးရာပေးလိုက်တာ ဒီနေ့ကုန်ပြီတဲ့၊ ဒါတောင် အင်္ကျီဝယ်ဖို့ သီးသန့်ပေးတဲ့ ရှစ်ရာကို နည်းတယ်ပြောသေးတယ်၊ ကျုပ်သမီးကလဲ စက်ဘီးစီးချင်တယ် ဆို ပူဆာလို့ ဖီးဇင့်ဘီးကို သောင်းတစ်ထောင်ပေးပြီး ဝယ်ပေးလိုက်ရသေးတယ်၊ အော် ကိုယ့်တာဝန်ပဲ ဆိုပြီး ကြိုးစားရှာနေရသေးတာပဲ

အဲသလို ပြောလိုက်တယ် ဒီတော့ ဒုတိယလူက ရေနွေးကို သောက်လိုက်ပြီး

'ခင်ဗျားက တော်ပါသေးတယ်ဗျာ၊ ကျုပ်မိန်းမက တစ်နေ့က တစ်ထောင်တောင်းတယ်၊ မနေ့က ငါးရာတောင်းတယ်၊ ဒီနေ့ရှစ်ရာ တောင်းတယ်၊ သားကလည်း တစ်နေ့က ငါးရာတောင်းတယ် မနေ့ကတော့ မတောင်းဘူး၊ ဒီနေ့ ငါးရာတောင်းတယ်၊ သမီးပိစိ ကွေးကတောင် တစ်နေ့က တစ်ရာ၊ မနေ့ကတစ်ရာ၊ ဒီနေ့တစ်ရာ တောင်းတယ်၊ သားအလတ်ပဲ လိမ်မာတယ်၊ သူကတော့ မနေ့က တစ်ထောင်တောင်းတယ် ဒီနေ့မတောင်းဘူး၊ ဒီအထဲ ယောက္ခမကြီးက ဝင်ပြီး ငါးရာလောက်ဆို တောင်းလိုက်သေးတယ်။

'တောင်းလှချည်းလား'

'ဒီလို သုံးရက်ထဲ တောင်းတယ် မထင်နဲ့ဗျ၊ တစ်လ လုံး တောင်းကြတယ်'

'ဘာတွေများ သုံးနေရလို့လဲ'

'အဲ့ဒါတော့ မပြောတတ်ပါဘူး'

'ခင်ဗျား အဲ့သလောက်ကြီးတော့ စည်းမဲ့ကမ်းမဲ့ အလိုမလိုက်သင့်ဘူး'

'မလိုက်ပါဘူး သူတို့ကသာ တောင်းနေတာ၊ ကျုပ်က တစ်ခါမှ မပေးဖူးပါဘူး'

'အင်'

## အိပ်ဆေး

တစ်ခါက ရွာတစ်ရွာတွင် စကားအလွန်များသော မတော ဆိုသူ အမျိုးသမီးတစ်ယောက်ရှိသည်။ သူသည် တစ်ရွာတည်းနေ ကိုမြို့နှင့် အိမ်ထောင်ကျလေသည်။ ကိုမြို့မှာ မြို့မှာ မွေးခဲ့သောကြောင့် ကိုမြို့ဟု ခေါ်ခြင်း ဖြစ်သည်။

မတောနှင့် ကိုမြို့ အိမ်ထောင်ကျသောအခါ

'ကိုမြို့'

'ဘာလဲဟ'

'မြို့က ကားတွေ အများကြီးဆို'

'ငါ ဘယ်သိမလဲ'

'တော် မြို့မှာ မွေးတာပဲ'

'မွေးကာစလေးပဲဟာ အလကား သိပ့်မလား'



'ကျုပ်တောင် သိသေးတယ်'

'သိ ပြီးတာပဲ'

'ကားကြီးတွေ ကြည့်ရတာ ပေါင်မုန့်ကြီးတွေလိုပဲ၊ လုံးလုံး ရှည်ရှည်ကြီးတွေ'

ကိုမြို့က ဘာမျှမပြောဘဲ တစ်ဖက်လှည့် အိပ်နေသည်၊ မတောက

'ဒီမှာ ကိုမြို့'

'ပြောပါကွာ ကြားပါတယ်'

'ကျုပ် ဘာပြောရမလဲ'

'မင်းဘာပြောရမှန်း မသိရင် မပြောနဲ့ကွာ'

'ရုပပ်ရှင်အကြောင်းပြောမယ်'

'ပြောပြော'

'ရဲအုပ်ဘသာကို သိသလား'

'မသိဘူး စခန်းမှူး ဦးထွန်းမြင့်ပဲ သိတယ်'

'တော်က ကျုပ်မသိအောင် စခန်းမှူး ဦးထွန်းမြင့်ကို ဘယ်တော့က သွားသိတာလဲ'

'ဈေးသွားရင်းနဲ့'

'ဘယ်ရုံမှာ ပြတာလဲ'

'ခွီးလိုမှပဲ ရဲစခန်းထဲမှာ ထိုင်နေတာကွ၊ ဘာကိစ္စ ရုံမှာပြ ရမှာလဲ'

'စခန်းမှူး ဦးထွန်းမြင့်ဆိုတာ ဗွီဒီယို မဟုတ်ဘူးလား'

'ဘယ်ကလာ ဗွီဒီယိုကမှာလဲ လူကွ'

ရဲအုပ်ဘသာကတော့ ဗွီဒီယိုတော့

သို့ဖြင့် ကိုမြို့မှာရဲအုပ်ဘသာ ဓာတ်လမ်းကို နားထောင်ရတော့သည်။ နှစ်ခွေတွဲ ဖြစ်နေတာကြောင့် သန်းခေါင်ကျော်မှ ပြီးသည်။

ထိုသို့သော ဒဏ်ကိုခံရပါများသောကြောင့် ကိုမြို့ အတော်ပိန်လာသည်၊ အိပ်ရေးပျက်သည်မှာ လပေါက် ဖြစ်လာသည်၊ ထို့ကြောင့် သူငယ်ချင်းများနှင့် ဆုံလျှင် သူ့သူငယ်ချင်းများက

'ပိန်လှချည်းလား'

'အိပ်ရေးပျက်တယ်ကွာ၊ မတောက စကားအကြီးပေါတယ်၊ သူကနေ့ တစ်နေကုန် အိပ်တာဆိုတော့ ညကျ ပြောတော့တာပဲ'

'ညအိပ်ပျော်ချင်သလား'

'ပြောစမ်းပါဦး'

'အိပ်ဆေး ဝယ်သွား'

'မဆိုးဘူးကွ၊ အိပ်ဆေးသောက် အိပ်လိုက်ရင် ဟန်ကျမယ်'

'မင်းသောက်ရမှာ မဟုတ်ဘူးကွ၊ မင်းမိန်းမကို တိုက်ရမှာ ဒါမှ မင်းအိပ်လို့ရမှာ'

ထိုနေ့မှစ၍ ကိုမြို့သည် မတောအတွက် အိပ်ဆေးကို နေ့စဉ်ဝယ်ရလေတော့သတည်း၊ ဆေးဝယ်တိုင်းပြောရသည်မှာ

'ကျွန်တော် ည ည အိပ်မပျော်လို့'

'ကျွန်တော် မိန်းမ တိုက်ချင်လို့'

ဟူသတတ်။


သားသိ
သွားပြီ

# သားသိသွားပြီ

ကိုလှမြင့်နဲ့ မမူတို့မှာ အင်မတန် စပ်စုတတ်တဲ့ သားလေး တစ်ယောက်ရှိသတဲ့၊ ရှစ်နှစ်သားလောက် ရှိသေးပေမယ့်၊ အရွယ်နဲ့ မလိုက်အောင် သိချင်တဲ့ ကလေးဖြစ်တယ်။

'ဖေဖေ ဒုံးပျံဆိုတာ ဘာလဲ'

'ဒုံးပျံဆိုတာ အတောင်မပါဘဲ ကောင်းကင်မှာ ပျံတက်တဲ့ဟာပေါ့'

'ဟင် မေမေက ပြောတော့ လမ်းထိပ်က ဆံပင်ညှပ်ဆိုင်တဲ့'

ကိုလှမြင့် မမူကို မျက်စောင်းထိုး၏။ ကိုလှမြင့်သည် သူ့သားကို ပြီးစလွယ်ပြောပြခြင်းမျိုး လက်မခံ၊ စပ်စုတတ်သော ကလေးသည် မှတ်ဉာဏ်ကောင်းသည်ဟု သူကြားဖူး၍ သူ့သားမေးလျှင် တိတိကျကျ မှန်မှန်ကန်ကန် ပြောပြစေချင်သည်။ သို့နှယ် ပြီးစလွယ်ပြောသည့်အတွက် လင်မယား ခဏခဏ စကားများရဖူးသည်။

ယခုလည်း မိသားစု သုံးယောက်အတူ ထိုင်နေစဉ် သားဖြစ်သူက သူ့အမေကို မေးပြန်သည်။

'မေမေ'

'ဘာလဲသား'

'စစ်ဖြစ်တယ်ဆိုတာ ဘယ်လိုဖြစ်တာလဲဟင်၊ သားကိုပြောပြစမ်းပါ'

'စစ်ဖြစ်တယ်ဆိုတာ နိုင်ငံကြီး နှစ်နိုင်ငံ စကားများကြတာပေါ့ သားရယ်၊ ဥပမာ အမေရိကန်နဲ့အင်္ဂလန် စကားများတယ် ဆိုပါတော့'

'မင်းနယ်ကွာ အဓိပ္ပာယ်မရှိတာ၊ အမေရိကန်နဲ့အင်္ဂလန်က အလကား စကားများပါ့မလားကွ၊ သူတို့က ဝါဒတူနိုင်ငံတွေကွ'

'ကျုပ်က ဥပမာပြောတာပေါ့တော့၊ ကလေးပို သိသာလွယ်တဲ့ နံမည်နဲ့'

'ဟ မင်း ဥပမာက အမှားကြီးပဲ၊ ကလေးရဲ့ မှတ်ဉာဏ်မှာ တစ်လွဲကြေန် စမှတ်ခိုင်းသလိုဖြစ်တော့မှာပေါ့'

'ဒါ ကလေးထိန်းတာတော့၊ ရာဇဝင်သင်နေတာ မဟုတ်ဘူး၊ တော်ကရော ကလေးအကြောင်း ဘယ်လောက်များ သိလို့လဲ'

'ဟော့ မင်းထက် သိတယ်ကွ'

'တော်သိ တော် ပြောပါလားလး'

'ကလေးက မင်းကို မေးတာကွ'

'မေမေ မေမေ စစ်ဖြစ်တယ်ဆိုတာကို သားသိသွားပြီ၊

ဟု ပြောလိုက်လေသတည်း။

## တကယ်ပျောက်တဲ့ဆေး

မောင်လှနဲ့ မောင်မြ သူငယ်ချင်း နှစ်ယောက်တွေ့ကြတယ်၊

'အေ့ အေ့ အေ့'

'မောင်လှဟာ တစ်အေ့အေ့တဲ့ ကျွတ်ထိုးနေလို့'

'မင်း ဘယ်လို ဖြစ်တာလဲ တစ်အေ့အေ့နဲ့'

'မသိဘူး အေ့ မနေ့ကတည်းက အေ့ ထမင်းစားပြီး အေ့ တော့ အော့ ခုလို ဖြစ်နေတာ အေ့'

'ရေဝဝ မသောက်ဘူးလား'



အေ့ သောက်တယ် မပျောက် အေ့ ဘူးကွ’

‘ဒါဖြင့် မင်းမိန်းမ ငါ့ပေးမလား’

‘အေ့ မင်း ငါ့ကို အေ့ ဒေါ သဖြစ်အောင် အေ့ ပြောမှန်း သိတယ်၊ အေ့ ကျွတ်ထိုးက မရပ်အေ့ဘူးကွ’

‘ဒုက္ခပဲ ဒေါသဖြစ်လိုက်ရင်လဲ ကျွတ်ထိုးပျောက်သွားတယ် လို့ ကြားဖူးတာ မင်းက ဒေါသမဖြစ်ဘူးဆိုတော့’

‘အေ့ ဆရာဝန်ဆီ အေ့ သွားပြသေးတယ်၊ အေ့ ဆရာအေ့ က ဆေးမရှိဘူးတဲ့ အေ့’

‘အင်း အဲသလိုဆို ဝီစကီလေးပက်လောက် သောက် ပစ်လိုက်ကွာ အဲဒါဆိုရင်လဲ ပျောက်မှာပဲ’

‘အေ့ ငါဒီက အပြန် အေ့ ဝယ်သောက်လိုက်မယ် ေ အေ့ သွားဦးမယ် အေ့’

‘သွားတော့ သွားတော့ ငါညမှ မင်းဆီလာခဲ့မယ်’ လို့ ပြောပြီး သူငယ်ချင်း နှစ်ယောက် လမ်းခွဲခဲ့ကြတယ်။

ညရောက်တော့ မောင်လှအိမ်ကို မောင်မြရောက်သွားတယ်၊ အိမ်ထဲမဝင်ခင် ကတည်းက မောင်လှရဲ့ တအေ့အေ့နဲ့ ကျွတ်ထိုး နေတဲ့ အသံကို ကြားရသတဲ့၊ ဒါကြောင့်

‘ဟင် မင်းခုထိ မပျောက်သေးဘူးလား’

‘အေ့ ဟုတ်တယ်’

‘ဝီစကီ မသောက်ဘူးလား’

‘အေ့ သောက်တယ်ကွ ကျွတ်ထိုးတာ အေ့ မပျောက်ဘဲ ဝီစကီတွေသာ အေ့ ပျောက်သွားတယ် အေ့’

လို့ ဖြေလိုက်သတဲ့။



ကံချွန်

# ကြားဖူးနားဝ ဟာသပုံပြင်များ

၁